www.burmeseclassic.com

# မောင်လှမျိုး
(ချင်းချောင်းခြံ)

## လူပြည်ကအပ်နှစ်စင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၇၄၀၈၀၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၆၀၀၅
ထုတ်ဝေသည့်ကာလ - ၂၀၀၅ ခုနှစ်၊ ဇူလိုင်
စာအုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - မင်းမြင့်ခိုင်
ကွန်ပြူတာ - ပြည့်မိုး

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (၀၁၇၄၇)၊ စိန်သရဖူစာပေ
အမှတ် (၆၆)၊ (၆)လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (ရွှေခြင်္သေ့)ပုံနှိပ်တိုက်
၂၂၅၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
ပထမအကြိမ်

## ပြည်သူ့သဘောထား

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

**လူမှုရေးဦးတည်ချက် (၄) ရပ်**


**ပြည်ထောင်စုမပြိုကွဲရေး ဗွီအရေး**

ပြည်ထောင်စု မပြိုကွဲရေး — ဗွီအရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဗွီအရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဗွီအရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**


တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။


www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

# လှုပြည်ကာအပ်နှစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



၁။

သုံးယောက်နှင့် တစ်ယောက် ထိုးကြိတ်နေကြသည်မှာ ( ဘယ်သူမှန်သည် ဘယ်သူမှားသည် မသိသော်လည်း )၊ အင်အားချင်း, မမျှသောမြင်ကွင်းဟု ကျွန်တော်သတ်မှတ်လိုက်၏ ။

"ဟဲ့ . . . ဟဲ့ ။ မလုပ်ကြနဲ့လေ။မလုပ်ကြပါနဲ့။ လာကြဦး။ လုပ်ကြပါဦး"

ခံနေရသူက . . ကျွန်တော်နှင့် ရွယ်တူကောင်လေးတစ်ယောက်။သူ့နံဘေးမှ၊ အော်ဟစ်အကူအညီ တောင်းနေသည့် မိန်းကလေးမှာ၊ သူ၏နှမ (သို့မဟုတ်) သူ၏ အစ်မ ဖြစ်နိုင်သည်။ နိုင်ဇ နှင့် သောမတ်(စ) တို့ကို၊ ကျွန်တော် ကြည့်လိုက်သည်၊ သူတို့နှစ်ယောက်က,လည်း၊ ကျွန်တော့်ကို ပြန်ကြည့်ကြ၏ ။

ထို့နောက်, ကျွန်တော်တို့သုံးယောက်စလုံး ၊ မမျှတ,သော လမ်းဘေးရန်ပွဲအတွင်းသို့ ပြေးလွှားပါဝင်လိုက် ကြသည် ။

"ဟေ့ကောင်တွေ၊မင်းတို့နဲ့ဘာဆိုင်လို့လဲ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ"

ကျွန်တော်တို့သုံးယောက် အပြတ်အသတ် လက်စွမ်းပြလိုက်ကြသည် ။ ခုနက, အနိုင်ရခဲ့သောသုံးယောက်မှာ ၊ ရုပ်ရှင်တွေထဲက,လိုဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင်၊ ထွက်ပြေးသွားကြသည်တော့ မဟုတ်။ အထိုးအကြိတ်ရပ်လိုက်ကြပြီး၊ ကျွန်တော်တို့နှင့်စကားလာပြောကြသည် ။ ရန်ပြုကြမ်းတမ်းဦးမည့် လေသံမျိုး မဟုတ်သော်လည်း ၊ သိပ်ပြီးကျေနပ်ပုံတော့မရကြ။

"မင်းတို့နဲ့မဆိုင်ဘူးလေကွာ။ဘာလို့ ဝင်ပါတာလဲ။ မင်းတို့ ဘာသိလို့လဲ "

ကျွန်တော့်ထက် ( နှစ် )နှစ်, (သုံး)နှစ်လောက်ကြီးမည့်သူတစ်ယောက်က၊ လက်ထဲရှိအုတ်ခဲပိုင်းကို၊ လွှင့်ပစ်လိုက်ပြီးပြောသည်။

ကျွန်တော်က . . . ,

"သားကြီး။မင်းတို့ ဘာဖြစ်ကြတာလဲတော့၊ ငါတို့မသိဘူး။ဒါပေမဲ့ ,အင်အားမမျှဘူးလေ။

အဲဒါကြောင့် , ငါတို့ ဝင်ပါတာ မကျေနပ်ရင် ဆောရီးပဲ "





"သားကြီး ။ မင်း , စကားက၊ မလန်းဘူးကွာ"

နောက်တစ်ယောက်က၊ ဝင်ပြောရင်း . . . ၊ ခပ်လှမ်းလှမ်းတွင် ရှိနေသေးသော၊ ဟိုနှစ်ယောက်ဘက်သို့ လက်ညှိုးထိုးကာ . . .

" ဒီကောင့် အကြောင်း၊ မင်းဘယ်လောက်သိလို့လဲ။

အင်အားမျှသည်ဖြစ်စေ မမျှသည်ဖြစ်စေ။ အမှန်အမှားတော့၊ မင်းတို့ သိသင့်တာပေါ့"

အကြောင်းရင်း တစ်ခုခုတော့ ရှိနေပေမည် . . . ဟု၊ ကျွန်တော် မျှတ,စွာ တွေးဖြစ်လိုက်သည်။ ထို့ကြောင့် , လေသံဖျော့လျက် ၊ တောင်းပန်စကား ဆိုဖြစ်၏။

"အေးကွာ။အဲဒါတော့ ၊ မတွေးလိုက်မိဘူး။ စိတ်မရှိနဲ့။ ဒါပေမဲ့ . . . လောလောဆယ်တော့ လျှော်ပေးလိုက်ပါကွာ။

ဘေးနားမှာလည်း ၊ မိန်းကလေးပါနေတယ်။"

"သားကြီး။ မင်း, ဟိုဘက်ရပ်ကွက်က ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ဘော်ဒါကတ္တာနဲ့လျှော်ပေးလိုက်မယ်။
မင်းတို့နဲ့ ငြိစရာအကြောင်းမရှိဘူး။ မင်းတို့
ထိုင်နေကျ လက်ဘက်ရည်ဆိုင်ကို ၊ ငါ သိတယ်။
အဲဒီကောင်အကြောင်း၊ နောက်မှ လာပြောပြမယ်။
ပြောပြပြီးရင်၊ အဲဒီလိုကောင်မျိုးကို၊ မင်းတို့ . .
ခွင့်လွှတ်သင့်မလွှတ်သင့်၊ စဉ်းစားကြပေါ့ကွာ"

ပြောပြီး၊ ကျွန်တော်တို့နှင့်၊ လက်ဝါးချင်းရိုက်ကာ၊ထွက်သွားကြလေသည်။ ကျွန်တော်တို့တတွေက၊ တစ်ယောက်နှင့်တစ်ယောက် အမည်မသိကြလျှင်၊ တစ်ဦးကိုတစ်ဦး "သားကြီး" . . ဟု၊ ခေါ်ဖြစ်ကြလေ၏။ နာမည်တွေကိုမမေးမြန်းလိုက်မိသော်လည်း၊ မျက်နှာတွေကို၊ ကျွန်တော် မှတ်မိသည်။ "သူတို့အချင်းချင်း ၊ ဘာအငြိရှိလဲ မသိဘူးနော်". . . ဟု၊ သောမတ်(စ) ပြော၏။ "ဟိုနှစ်ယောက်ကိုမေးကြည့်မလား". . ဟု၊ နိုင်ဇ ၊ ကျွန်တော့်ကို ပြောသည်။"မမေးပါနဲ့တော့". . ဟု၊ ကျွန်တော်ပြန်ပြောလိုက်သည်။ ထိုစဉ်၊အနားသို့ရောက်လာကြ၏။

"ကျေးဇူးပဲနော်။ဘာမပြောညာမပြောနဲ့၊
ဝိုင်းထိုးကြတာ"





"ရပါတယ်". . ဟုသာ၊ ကျွန်တော် ပြောဖြစ်သည်။ ထိုမိန်းကလေးကို၊ နိုင်ဇကာ၊ တစ်ချက်မျှသာကြည့်ပြီး၊ ပွန်းပဲ့နေသောကောင် ဘက်သို့လှည့်ကာ၊" ရန်စရှိကြလို့လား". . ဟု၊ မေး၏ ။ "မရှိပါဘူး". . ဟု၊ ဖြေသည် ။ နှစ်ယောက်စလုံးကို၊လက်ပြ၍သာ "လစ်ပြီ". . ဟု ၊ ကျွန်တော်ပြောခဲ့၏ ။



www.burmeseclassic.com

www.burmeseclassic.com



၂။

"ငါ့နှာမည်က ၊ စိန်တိုး။ ဒါက. . ငါ့အစ်ကို၊ ကိုကျော်ဘ။ သူက. . , ကျော်ငွေးအောင်။ မနေ့က ဖြစ်တာ သူ့ကိစ္စ။ သူ့ကိစ္စဆိုတာထက်၊ 'သူ့အိမ် တွင်းရေးဆိုပါတော့ကွာ။

မင်းတို့ . . ဘုမသိ,ဘမသိ ဝင်ပါလိုက်တာ၊ ဟိုကောင်ဒဲ တော်တော်သက်သာသွားတယ်။

အဲဒီကောင်နှာမည်က မင်းညာဏ်. . တဲ့။ အဲဒီကောင်, လူယုတ်မာ။ အဲဒါကို မင်းတို့ . . မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အသေမသတ်ရဲပေမဲ့ အကျိုးအကန်းလောက်တော့ ငါတို့လုပ်ချင်တယ်"

"ဘာပြဿနာဖြစ်တာလဲတော့ ငါတို့မသိဘူး။ အနားမှာ၊ မိန်းကလေးတစ်ယောက်လည်း၊ ရှိနေတယ်။ ပြီးတော့. . သုံးယောက်တစ်ယောက်ဆိုတော့၊ ငါတို့ ဝင်ပါမိတာ။ အဲဒီအတွက် တောင်းပန်တယ်ကွာ"

ကျွန်တော် နူးနူးညွတ်ညွတ် ပြောလိုက်သည်။ စိန်တိုးက. : "ရပါတယ်". . ဟု၊ ပြော၏။ ထို့နောက်၊ ကျွန်တော်က. . . ,

"ငါ့နာမည်က. . မင်းရန်နိုင်။ ဒီကောင်က၊ သောမတ်(စ)။ဒီဘက်ကကောင်က၊ နိုင်ဇ။ အခု. . မင်းပြောတဲ့ကိစ္စနဲ့ ပတ်သက်ပြီး၊ ငါတို့ ဘာလုပ်ပေးရမလဲ။မင်းတို့ဘက်က၊ တော်တော်နစ်နာသွားတယ်ဆိုရင်၊ ငါတို့ တစ်ခုခုပြန်လုပ်ပေးချင်တယ်။ ဘာကူညီရမလဲ"

"အကူအညီမလိုဘူးကွ။ မနှောင့်ယှက်စေချင်တာတစ်ခုတည်းပဲ။





မင်းတို့နဲ့၊ အဲဒီကောင် မင်းညဏ်နဲ့၊ ဘာမှ မပတ်သက်ဘူးမဟုတ်လား"

"အေး။ ဘာမှမပတ်သက်ဘူး"

"ဒါဆိုရင်၊ မင်းတို့ -လုံး၀. . ဝင်မပါ,ပါနဲ့ လားကွာ"

ကျွန်တော်, အေးဆေးစွာခေါင်းညိတ်လိုက်သည် ။ပြီးမှ-

"စပ်စုတယ်လို့တော့ မထင်နဲ့ ။ မင်းတို့ကျိုင်က, တော်တော်ကြီးလို့လား"

စိန်တိုးက၊ ကျော်ဌေးအောင်ဘက်သို့ တစ်ချက်လှည့်ကြည့်ပြီးနောက်. . ,

"ဒီကောင် ကာယကံရှင်ပဲ။ ဒီကောင်ပြောပြလိမ့်မယ်"

ကျော်ဌေးအောင်ဆိုသူက၊ ဒေါသ,စိတ်ကို ဖွဖွထိန်းလျက်-

"အဲဒီ မင်းညဏ်ဆိုတဲ့ကောင်၊ ငါ့နှမ,ကို၊ လွန်ခဲ့တဲ့ နှစ်လ,လောက်က၊ ခိုးပြေးဖူးတယ်ကွ။ သုံးရက်လောက်ပဲ ကြာတယ်။ ငါ့နှမ, အိမ်ပြန်ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်က ရှာတွေ့ပြီး၊ ပြန်လွှတ်လိုက်တဲ့ သဘောပေါ့ကွာ။ ဒီကောင်ရဲ့မိသားစုက၊ ငါတို့ ထက်အများကြီးချမ်းသာတာပေါ့ကွာ။ ငါ့အမေက၊ အကြော်ကြော်တယ်။ ငါ့နှမ,က၊ အကြော်ရောင်း တယ်။ငါက, အကြော်ပို့တယ်။

အကြော်သည် မိသားစုကို၊ သူတို့က .. ဂရုမစိုက်တဲ့ ဒီဗိုင်းပေါ့ကွာ။

ငါ့နှမ,ကို၊ မယူလို့ ငါတင်းတာမဟုတ်ဘူး။ ဒီကောင် .. တခြားမှာ၊ အဲဒီလိုကျူးလွန်တာ၊ သုံး လေးခါမကတော့ဘူး။ ငါ .. အဲဒါကိုတင်းတာ"

"မင်း,အဖေကရော" .. ဟု၊ ကျွန်တော် မေးလိုက်သည်။

ကျော်ဋ္ဌေးအောင်က ..,

"ငါ့အဖေက ရှပ်ကီမန်း(န်)။ ဘာမှ မသိဘူး။ ငါ့အမေကလည်း၊ ဘာပြောနိုင်မှာလဲ။

အခု .. ဒီကောင့်ကို၊ သူ့မိဘက၊ နိုင်ငံခြား ပို့ဖို့ စီစဉ်နေတယ်။ငါ့နှမ အတွက်ရော၊ ငါ့နှမ, လို၊ မိန်းကလေးတွေ အတွက်ရော၊ ငါ .. ဒီကောင့်





ကို သမ,ချင်တယ်"

"ကောင်းကောင်းမွန်မွန် ညှိနှိုင်းပြီးပြီလား" ... ဟု၊ ကျွန်တော် စကားဖြတ်မေးလိုက်သည်။ "လူပါး၀,တဲ့ကောင်ကို၊ ဘာညှိနှိုင်းစရာလိုလဲကွာ" .. ဟု၊ ကျော်ဋ္ဌေးအောင်၊ ပြော၏ ။

ကိုကျော်ဘ ဆိုသူက. .,

"အဲဒီ မင်းဉာဏ်ဆိုတဲ့ကောင်က၊ သူတစ်ပါး အပေါ်သာ စည်းကမ်း မရှိတာ။ သူ့အစ်မ,ကို ကျတော့၊ တော်တော် သိတတ်တယ်။ ဘယ်သူ့မှ၊ အကြည့်မခံဘူး။ မနေ့က ကောင်မလေးက၊သူ့အစ်မ, ပေါ့။ ဘေးမှာ မိန်းကလေးရှိနေလို့ ဒီကောင် သက်သာသွားတာ"

ကျွန်တော်က ...,

"သူ့အမှားက၊ ကိုယ့်အမှားဖြစ်သွားတတ် တယ်နော်။အဲဒါဆို၊ ကိုယ်နစ်နာတယ်။

တခြားနည်း စဉ်းစားပါဦးလား။ ဥပမာ- သက်ဆိုင်ရာကိုတိုင်တန်းတာမျိုးပေါ့"

ကျော်ဋ္ဌေးအောင်က,



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို၊ ငါ့နှမကိုယူစေချင်သလိုဖြစ်သွားမှာပေါ့။ ငါဖြစ်ချင်တာ၊ အဲဒါမဟုတ်ဘူး။ အဲဒီလိုကောင်မျိုးကို၊ကျိုးကန်းသွားစေချင်တာ။ ထောင်မကျဘူးဆိုရင်၊ အသေတောင်သတ်ချင်တာ"

"ကြားရတာ၊ ငါ စိတ်မကောင်းဘူးကွာ။ ဒေါသ,လည်းဖြစ်တယ်။ ဘာမှန်းညာမှန်း မသိဘဲနဲ့၊ ဝင်စွက်ဖက်မိတာ၊ အားလုံးရဲ့ကိုယ်စား ငါတောင်းပန်ပါတယ်ကွာ။ ငါတို့က၊ ဟေးလားဟားလားကောင်တွေပါ။ တိုင်းပြည်ခေါင်းဆောင်ရေ တော့မဟုတ်ပါဘူး။ ဒါပေမဲ့ . . ,ခွေးချင်းကိုက်တာတောင်၊ အင်အားမမျှရင် ဝင်ပြီး ခဲနဲ့ထုချင်တဲ့ကောင်တွေ။

အခု မင်းကိစ္စကိုလည်း၊ ငါတို့ ဝင်ကူညီချင်တယ်။ငွေကြေးချမ်းသာတဲ့လူတချို့က၊ ဆင်းရဲတဲ့သူဆိုရင်၊ သူတို့ရဲ့ ဓနအင်အားနဲ့၊ အနိုင်ကျင့်တတ်ကြတယ်။ငါ, အဲဒါကိုမခံနိုင်ဘူး။ ငါလည်းဆင်းရဲသားပဲ။





မင်းက၊ယောက်ျားပီပီသသ, တီးထည့်လိုက်လို့ သွေးထွက်သံယိုဖြစ်သွားရင်တောင်၊ အဲဒီ့, သွေးထွက်သံယိုမှုနဲ့ မင်းကို အချုပ်ထဲ ထည့်ကြမှာ။ သူတို့ဘက်က ကျူးလွန်ထားတဲ့ကိစ္စ ဘေးကိုရောက်သွားလိမ့်မယ် "

ကျော်ငွေအောင်က. . "ငါ, လုပ်ရဲရင် ခံရဲပါတယ်". . ဟု၊ ပြော၏။ "လုပ်ရဲပြီး မခံရဲတဲ့ကောင်တွေက၊ ကလိန်ကကျစ် လုပ်တတ်တယ်ကွ". . ဟု၊ ကျွန်တော် ပြောပြလိုက်သည်။ နိုင်ဇ, က. . "အဲဒီ့ကောင်ရဲ့ မိဘက ၊တော်တော်ချမ်းသာလို့လား". . ဟု၊ ကျော်ငွေအောင်ကိုမေး၏ ။ "ငါတို့ထက်စာရင်တော့၊ချမ်းသာ. တာပေါ့။တွင်ခုံလုပ်ငန်းလုပ်တယ်". . ဟု၊ ကျော်ငွေအောင် ပြောပြသည် ။

"မင်းညာဏ်မှာ၊ မွေးချင်းဘယ်နှစ်ယောက် ရှိလဲ"

"သူနဲ့ , သူ့အစ်မနဲ့၊ နှစ်ယောက်တည်းပဲ"

"သူ့အစ်မ,နာမည် မင်းသိလား"

"သိတယ်။ သဇင်နီ . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကောင်မလေးက,တော့၊ အေးပါတယ်။ မောင်
လုပ်တဲ့ကောင်က, သာ၊ အကျင့်မကောင်းတာ"

"မင်းတို့နဲ့ တစ်ရပ်ကွက်တည်းပေါ့"

"အေး"

"အဖေ အမေ နာမည်ရော။သိလား"

"သိတာပေါ့။ ဦးသိန်းငွေ ဒေါ်သောင်းလှိုင်။
ရပ်ကွက်မျက်နှာဖုံးတွေပေါ့ကွာ"

"ဘာဖြစ်လို့ နာမည်တွေ မေးနေတာလဲ" . . . ဟု၊ သောမတ်(စ)က, နိုင်ဇ,ကို လှမ်းမေးသည် ။ နိုင်ဇ ,က-

"အခွင့်ကြုံလို့ ၊ တစ်အိမ်လုံးကို ဆုံးမ,ခွင့်
ရတဲ့အခါ၊ တစ်ယောက်ယောက်ကျန်ခဲ့မှာစိုးလို့၊
လူစုံအောင်မေးထားတာ။ဖြစ်နိုင်ရင်၊တစ်ဆွေလုံး
တစ်မျိုးလုံးရဲ့ နာမည်စာရင်းကို၊ လိုက်ကောက်.
ထားချင်တယ်။

ဘုရင်ဖြစ်တော့လည်း၊ ကျူပင်ခုတ်,ကျူငုတ်
မကျန် သတ်စေ. . လို့၊ အမိန့်ပေးလိုက်မှာပေါ့ကွာ။
လူဆိုးဗိုလ်ကြီးဖြစ်တော့လည်း၊ တစ်မျိုးလုံး, တစ်





ဆွေလုံးပြာကျအောင်၊ မီးလောင်တိုက် သွင်းပစ်
လိုက်ချင်လို့ပေါ့ကွာ"

နိုင်ဇ,၏ ၊ အရှိန်ပြင်းဒေါသ,စကားလုံးများကို၊ ကျွန်တော်အပါအဝင်၊ ကြားရသူ အားလုံး၊ နှစ်သက်မိကြလေ၏ ။

ကျွန်တော်က၊ အားလုံးကို ဝေ့ကာနဲ့ကြည့်ပြီးမှ ၊ နိုင်ဇ, ဘက်သို့ လှည့်ကာ . .

"ခြေမ, မကောင်း . . ခြေမ။ လက်မ,
မကောင်း . . လက်မ။ ခွဲခြားတာ၊ ပိုပြီးယောက်ျား
ပီသ,ပါတယ်ကွာ။သူက, ပျော့ပျော့စိစိနဲ့ ယုတ်မာ
တာကို၊ ကိုယ်က . . ကြမ်းကြမ်းတမ်းတမ်း ရက်စက်
လိုက်ရင်၊ ယုတ်မာတဲ့ကောင် အနိုင်ရသွားတတ်
တယ်။

ငါတို့ . . သွေးအေးအေးနဲ့ စဉ်းစားကြရင်၊
မကောင်းဘူးလား"

"ငါ . . ,မင်းတို့အကူအညီ မလိုချင်ပါဘူးကွာ" . . ဟု၊ ကျော်ငွေအောင်က၊ အားနာသံဖြင့် ပြောသည်။ "မလိုချင်ဆို ရေတော့ဘူး၊ သူငယ်ချင်း။ အမှန်တရားလည်း မပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ မှားတဲ့သူလည်း မတရားမလုပ်နိုင်အောင်၊ ငါတို့ . . . စုစည်းနေဖို့လိုတယ်". . ဟု၊ တွေးဆ ထိန်းသိမ်းစွာ ကျွန်တော် ပြောသည် ။





ကြားရသည့် သတင်းစကားကြောင့်၊ ကျွန်တော်တို့ သုံးယောက်စလုံး အံ့သြကြရလေသည် ။

"အမိပ္ပါယ် မရှိဘူး". . ဟု၊ သောမတ်(စ) ပြော၏။ "ငါတို့ ကျော်ဌေးအောင်အိမ်ကို သွားမေးကြည့်မလား". . ဟု၊ ကျွန်တော် ပြောသည်။ "အိမ်မှမသိတာ". . ဟု၊ နိုင်ဇ, ပြောသည်။ "ဟိုမေး ဒီမေး၊ မေးမှာပေါ့". . ဟု၊ ကျွန်တော် ပြောလိုက်သည်။ ကိုယ်နှင့် ဘာမျှမဆိုင်ဘဲ၊ ဒေါသ, စိတ်ဖြစ်ရ၏ ။



www.burmeseclassic.com

www.burmeseclassic.com



မေးရင်းမြန်းရင်းဖြင့်၊ ကျော်ဋ္ဌေးအောင်၏ အိမ်ကို သိရသည် ။အိမ်တွင် ၊ မည်သူမျှ မရှိ ။ အကြော်ဖိုတွင်၊ သူ့ အမေနှင့် သူ့ နှမ,ရှိလိမ့်မည်ဟု၊ အိမ်နီးချင်းတွေ ပြောသည်။ရပ်ကွက်၏, အစွန်ပိုင်းတွင်၊ အကြော်တဲတစ်တဲကို တွေ့သည်။ "အဒေါ်၊ ကျွန်တော်တို့ ,ကျော်ဋ္ဌေးအောင်ရဲ့ သူငယ်ချင်းတွေပါ" . . ဟု၊ ပြောရင်း၊ တဲအတွင်းသို့ ဝင်လိုက်၏ ။ အကြော်တွေကို၊ စီရီနေသည့် ကောင်မ,လေးတစ်ယောက်ကို ၊တွေ့၏ ။ကျော်ဋ္ဌေးအောင်၏, နှမ ဖြစ်ပေမည်။

"ကျွန်တော့်နာမည် မင်းရန်နိုင်။ သူက,
နိုင်ဇ။ သူက,သောမတ်(စ)"

အမည်များကို ပြောပြ မိတ်ဆက်ပြီး-

"သတင်းကြားလို့၊ လာတာ။ ဘယ်လိုဖြစ်
တာလဲ သိချင်လို့"

ပြောရင်းမှ၊ ကျော်ဋ္ဌေးအောင်၏, နှမကို၊ တစ်ချက်ကြည့်မိသည်။ သိမ်ငယ်စွာ ဦးငုံ့နေရှာ၏။ ကျော်ဋ္ဌေးအောင်၏, မိခင်က. . . ၊ အကြော်များကိုလှန်လှောရင်း . . . ,

"အဒေါ် သားရော၊ စိန်တိုးရော၊ ကျော်ဘ,





ရော။ အချုပ်ထဲမှာ။ ရိုက်မှုဆိုလား။ သွေးထွက်သံယိုမှုဆိုလား။လက်ရောက်မှုဆိုလား။အဲဒီပုဒ်မ,နဲ့၊ အဖမ်းခံထားရတယ်"

"အဒေါ် ဘာစီစဉ်ထားလဲ"

"အချုပ်ထဲ ထမင်းသွားပို့တယ်လေ။ရုံးတင်တဲ့နေ့ကျတော့၊ ရုံးလိုက်သွားရုံပေါ့"

"မနေ့ညက,မှ၊အဖမ်းခံရတာမဟုတ်လား"

"အေး"

"တရားလိုဘက်ကို တောင်းပန်လိုက်လို့၊ သူတို့ဘက်က, ကျေအေးရင်၊ တရားရုံးမရောက်တော့ဘူးပေါ့ အဒေါ်ရဲ့"

"မနက်က၊ ကျော်ဋ္ဌေးအောင်မှာလိုက်တယ်။ လုံးဝ . . သွားမတောင်းပန်ပါနဲ့တဲ့"

ဝမ်းနည်းတုန်ရင်စွာပြောသော . . စကား ။ကျွန်တော်က,

"သူမှာတဲ့အတိုင်းလုပ်လို့ မဖြစ်ဘူးလေ . . အဒေါ်ရဲ့။ကိုယ့်ဘက်က မလိုအပ်ဘဲ မထိခိုက်စေချင်ဘူး။ ညနေကျရင်၊ ကျွန်တော်တို့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပို့လိုက်မယ်။ ပြီးတော့ ... ပို့စရာရှိတဲ့အကြော်တွေလည်း၊ ကျွန်တော်တို့ ပို့ပေးမယ်။ ဘာမှအားမနာပါနဲ့"

"ရပါတယ်သားရယ်။ အဒေါ်သမီး ပို့ပါလိမ့်မယ်"

"ဒီကော်င်မ,လေးပို့တော့၊ နေးမှာပေါ့။ ကျွန်တော့်ကို၊ ပို့ရမယ့် နေရာတွေသာပြောပါ။

ဒီက, နိုင်ဇ နဲ့၊ သောမတ်(စ) ..တို့က၊ ကျော်ဌေးအောင်တို့ ကိစ္စအတွက်၊ ကူညီနိုင်မယ့်, ကိုကျော်ထူး ဆိုတဲ့၊ ကျွန်တော်တို့အသိ ရှေ့နေတစ်ယောက်ဆီသွားလိမ့်မယ်။

အဒေါ် စိတ်အေးအေးထား။ဘာအတွက်မှမပူနဲ့။ငွေကြေးအတွက်လည်းမပူနဲ့။

ကျွန်တော်တို့ လူချမ်းသာတွေမဟုတ်ပါဘူး။ ဒါပေမဲ့ .. စေတနာချမ်းသာတယ်။သတ္တိချမ်းသာတယ်။

ငွေ ချမ်းသာတိုင်း အနိုင်ရကြကြေးဆိုရင်၊





ဥပဒေဆိုတာ၊ ကမ္ဘာပေါ်မှာ ဘယ်ရှိပါတော့မလဲ"

ခေါင်းတညိတ်ညိတ်ဖြင့်၊ နားထောင်နေရှာ၏ ။ ဆီညှိ ...က်နေသော စားပွဲခုံအနီးရှိ၊ စက်ဘီးအဟောင်းတစ်စီးကို၊ နေရာ ...ရင်း,"ညနေ လေးနာရီ မင်းတို့နဲ့ ငါ, ဒီမှာပြန်ဆုံကြမယ်" .. ဟု၊ ...င်ဇ,နှင့်သောမတ်(စ)တို့ကို၊ မှာကြားလိုက်သည်။ ပြီးနောက် .., ...န်တော်တို့၏ နေရပ်လိပ်စာတွေကို၊ကျော်ဌေးအောင်၏မိခင်နှင့် ...မ,အား၊သေသေချာချာပြောပြသည် ။ကျွန်တော့် ကျောင်းသား ...ဒ်ကို၊ စားပွဲခုံပေါ်မှာ တင်ပြလိုက်သည်။ "အဒေါ် ယုံပါတယ် ...ားရယ်။ တကူးတက လာကူညီတာပဲ။ မယုံစရာအကြောင်းမရှိ ...ဘူး။ ကဒ်ပြား ပြန်သိမ်းထားပါ။ အဒေါ်နာမည် ဒေါ်မြဌေး။ ...မီးနာမည်က, မြမြမူ ..တဲ့" .. ဟုကျော်ဌေးအောင်၏ မိခင်က၊ ...ာလျှလျှပြုံးလျက် ပြောပြလေသည်။ အကြော်ပို့ဖို့၊ ကျွန်တော် ...င်ဆင်၏ ။သားအမိနှစ်ယောက်၊ကျွန်တော့်ကို တားကြသေးသည်။



"တောင်းပန်တဲ့အလုပ်ကို၊ ငါမလုပ်ပါရစေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကွာ။ ငါ့အမေကိုလည်း၊ မလုပ်ခိုင်းပါနဲ့ ။

ပွန်းရုံပဲရှိကို၊ ပုံကြီးချဲ့ပြီးတိုင်တန်းတဲ့ကိစ္စ၊ ထောင်ဆယ်ခါပြန်ကျသွားစမ်းပါစေ။ ငါ့အကျခံလိုက်မယ်။ ပြန်ထွက်လာလို့က,တော့ . . "

ကျော်ငွေအောင်က ၊ အံသွားများကိုသာ ဖိကြိတ်ထားတော့သည်။ စကားမဆက်တော့ဘဲ ၊ နှစ်ယောက်အကြားရှိ သံတိုင်ကိုသာဆုတ်ကိုင် ဖြစ်ညှစ်လေ၏။ ကျွန်တော်က၊ သူ့လက်ကို ဖွဖွကုတ်ပြီး . . . ,

"စိန်တိုးတို့၊ ညီအစ်ကိုနှစ်ယောက်ကိုလည်း ငဲ့ဦးလေကွာ။ ပြီးတော့. . , တောင်းပန်တယ်ဆိုတာလည်း၊ ဒူးထောက် တောင်းပန်တာမျိုးမှ မဟုတ်တာ။ ဝန်ခံလက်မှတ် ထိုးလိုက်ရုံပါပဲ။မင်း . . . , မငြင်းပါနဲ့ကွာ"

စိန်တိုးနှင့်၊ သူ့အစ်ကို (ကို)ကျော်ဘ,က၊ ဘာမျှဝင်မပြောဘဲ၊ ကျော်ငွေအောင်၏ စကားသံကိုသာ၊ နားစွင့်နေကြသည်။

ကျွန်တော်က . . .

"ငါတို့အသိ၊ ရွှေနေ-ကိုကျော်ထူးက၊ လူမှုရေးအရ တောင်းပန်ညှိနှိုင်းထားပြီးပြီ။

မနေ့က,ရော ၊ ဒီနေ့ရော။ ရုံးပိတ်ရက်မို့ ၊ တရားရုံးကို အမှုတွဲ မတင်ရ,သေးဘူး။ နောက်နောင်၊ ဒီလိုမလုပ်တော့ပါဘူးဆိုပြီး၊ လက်မှတ်ထိုးလိုက်ရင်။ပြီးပြီ။ဒါလေးပဲ "

ကျော်ငွေအောင်က . . , လေသံမှုဖြင့် -

"သူတို့ဘက်က, ကျူးလွန်ထားတဲ့ ၊ ယုတ်မာမှုကိုကျတော့ ၊ ဘယ်သူ , အရေးယူပေးမှာလဲ။ ဒါ . . ဟို တိရစ္ဆာန်မိသားစု၊ ကလိန်ကျနေတာ။ မြေနိမ့်ရာကို ၊လှံစိုက်နေတာ။

အဲဒါကို၊ မင်းသိရဲ့သားနဲ့ ကွာ။ သူပိုင်ရင် သူချ။ ငါပိုင်ရင် ငါချ။ ငါ,အဲဒါပဲ စိတ်ဝင်စားတယ်။ အခု ၊ သူတို့ , ပိုင်ရင်၊ ငါ့ကို အနိုင်ချ။ ငါ, ပိုင်လို့ ၊ ငါ, နိုင်ရင်လည်း၊ ငါ . . အသေချမယ်။ ဒါပဲ "

နိုင်ဇ , နှင့် သောမတ်(စ)တို့ ၊နှစ်ယောက်, ရွှေနေ-ကိုကျော်ထူးနှင့်၊ အလုပ်ရှုပ်နေကြဟန်တူသည် ။အရိပ်အရောင်မှု ၊







www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရသေး။ ကျွန်တော် ၊ ကျော်ဋ္ဌေးအောင် အနားသို့ ပိုတိုးလိုက်သည် ။ ပြီးမှ ၊ စကားသံတိုးပြတ်စွာဖြင့် ,

"ကျော်ဋ္ဌေးအောင်။ မင်း,ဘာလုပ်ချင်သလဲ။

မင်း , အချုပ်ထဲ ထောင်ထဲမှာ ၊ ရောက်နေရ,ရင်တော့။ မင်း,လုပ်ချင်တာ၊ ဘာမှ လုပ်လို့မရတော့ဘူး။ ငါ, ဘာကိုဆိုလိုတယ် ဆိုတာ၊ သဘောပေါက်ရင်၊ မင်း , ငါခိုင်းတာ၊ လုပ်လိုက်စမ်းပါကွာ။ မင်းတို့နဲ့၊ ငါတို့ ခင်တာ၊ ဘာကြာသေးလို့လဲ။ ဘာမှ မကြာသေးဘဲနဲ့ ၊ ငါတို့ဒီလောက်အသည်းအသန်ကူညီနေတာကိုထောက်ရင်။ ငါတို့, စိတ်ထဲမှာလည်း၊ မင်းတို့ထက် မလျော့တဲ့၊ ဒေါသ, တစ်ခုခု၊ ရှိလို့ပေါ့ကွ။သူများလက်ခုပ်ထဲက 'ရေ ,ဆိုတာ ၊ လှိုင်းထ, နေလို့မဖြစ်ဘူး။ ငြိမ်ငြိမ်လေးနေရတယ်။ ငွေတို့ , ဂုဏ်တို့ , အာဏာတို့ ,မရှိရင်၊ ဉာဏ်ရှိရတယ်။

ဉာဏ် ဆိုတာ ။ သတ္တိ ဗျတ္တိ အားလုံးရဲ့ ၊ အခြေခံ အရည်အချင်းပဲ။ ဉာဏ်ရှိချင်ရင် ၊ ဒေါသ,





လျှော့လိုက်စမ်းပါ သူငယ်ချင်းရာ . ."

ကျော်ဋ္ဌေးအောင် ဖြည်းညင်းစွာ ခေါင်းညိတ်လေသည်။ ကျွန်တော် . . . ,သက်ပြင်းငွေ့ငွေ့၊ ချရ၏ ။

ရှေ့နေ ကိုကျော်ထူး၏ ဆောင်ရွက်ပေးခြင်းကြောင့် ၊ ကျော်ဋ္ဌေးအောင်တို့ သုံးယောက်စလုံး၏ အမှုသည် ၊ တရားရုံးသို့ မရောက်ဖြစ်။ အသွားအလာ မလွတ်လပ်သော၊ ကတိခံဝန်ချက်မျိုးတော့၊ ပေးလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သေးတဲ့အမှုပ,ပျောက်အောင် ဆိုတဲ့၊ စေတနာလေး။ စခန်းမှူးမှာ၊ ရှိလို့တော်သေးတာပေါ့". . ဟုကိုကျော်ထူးပြောသည်။ "အစ်ကို့ကိုရော မင်းရန်နိုင်တို့ကိုရော ကျွန်တော်. . . အရမ်း ကျေးဇူးတင်ပါတယ်". . ဟုကျော်ဌေးအောင်ပြော၏။ စိန်တိုးနှင့် (ကို)ကျော်ဘ,တို့က,လည်း၊ကျေးဇူးတင်စကား၊ပြောကြသေး၏။

ကိုကျော်ထူးက . . . ,

"ကျေးဇူးတင်တယ်ဆိုညီလေးတို့၊ဘာ. . . ပြဿနာမှ ထပ်မလုပ်နဲ့တော့။ဦးသိန်းငွေ ဆိုတဲ့ လူက ၊ခြေလှမ်းကျဲပုံရတယ်။ ငါ,တော်တော်ညှိ ရတယ်။

ဒီ, အတောအတွင်း၊ သူ့သား မင်းညာဏ်ကို၊ တခြားတစ်ယောက်ယောက်က၊ တစ်ခုခုလုပ်သွား ရင်တောင်၊ မင်းတို့ပဲ ပြဿနာတက်မှာ။

အဲဒါကြောင့် , မင်းတို့ အားလုံး၊ငြိမ်ငြိမ်နေ ကြပါ။ မကျေနပ်တာတွေ, မခံချင်စိတ်တွေ၊ခဏ ရပ်ထား"

ကာယကံရှင် ကျော်ဌေးအောင် သာမက။ ကျွန်တော့်





ရှေ့က်နှာပေါ်၌လည်း၊ မကျေချမ်းသော အရိပ်အရောင်တွေ၊ ယှက်သန်းနေပေလိမ့်မည် ။ ဒါကို, ကိုကျော်ထူး သိပေ၏ ။

ထို့ကြောင့်, ကိုကျော်ထူးက . . ,

"ကိုယ်မှန်တယ်ဆိုပြီး အနိုင်ယူဖို့ မစဉ်းစား ကြနဲ့ ညီလေးတို့။ကိုယ်နစ်နာပေမဲ့၊ တစ်ဖက်သား က၊ ညာတာမယ်လည်း၊ မထင်နဲ့ ။

သူလည်းလူ၊ ကိုယ်လည်းလူ။ကိုယ့်လူ, မှားမှားမှန်မှန်။ကိုယ့်လူ အနိုင်ရစေချင်တာ၊ လူ့ သဘော၊ လူ့သဘာဝ,ပဲ။ဒါပေမဲ့ , ကိုယ့်မှာ . . . ဘာအင်အားမှမရှိသေးဘဲ။ မခံချင်စိတ် တစ်ခု တည်းနဲ့ ၊ ဘယ်လိုလူမျိုးကိုမှ မယှဉ်ပြိုင်သင့်ဘူး"

ကျော်ဌေးအောင်က ၊ခေါင်းငိုက်စိုက်ချထားရှာသည် ။

ကျွန်တော်က . . ,

"မတရားဘဲနဲ့ အနိုင်ရနေတာ၊ ဘာကြောင့် လဲ ကိုကျော်ထူး။ အခုကိစ္စမှာကျော်ဌေးအောင် မမှားဘူးလေ"

ကိုကျော်ထူးက ,



www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေမှာ သက်သေမပြနိုင်ရင်၊ ဘယ်ကို

မဆို ၊ အနိုင်ရဖို့ မဖြစ်နိုင်ဘူး။မတရားတဲ့သူ

နိုင်ရ,တတ်တာက,တော့။ တစ်ခါတစ်ရံဖြစ်တ

တဲ့သဘာဝ, တစ်မျိုးပါကွာ"

ကျော်ဌေးအောင်၏,နှမ ၊ မြမြမူ၏, ကိစ္စကို၊ကျွန်တော်

စကားထဲထည့်မပြောလိုတော့ ။ ကိုကျော်ထူးအနေဖြင့်၊ လူကြ

စကားသာပြောပေမည်။ကျွန်တော်တို့လူငယ်များသာ၊ လူငယ်

ကိုယ့်ကိစ္စကိုယ်ဖြေရှင်းရမည်ဟု၊ နားလည်လိုက်၏ ။

ရွှေနေကိုကျော်ထူး ပြန်သွားသောအခါ ကျွန်တော်

အားလုံး လက်ဖက်ရည်ဆိုင်တွင် ရှိနေကြသေးသည်။

"မင်းတို့ပိုက်ဆံတွေ တော်တော်ကုန်သွားကြမှာပဲနော်

ဟု၊ ကျော်ဌေးအောင် မေး၏။ နိုင်ဇ,က . . .

"တစ်ပြားမှ ပေးစရာမလိုဘူး။,ကိုကျော်

က, ငါနဲ့ ဆွေမျိုးနီးစပ်တော်တယ်။ ပြီးတော့ .

ကိုကျော်ထူးက၊ ရွှေနေအလုပ်ကို ငွေရှာဖို့လု

တာ မဟုတ်ဘူး"

(ကို)ကျော်ဘက, အံ့ဩဟန်မျက်နှာထားဖြင့် . . .





"ဒီလိုအခါကာလမှာ ဒီလိုရှေ့နေမျိုးရှိသေး

လို့လား"

သောမတ်(စ်)က . . . "ကမ္ဘာလောကမှာ အမှန်တရားရှိ

နေသမျှ အဲဒီလိုလူမျိုးတွေ ရှိနေဦးမှာပဲ" ဟု၊ ပြော၏။

ကျော်ဌေးအောင်က . . .

"မင်းတို့အားလုံးကို ငါ အရမ်းကျေးဇူးတင်

ပါတယ်ကွာ . . ။ ဒါပေမဲ့ . . မင်းဉာဏ်တို့မိသားစု

ကိုတော့, ငါ ဘာမှမလုပ်ဘဲ နေနိုင်မှာမဟုတ်ဘူး"

ကျွန်တော်က . . .

"ကျော်ဌေးအောင်။ မင်းက လုံးဝ လှုပ်လို့

မရတော့ဘူးလေကွာ . . ။ မင်းတို့ သုံးယောက်

စလုံး လှုပ်လို့ မရတော့ဘူး။ အဲဒီတော့ ငြိမ်ငြိမ်

လေးနေ။

ငါတို့သုံးယောက်က လှုပ်လို့ရတယ်။ မင်း

လုပ်ချင်တာကို ပြော . . ။ ငါတို့ လုပ်ပေးမယ်"

ဘာကို ရည်ညွှန်း၍၊ ပြောမှန်းသိသော်လည်း၊ ဘာလုပ်ရ

ညော်ကို၊ ကျွန်တော်မသိသေး ။"မင်းတို့ လူသတ်ရဲလို့လား" ဟု၊



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဌေးအောင် မေးလေ၏။ကျွန်တော်က . . ,

"လူသတ်ရဲတိုင်း အနိုင်မရဘူးကွ။
လူသတ်တယ်ဆိုတာ ဉာဏ်မရှိတဲ့ကောင်တွေ
လုပ်တဲ့အလုပ်။ဉာဏ်ရှိတဲ့သူတွေ, ပညာရှိတဲ့သူ
တွေက၊ ဘယ်တော့မှ၊ လူမသတ်ဘူး"

ကျော်ဌေးအောင်က,

"ငါက, ဆယ်တန်းတောင်မအောင်ပါဘူး။
အဲဒီတော့ . . ,ပညာတွေ၊ ဉာဏ်တွေ၊ငါ့မှာမရှိ
ပါဘူး"

ကျွန်တော်၊ ပြုံးလျက်,

"ငါပြောတာ ပညာရှိ. . လို့ပြောတာ၊ပညာ
တတ် . . လို့ပြောတာမဟုတ်ဘူး"

"မတူဘူးလား" . . ဟု၊ ကျော်ဌေးအောင် မေး၏ ။ကျွန်တော် . . , ခေါင်းခါပြလိုက်သည် ။"မင်းတို့က ပညာတတ်တွေလား" . . ဟု၊ ကျော်ဌေးအောင် မေး၏ ။"မသိဘူး . . ။အဝေးသင်တက္ကသိုလ် ဆိုတာတော့ ၊ တက်ပြီးသွားကြပြီ။တတ်သင့်တာတော့၊ တတ်ပြီးပြီ ထင်တာပဲ။ရှိသင့်တာတော့ ၊ ဘာမှမရှိသေးဘူး". . ဟု၊ကျွန်တော်





ဖြေ၏ ။"အလုပ်မရှိလို့ ကလေရိုက်နေတာ" . . ဟု၊ နိုင်ဇ, ဝင်ပြော၏ ။"ဘာပဲဖြစ်ဖြစ်။လောလောဆယ် ၊ အားလုံးငြိမ်နေလိုက်ကြပါဦး ". . ဟု၊ (ကို)ကျော်ဘ၊ ပြောသည်။မည်သူမျှ မငြင်းဆန်။

www.burmeseclassic.com

www.burmeseclassic.com



၃။

ကျော်ဌေးအောင်၏ အမေ ဒေါ်မြဌေးက၊ကျွန်တော်တို့ကို၊ အကြော်တွေချ,ကျွေးသည် ။(ကို)ကျော်ဘ, နှင့် စိန်တိုးတို့ ပြန်သွားကြသောအခါ၊ ကျော်ဌေးအောင်ထံတွင်၊ သူ့နှမ, မြမြမူနှင့်စကားပြောဖို့၊ ကျွန်တော်ခွင့်တောင်းသည် ။မြမြမူက၊အကြော်ရောင်းပြီးပြန်လာခါစ။

မြေတွင်ချထားသော စားပွဲဝိုင်းတစ်ဝိုင်းတွင်၊မြမြမူနှင့်ကျွန်တော် ၊ စကားပြောသည် ။ နိုင်ဇ, နှင့် သောမတ်(စ်)က၊ ကျော်ဌေးအောင်တို့ သားအမိနှင့်စကားပြောနေကြ၏ ။

“ငါ့ကိုအစ်ကိုတစ်ယောက်လိုသဘောထားနိုင်မလား”ဟု၊ မြမြမူကို ကျွန်တော်မေး၏ ။ မြမြမူ ခေါင်းညိတ်ရင်း၊“ဟုတ်ကဲ့”. . ဟု၊ ပြောသည် ။ ကျွန်တော်က . . ,

“အစ်ကိုရင်းတစ်ယောက်လိုသဘောထားပြီး၊ ငါ, မေးတာကိုဖြေ ။မင်းဉာဏ်. . ဆိုတဲ့ကောင်ကို၊ နင်,ယူချင်လား”

မြမြမူက,ခေါင်ခါပြီး . . ,



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ့ကို၊ တန်ဖိုးထားတယ် ထင်တုန်းက၊ တော့၊ ယူချင်တာပေါ့။ အခုတော့-သတ်ချင်တယ်"

ကျွန်တော်က ၊ ကျော်ဌေးအောင်ရှိရာသို့ လက်ညှိုးညွှန်လျက် -

"နင့်အစ်ကိုရော။စိန်တိုးတို့ ညီအစ်ကိုရော။ ဘယ်သူနဲ့မှ၊ ရန်ဖြစ်လို့မရတော့ဘူး။နောက်တစ်ခါ ရန်ဖြစ်ရင်၊ဘယ်သူနဲ့ဖြစ်ဖြစ်။ထောင်ကျလိမ့်မယ်။

အဲဒါကို၊ ခြေချုပ်နဲ့နေရတယ် . . လို့၊ ခေါ်တယ်။ငါ, အဓိက၊ မေးချင်တာက။ အဲဒီ ,

မင်းညဏ် ဆိုတဲ့ကောင်ကို၊ ငါတို့ တစ်ခုခုလုပ်ရင်။ နင်ကျေနပ်ပါ့မလား . . လို့ ၊ မေးချင်တာ"

"ကျွန်မ,စိတ်ထဲမှာ၊ သူမရှိတော့ဘူး" . . ဟု၊ မြမြမူ၊ဖြေ၏။

ကျွန်တော်က . . ,

"နင်နဲ့၊ အဲဒီကောင်အကြောင်း။အစ,အဆုံး အသေးစိပ် ပြောပြနိုင်မလား"

ဦးခေါင်း အနောက်ဘက်သို့၊ လက်ညှိုးဖြားလေးဖြင့်၊ ကုတ်ကာ ၊ အမေနှင့်အစ်ကိုရှိရာသို့ ၊ မဝံ့မရဲ ကြည့်ပြီး . . "နောက်မှ ပြောလို့ မရဘူးလား" . . ဟု၊ တိုးတိုးမေး၏ ။ "သူတို့ အားလုံး ကြားချင်ယောင်၊ မသိချင်ယောင်။ ဆောင်ပေးထားတာ။ပြောမှာသာ ပြော၊ဘာမှ မဖြစ်ဘူး" . . ဟု၊ ကျွန်တော် ပြောပြလိုက်သည် ။





ကျော်ဌေးအောင်က၊ ဆီစစ်ပြီးသား ပဲကြော်တွေကို၊ ဆောင်းထဲသို့ ၊ စီစီရီရီ ထည့်နေ၏ ။ နိုင်ဇ, နှင့်သောမတ်(စ)တို့ သည်၊ဘူးသီးကြော်, ကြော်သည့် ဒယ်အိုးအနီးတွင်၊ ရှိနေကြပြီး၊ ကျော်ဌေးအောင်၏,မိခင်ကို၊ ကူညီနေလေ၏ ။

အကြော်ဖိုသို့၊ လက်ကားလာရောက်ဝယ်ယူသူတွေရှိသကဲ့သို့ ၊ ကိုယ်တိုင်သွားရောက် ပို့ပေးရသည်များလည်းရှိသည် ။ဆိုင်အတွင်း၊ ရေနွေးကြမ်းနှင့်, ဆလတ်ရွက်နှင့်,အချဉ်ရည်နှင့်၊ရောင်းသော၊အကြော်ဆိုင်မျိုးမဟုတ် ။ မုန့်ဟင်းခါးဆိုင်၊ အသုတ်ဆိုင်၊ မုန့်တီဆိုင်များသို့ ၊ ဖောက်သည်အဖြစ် ပို့ပေးရသည့်၊ အကြော်ဖိုသာဖြစ်သည်။ ဝမ်းဝ, ခါးလှစေသော၊ အစီးအပွား ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဌေးအောင်တို့ သားအမိ,သားအဘအားလုံး၊ မီးခိုးဝ, အဆီပြန်, ရုပ်ရည်မျိုးတွေ မဟုတ်ကြ ။ ဖခင်က,တော့၊ အသောက်သမား။လှစ်ကနဲသာ တစ်ခါမြင်ဖူး၏ ။ မြမြမူသည်လည်း၊ သူ့ ,ရုပ်ရည်နှင့် သူ၊ ကြည့်ကောင်းတင့်တယ်သည့်၊ မိန်းမလှညိုညက်ချော။ကိုယ့်ဝင်ငွေကိုကိုယ့်ဘာသာ ရှာဖွေတတ်သည့်၊မိန်းကလေး။

ဒါကို၊ တန်ဖိုးမထားသည့်၊ ဟို . . လှကြောင်ဖား, လှကြောင်တောင်ကန်း၊ လှတိရစ္ဆာန်, မင်းညာဏ် ဆိုတဲ့ကောင်ကို၊ အရည်ခွံခွာပြီး၊ ဆီပူအိုးထဲသို့ ၊ ထည့်ကြော်လိုက်ချင်သည် ။

မင်းနဲ့ ,ဘာဆိုင်လို့လဲ. . ဟု၊ တစ်ယောက်ယောက်က ၊ မေးချင်ပေလိမ့်မည် ။ မတရားမှုကို၊ သိလျက်,မြင်လျက်,ကြားလျက်၊ မသိသလို, မမြင်သလို , မကြားသလို၊ ခပ်ရွှံ့ရွှံ့ , ခပ်ခွာခွာ, ခပ်ကင်းကင်း, ခပ်ဝေးဝေး, နေထိုင်ပြီး၊ မဆိုင်သလို မျက်နှာလွှဲတတ်သည့်၊ စိတ်မျိုး၊ကျွန်တော့်မှာ မရှိချင် ။ထို့ကြောင့် ,မည်သည့်မတရားမှုမဆို၊ ကျွန်တော်နှင့်ဆိုင်ပါသည်. . ဟု၊ ယူဆ, မိပေသည်။

"ကိုယ့်ထက်၊ အစစအရာရာ သာတဲ့သူက၊ ချစ်တယ်ကြိုက်တယ်ပြောတော့။ကျွန်မ,လည်း၊ လက်ခံလိုက်မိတာပေါ့။ အယုံလွယ်မိတာလည်း၊ ပါတာပေါ့လေ။

တက္ကသိုလ်ကျောင်းသား . . , သူဌေးသား တစ်ယောက်က၊ကိုယ့်ကို. . ,ချစ်တယ်လည်းပြောလိုက်ရော။ဟုတ်ပါ့မလား ,လို့တောင်၊မတွေးဘူး။ ဝမ်းသာအားရနဲ့ ချက်ချင်းကိုပြန်ကြိုက်လိုက်မိတာ။

ခေါ်ရာလည်း လိုက်သွားမိတာပဲ။ သူက, တော့တကယ်ခိုးပြေးတာနေမှာပါ။မိဘ,နဲ့လည်း တွေ့ရော။ အရှက်မကွဲချင်ရင်ပြန်. . ဆိုတာနဲ့ ။ ကျွန်မ, အိမ်ပြန်ရောက်လာတာ"

မိန်မသားတို့၏, သဘာဝ,ဟုပင်၊ ထင်မြင်ချင်စရာ။ မြမြမူက၊ တည်ငြိမ်သောလေသံဖြင့်၊ ကိုယ့်ကိုကိုယ် ထင်ဟပ်မြင်သာစွာ၊ ပြောပြနေရှာသည် ။ကျွန်တော်က . . ,

"ဆင်ခြေ ဖုံးရပ်ကွက်ထဲမှာ၊ ဝတ်နိုင်စားနိုင်ရုံ၊ ကားမကောင်းတကောင်းလေး တစ်စီးလောက်ရှိရုံနဲ့ ၊ နင်က, သူဌေးလို့ထင်လိုက်တာကိုး။ သူ့မိဘရှိတာ၊ သူ့ ရှိတာမှမဟုတ်ဘဲ။ နောက်ပြီး . . , နင်ကိုယ်တိုင်က, ဆယ်တန်းမအောင်သေးတာ၊





www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ် ကျောင်းသားဆိုတာကို၊ အလိုလိုနေရင်း အထင်ကြီးမိတော့တာပေါ့ ။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်" . . ဟု၊ မြမြမူ ဝန်ခံ၏ ။ကျွန်တော် . . . စကားဆက်သည် ။

"ကိုယ်တိုင်သာ။ တက္ကသိုလ် ကျောင်းသူကြီး ဖြစ်ခဲ့ရင်။တခြား တက္ကသိုလ်ကျောင်းသား တစ်ယောက်ကို၊ အလိုလိုနေရင်း၊ အထင်ကြီးမိပါတော့မလား"

ခေါင်းကိုသာ ခါပြရှာသည် ။ပြီးမှ "ကျွန်မ,က၊စာညံ့တယ်" . . ဟု၊ ပြော၏ ။ ကျွန်တော်က . . .,

"စာညံ့တာမဟုတ်ပါဘူး။စိတ်ညံ့တာပါ"

သူနားလည်ဟန်မတူ။ ထို့ကြောင့်, ပြောမိရာစကားကို၊ ပြန်လည် အဓိပ္ပါယ် ဖွင့်ဆိုပြရ ၏ ။

"နင်, ဘူးသီးကြော် ၊ ကြော်တတ်လား"

မြမြမူ ခေါင်းညိတ်သည်။

"နင့် , အမေက၊ ဘူးသီးကြော်,ကြော်နည်း အဘိဓာန်. ဲ. ဆိုပြီး၊ မှတ်စုစာအုပ်တွေ,လေ့ကျင့်





ခန်းစာအုပ်တွေနဲ့ ၊သင်ပေးတာလား။ ဒါမှ,မဟုတ်၊ အမေကို၊ကူလုပ်ပေးရင်းနဲ့၊ ကြော်တတ်သွားတာလား"

မြမြမူက ,

"ကူလုပ်ပေးရင်းနဲ့၊ ကြော်တတ်သွားတာ"

"ဘူးသီးကြော်, ကြော်တာကိုတောင်။ ဘာမှတ်စုစာအုပ်မှ၊ မပါဘဲ။သင်လို့တတ်ရင်။မှတ်စုနဲ့ , မေးခွန်းနဲ့။လေ့ကျင့်ခန်းနဲ့, အဖြေနဲ့ ။သေသေချာချာ သင်လို့ ရ,တဲ့၊ ဆယ်တန်းစာတွေကို။ဘာကြောင့်, သင်လို့မတတ်ရ,မှာလဲ"

မျက်ခုံးလေးတွန့်လျက်၊ စူးစိုက်နားထောင်နေလေ၏ ။ ကျွန်တော်,စကားဆက်သည်။

"သင်လို့ မတတ်နိုင်စရာတစ်ခုပဲရှိတယ်။ စိတ်အင်အားညံ့နေရင်၊ စာမသင်ချင်တော့ဘူး။ သင်လို့လည်းမတတ်တော့ဘူး။

စိတ်အင်အားညံ့တယ်. . လို့၊ ငါပြောတာ၊ စိတ်အားငယ်တာကို ဆိုလိုတာ။

အဖေက,လည်း၊အလုပ်မလုပ်ဘူး။မိဘိသားစု



www.burmeseclassic.com

www.burmeseclassic.com



က,လည်း၊ ရုန်းကန်နေရ,တယ်။ကံစွပ်ပြီးအောင်ခဲ့ ရင်တောင်၊ သူများတွေလို၊ တက္ကသိုလ်မှာ,မပူမပင် တက်နိုင်မှာမဟုတ်ပါဘူး . . ဆိုတဲ့၊ လေထဲမှာ. . , မီးလောင်နေတဲ့ အတွေးတွေကြောင့်၊ စိတ်ဓာတ်က အောက်ပြုတ်ကျသွားတာ။

စိတ်ဓာတ်ပြုတ်ကျသွားပြီဆိုကတည်းက၊ ကိုယ့်ကိုကိုယ်, မယုံတော့ဘူး။ကိုယ့်ကိုကိုယ်, မယုံတဲ့သူဟာ၊ကိုယ့်ကိုကိုယ်,လည်းအထင်မကြီးတော့ဘူး။ အဲဒီအခါ၊ များသောအားဖြင့်။သူတစ်ပါးကို၊အလွယ်တကူ ယုံကြည်။အလွယ်တကူအထင်ကြီး ကြတော့တာပဲ ”

မြမြမူက၊ အမေနှင့်အစ်ကိုရှိရာသို့ တစ်ချက်လှမ်းကြည့်ရင်း

“အစ်ကိုပြောတာတွေအရမ်းမှန်တယ်။ ကျွန်မ, အဲဒီ အတိုင်းဖြစ်ခဲ့တာ”

ကျွန်တော်က,

“နင့်,တစ်ယောက်တည်းဖြစ်တာမဟုတ်ပါဘူး ဟာ။ ငါတို့အားလုံးဖြစ်ဖူးတယ်။သောမတ်(စ)ရဲ့





အဖေက၊ ဟိုတုန်းက,လက်ငွေ့ထိုးတယ်။အမေက၊ စက်ချုပ်တယ်။နိုင်ဇ,ရဲ့အဖေက၊တပ်ကြပ်ကြီး။ အမေက,ငါးခြောက်ရောင်းတယ်။

ငါ့,အမေနဲ့အဖေက,ကျတော့ . . , သစ်သီးရောင်းတယ်၊ သီရိမင်္ဂလာဈေးမှာ။ဘယ်သူမှမချမ်းသာကြဘူး။ဒါပေမဲ့ . . ,ငါတို့၊ ဘာကိုမှမတွေးဘဲ ကျောင်းကိစ္စပြီးအောင်၊ လုပ်ခဲ့ကြတယ်။

အခုထိ၊ ဘာဆက်လုပ်မယ်ဆိုတာ၊ မတွေးရသေးဘူး။လုပ်စရာတွေ့ရင်တော့လုပ်ပစ်လိုက်မှာပဲ။နောက်ဆုံး , ဘာလုပ်ရမှန်းမသိတော့ဘူးဆိုရင်တောင်၊ မိဘ,အလုပ်ကိုပဲ၊ လုပ်ကြရမှာပဲ။ယူထားတဲ့, ဘွဲ့က၊ ဘာဖြစ်တယ်ညာဖြစ်တယ်ဆိုတာတွေတောင်၊ ပြောမနေတော့ဘူး။ စိတ်ညစ်စရာတွေးရင်၊ စိတ်က, သိမ်ငယ်နေမှာပဲ ”

“ဘဝ,အခြေအနေက,လည်း၊, သိမ်ငယ်နေတာ အမှန်ပဲလေ အစ်ကိုရဲ့။မတွေးချင်ရင်တောင်၊ ကြုံနေရတာလေ”. . ဟု၊ မြမြမူ ပြော၏။ ခေါင်းတစ်ငုံ့တွင်၊ မျက်ရည်တစ်ဝေ့ကို၊ လက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်၏။

"အဖေက,လည်း၊ ဘဝ,ကို ဖောက်ထိုးဆွဲ လိုက်ပြီ။ကျွန်မ,ကလည်း၊ အစ်ကိုရှေ့မှာ၊ မျက်နှာ မဖော်ရဲအောင် မှားပြီးပြီ။ ဖွတ်သထက်ညစ်. . ဆို တာ။ဒါမျိုးပေါ့။

တစ်ဖက်လူတွေက၊ အရှက်မကွဲချင်ရင် အေးအေးဆေးဆေးပြန်. . တဲ့။ခြိမ်းခြောက်ပြီး နှင်ထုတ်လိုက်မှန်း သိလျက်နဲ့။ငြိမ်ငြိမ်လေး ပြန်ခဲ့ရတဲ့ . . ဘဝ။

ကိုယ်လည်း မှားခဲ့တယ်ဆိုပေမဲ့။သူများ ခြိမ်းခြောက်တာတော့၊ မခံချင်ဘူး။ငါ့အဖေသာ ယစ်ထုပ်ကြီးမဟုတ်ရင်။ ငါ့ မိဘ,သာ. .၊ဒင်းတို့ လောက်ချမ်းသာရင်၊ ဒင်းတို့တော့အသေပဲ. . လို့ စိတ်က, ကြုံးဝါးမိရင်တောင်။အဲဒီ စိတ်က၊သိမ်ငယ် ပြီးသားပါ"

"အဖေ သောက်တတ်တာ ကြာပြီလား". . ဟု၊ ကျွန်တော် မေးသည်။





"ကြာပြီ။ စ,သောက်တုန်းကတော့၊အကြော်, ကြော်ရင်း၊ အပူဒဏ်ခံနိုင်အောင် သောက်တာ,တဲ့။ နောက်တော့။သောက်တဲ့အလုပ်ပဲ လုပ်တော့တယ်။ ဘာမှ မလုပ်တော့ဘူး။ဆယ်နှစ်လောက်ရှိပြီ"

ခေတ္တမျှ ကျွန်တော်၊ စကားမဆိုဘဲနေသည်။ပြီးမှ -

"နင်, ဆယ်တန်းပြန်ဖြေ။ငါတို့ အားလုံး ကူညီမယ်။တခြား ကိစ္စ အကုန်လုံး၊ ခေါင်းထဲက ထုတ်ပစ်လိုက်။အတိတ်ဆိုတာကို မေ့ပစ်ဖို့ ၊ အကောင်းဆုံးနည်းက,တော့။ ပစ္စုပ္ပန်မှာ , . . . , ကောင်းတာ တစ်ခုခု လုပ်ရမယ်။

နင့်အတွက်, အကောင်းဆုံး အလုပ်က,တော့ စာမေးပွဲ အောင်,အောင်ဖြေဖို့ပဲ။အစ်ကိုလိုသဘော ထားရင်၊ အစ်ကို စကားကို နားထောင်။လိုက်နာ။ ဒါပဲ။

အကြော်,ရောင်းတဲ့ ကောင်မ,လေးက၊ ဘာလဲ ဆိုတဲ့ အခါ။ဘာမှ မဟုတ်ပါဘူး ဆိုရင်။သွားပြီ။ အလကားပဲ။အကြော်,ရောင်းတဲ့ ကောင်မ,လေးက ၄



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသူ . . ဆိုရင်။ ပြီးပြီ။အထွေ

အထူးဖြစ်စရာမလိုတော့ဘူး။

“ကျွန်မ ကြိုးစားပါ့မယ်”. . ဟု၊ မြမြမူ ကတိပြု၏။

သောမတ်(စ)က၊မြမြမူကို၊ အင်္ဂလိပ်စာ သင်ပေးပေလိ

မည်။နိုင်ဇ, က၊ သချ်ာသင်ပေးမည်ဖြစ်ပြီး၊ ကျွန်တော်က၊အခြား

ဘာသာရပ်တွေ၊ သင်ကြားရပေမည်။

“မြမြမူကို၊ အာရုံပြောင်းပေးလိုက်တာရော

ကျော်ဌေးအောင်တို့ကို၊ ငြိမ်ခိုင်းလိုက်တာရော

ကောင်းတယ်။ ဒါပေမဲ့ , မင်းဉာဏ်ဆိုတဲ့ကောင်

ငါတို့ ,ဘာလုပ်ကြမလဲ”





ကျော်ဌေးအောင်တို့ ရပ်ကွက်အလွန်၊ ကျွန်တော်တို့ ရပ်ကွက်

အစပ်သို့ ရောက်မှ၊ နိုင်ဇ, ကျွန်တော့်ကိုမေး၏။ ကျွန်တော်က. . ,

“တစ်ဘက်တည်းက စကားကိုပဲ ငါတို့ ကြား

ရ,သိရ,သေးတယ်။ ဟိုဘက်က,စကားကိုလည်း။

ငါတို့ ကြားဖို့ လိုတယ်။ ဥပမာ-

မင်းဉာဏ်က။ မိဘ,ကို၊ မလွန်ဆန်နိုင်တဲ့၊

သားတစ်ယောက် ဖြစ်နေရင်။ ငါတို့, ဒီကောင့်ကို၊

ရန်မမူသင့်ဘူး။လို့အပ်ရင်၊ အကူအညီတောင်၊

ပေးသင့်တယ်”

“မင်းစကား,က,လည်း၊ မင်းဉာဏ်ဆိုတဲ့ကောင်မှာ။စိတ်

ကောင်းလေး ရှိနေသေးတယ်လို့ယူဆ,ချင်ပုံပဲ”. . ဟု၊ သောမတ်(စ)

ပြောသည်။ကျွန်တော်က,

“သွေးမတော်,သားမစပ်ဘဲ၊ ဝင်ပါမိတဲ့ ကိစ္စ

လေကွာ။တစ်ဘက်စောင်းနင်း မဖြစ်ချင်ဘူး။

ပြီးတော့ . . ။မိန်းကလေး တစ်ယောက်ရဲ့ ,

အရှက်ကိစ္စနဲ့ ပတ်သက်နေတယ်။ တရားစွဲလိုက်ပါ

လား , ဟိုတိုင်လိုက်ပါလား, ဒီတိုင်လိုက်ပါလား,



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင်၊ မိန်းကလေးဘက်က, ဘယ်လောက် အရှက်ကွဲခံနိုင်သလဲ။ ယောက်ျားလေးဘက်က၊ အဲဒါကို, ကာကွယ်ရင်ဆိုင်ဖို့၊ ဘယ်လိုသက်သေ ပြချက်တွေ ရှိထားမလဲ . . ဆိုတာ။ ခန့်မှန်းဖို့ , မလွယ်ဘူး။

ရန်မူမှဖြစ်မယ့် ရန်သူဆိုရင်တောင်။ ရန်သူ ရဲ့ , အကောင်းဆုံးသဘောထား၊ အဆိုးဆုံးသဘော ထားကို၊ သိဖို့ မလိုဘူးလား"

"ဒါပေါ့ဒါပေါ့" . . ဟု၊ သောမတ်(စ) ပြော၏။နိုင်ဇ, က. . ,

"ကိုကျော်ထူး ပြောဖူးတဲ့စကား။ မှန်တိုင်း လည်း၊ နိုင်မယ်မထင်နဲ့ . . တဲ့။ မတရားတဲ့သူကို၊ အနိုင်ယူဖြို့ခွင်းဖို့ထက်၊ တရားတဲ့သူ, အထိအနာ မကြီးမားအောင်။အကူအညီ ပေးနိုင်ရင်ပဲ၊ လုံလောက် ပါပြီ . . တဲ့။ဒါ. . ငါတို့ , နှလုံးသွင်းထားသင့်တဲ့၊ စကားနော် . . မင်းရန်နိုင်"

"အေးပါ" . . ဟုသာ၊ ကျွန်တော် ပြောလိုက်မိသည်။ ဒါပေမဲ့ ၊ စိတ်, အာရုံအတွင်းတွင်မူ၊ သေသေချာချာ မအေးချမ်း။





ကိုယ်က, လည်း ဘာကောင်မှမဟုတ် ၊ မိဘ,ကလည်း ...ည်ထည်ဝါဝါထဲက မဟုတ်ပါဘဲလျက်၊ လုံ့အစိုက်ခံရ,သည့် ...ခြံနိမ့်ရာဘက်မှ ဝင်ပါလိုက်မိသည်ကိုက၊ စိတ်မအေးချမ်းစရာ။

"မင်းညာဏ်ကို ကျော်ဌေးအောင်တို့ ဝိုင်းထိုး တဲ့နေ့က၊ မင်းညာဏ်တို့မောင်နှမဘယ်က,ပြန်လာ ကြတာလဲ"

စကားမဆက်ဆပ်ဘဲ ကျွန်တော်မေးလိုက်၏။ နိုင်ဇ, က၊ ဘာဖြစ်လို့လဲ" . . ဟု၊ မေး၏။ ကျွန်တော်က ,

"သူတို့က၊ ချမ်းသာတယ်ဆိုရင်။အပြင်သွား တာ၊ဘာဖြစ်လို့ ကားနဲ့မသွားတာလဲ"

နိုင်ဇ,က . . ,

"ရပ်ကွက်ထဲ ဟိုနားဒီနား သွားတာနေမှာ ပေါ့။ပြီးတော့ . . , သူတို့က၊ကျိုကျိုတက်ချမ်းသာ တာမျိုး မဟုတ်လောက်ဘူး။

ဆင်းရဲသားရပ်ကွက်ထဲ ၊ လူပါး၀,ရုံလောက်၊ ချမ်းသာတာနေမှာပါ။ကျိုကျိုတက်ချမ်းသာမှတော့၊ သူဌေးရပ်ကွက်ထဲမှာ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သောမတ်(စ)က . . ,

"ချမ်းသာတဲ့လူတိုင်း ၊ လူပါးမဝ, တြပါဘူး
ချမ်းသာတာကို ၊ ဂုဏ်ဖြပ် . . လို့ , ထင်နေတဲ့လူ
တွေသာ ၊ လူပါးဝ,ကြတာပါ"

ချမ်းသာမှုဟူသည်၊ သူတစ်ပါးအား၊ အနိုင်ကျင့်ရန်၊ အသုံး ပြုအပ်သည့်၊ လက်နက်ဆိုးမျိုး မဟုတ် . . ဟု၊ တွေးသိမိသော်လည်း နွား၏ဦးချို ,ကျွဲ၏ဦးချို ၊ ကျား၏အစွယ်,ခြင်္သေ့၏အစွယ်များ ကဲ့သို့၊ လောက,တစ်ဝှမ်းကို အနိုင်ယူခြိမ်းခြောက်နိုင်စွမ်းမည်ဟု ထင်မှတ်ဆုပ်ကိုင်ထားသူတွေ၊ ရှိနေတတ်သည်ကိုလည်း ၊ ကျွန်တော် တွေးမိပြန်သေးသည်။ ထို့ကြောင့် ၊ ကျွန်တော်က . . ,

"ကြောင်ကို ခွေးက,ကိုက်ဖို့၊ မာန်ဖီနေရင်၊
ကြွက်ကို ကြောင်က၊ ခုတ်ဖို့, ချောင်းနေရင်။လူက,
ခဲနဲ့ပစ်, တုတ်နဲ့ရိုက်လိုက်ရုံနဲ့ ဟန့်တားလို့ရ,တယ်။

အားနည်းတဲ့လူကို၊ အားသာတဲ့လူက၊ အနိုင်
ကျင့်နေရင်။ထိထိရောက်ရောက် ဟန့်တားနိုင်ဖို့၊
ခဲနဲ့ပစ်, တုတ်နဲ့ရိုက်ရုံနဲ့ ၊ မလုံလောက်ဘူး။တခြား
တစ်ခုခု ရှိဖို့လိုဦးမယ် ထင်တယ်။အဲဒါ,ဘာလဲ"





ကျွန်တော့် အမေးကို၊ တစ်ညီတစ်ညွတ်တည်း၊ ဖြေလိုက် ကြလေ၏။

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



၅။

အဖေနှင့်အမေ၊ အိမ်ခဏပြန်သွားစဉ်၊ကျွန်တော်,ဆိုင်ထိုင် ပေးဖြစ်သည်။" နှင်းသုစ်တော် တစ်လုံးဘယ်လောက်လဲ"ဟူသည့် အမျိုးသမီးကြီးတစ်ယောက်၏ အမေးကို၊ "ရှစ်ရာ" . . ဟု၊ ကျွန်တော် ဖြေလိုက်စဉ်၊ ထိုအမျိုးသမီးကြီးနှင့်အတူ လိုက်ပါလာသော . . ၊ မိန်းကလေးကို ၊ .ဖျတ်ခနဲ, ကြည့်မြင်မိလေသည်။

မြင်လျှင်မြင်ချင်း၊ မင်းဉာဏ်၏ အစ်မ, သဇင်နီ . . ဟု၊ သိလိုက်၏။ သူက,လည်း ၊ ကျွန်တော့်ကို ၊ မှတ်မိလေဟန်တူ၏ ။ လှစ်ခနဲသာ တစ်ခါကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း,မနှုတ်ဆက်လိုက်ဘူးလား"ဟု၊သောမတ်(စ)၊ မေး၏။ကျွန်တော်က . . ,

"မရင်းနှီးပဲနဲ့၊ ဘာလို့နှုတ်ဆက်ရမှာလဲ"

"မရင်းနှီးပေမဲ့၊ ဆုံဖူးတယ်လေကွာ"

"ဆုံဖူးလို့ နှုတ်ဆက်တယ်ပဲထား။

ဘာ့အတွက်နှုတ်ဆက်ရမှာလဲ။ငါက"

"မင်းညာဏ်နဲ့မြမြမူတို့ကိစ္စနဲ့ပတ်သက်ပြီး။

အဲဒီဘက်က,အခြေအနေကို၊ မင်းသိချင်တယ်ဆို"

"အဲဒီ သဖင်နီက,တစ်ဆင့်၊မေးမြန်းကြည့်ရင်၊နည်းနည်း ပါးပါးသိရတာပေါ့". . ဟု၊ နိုင်ဇ, ဝင်ပြောသည်။ကျွန်တော်က ,

"မောင်လုပ်သူရဲ့ စရိုက်ဆိုးကို၊ အစ်မ, ကို သွားမေးလို့။ဟိုက၊ ကက်ကက်လန် ရန်တွေ့လွှတ် လိုက်ရင်၊ ဘယ်လိုလုပ်မလဲ"

နိုင်ဇ, က . .

"အဲဒီလို စရိုက်မျိုး မဟုတ်လောက်ဘူးကွ။ ဟို,တစ်ခါ မြင်ဖူးတုန်းက ၊ ငါ,သေသေချာချာ လှမ်းကြည့်လိုက်သေးတယ် ။ ဖြူ ဖတ်ဖတ်လေး၊





သမာသမတ်ရုပ်လေးပါ"

ကျွန်တော်က . . ,

"အဲဒါဆို။ ကြုံရင်,မင်းဘာသာ၊မေးလာခဲ့ တော့။ငါက, တော့၊ ကာယကံရှင် မင်းညာဏ်ကိုပဲ၊ တွေ့တဲ့နေရာမှာမေးမယ်။မေးလို့, ဝန်မခံရင်။ ဒါမှ မဟုတ်၊ ဟိုလိုလို,ဒီလိုလို လုပ်နေရင်။ မှတ်လောက် သားလောက်အောင်၊ ကိုင်လိုက်မယ်"

"သူတို့ရပ်ကွက်ထဲမှာ။လုံးဝ,သတင်းမထွက်သွားဘူးနော်" . ဟု၊ သောမတ်(စ)၊ ပြောသည်။ နိုင်ဇ,က. . "အဖုံး,အအုပ်မြန်ရင်၊ ဘယ်သတင်းမှ၊ မထွက်ဘူး". . ဟု၊ ပြော၏။ "မကောင်းသတင်း ဆိုတာ၊ အပြင်မထွက်လေ ကောင်းလေပါပဲ ။ ပတ်ဝန်းကျင်မှာ၊ မိဦးနှစ်ဘက် အနေမကျပ်တော့ဘူးပေါ့". . ဟု၊ ကျွန်တော်, ပြောသည်။နိုင်ဇ, က . .

"ယောက်ျားလေးဘက်က၊ သတင်းထွက်ရင်၊ သိက္ခာကျရုံပဲ ရှိမယ်။မရှက်တတ်ရင်၊ဘာမှတောင် ဖြစ်မှာမဟုတ်ဘူး။

မိန်းကလေးဘက်က, ကျတော့။ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရင်လည်း၊ အရက်ကွဲမယ်။ သတင်းမထွက်ရင်လည်း၊ လူ့ နစ်နာတယ်။ ဘဝ ပျက်တယ်။

အခု။ ဘာသတင်းမှ မထွက်လို့ မိန်းကလေးဘက်မှာ၊ အရှက်မကွဲပေမဲ့။ နစ်နာမှု ယိုယွင်းပျက်စီးမှု ရှိခဲ့ရပြီ။

နစ်နာအောင် ၊ ထိခိုက် ပျက်စီးအောင် ကျူးလွန်ခဲ့တဲ့သူကို ၊ ဒဏ်ခတ်မယ်ဆိုရင်တော့ ဆူးပေါ် ဖက်ကျတာဖြစ်တဲ့အတွက်။ ဖက်က, ဆူးချက် ပျော့က်မှာမဟုတ်ဘူး။ တွေးမိတိုင်း ဒေါသ, ဖြစ်တယ်ကွာ"

ကျွန်တော်က . . .,

"ခနရှင်လူတန်းစားနဲ့ ဆင်းရဲသားလူတန်းစား၊ ပဋိပက္ခဆိုတာ။ ခေတ်တိုင်း,စံနစ်တိုင်းမှာ တတ်တယ်။ နည်းတာနဲ့ များတာပဲ ကွာတယ်။

ခနရှင်က၊ စီးပွါးအင်အားများရင်။ ဆင်းရဲသားက၊ ပညာအင်အားများရတယ်။ လူတန်းစား မခွဲခြားတဲ့ နိုင်ငံရယ် . . လို့၊ ကမ္ဘာမှာမရှိပါဘူး။





ကြီးတဲ့အမှု ငယ်အောင်။ ငယ်တဲ့အမှုပ,ပျောက်အောင်၊ ဆောင်ရွက်ထားကြလို့သာ။ အရင်းရှင်စံနစ်တို့ ,အရင်းရှင်ခေတ်တို့ မရှိတော့သလိုလိုထင်ရတာ။

အခု, ငါတို့၊ ရင်ဆိုင်နေရတဲ့။ ဒီကိစ္စလေးက၊ ကမ္ဘာနဲ့ချီရလောက်အောင်လည်း၊ မကြီးမားဘူး။ နိုင်ငံ, ပြိုပျက်သွားရလောက်အောင်လည်း၊ မထိခိုက်ဘူး။

ဒါပေမဲ့ . . ,သိပ်များသွားရင်တော့၊ မကောင်းဘူး။ လူတစ်ယောက် ဘဝ,ပျက်ရုံနဲ့ ၊ တစ်တိုင်းပြည်လုံးတော့၊ ပျက်မသွားပါဘူး။ ဒါပေမဲ့ ,ဘဝပျက်တဲ့ လူ၊ များလာရင်။ ဘယ်လိုလုပ်မလဲ။

ဟိုနေ့က၊ မင်းပြောသလို။ ကျူပင်ခုတ်,ကျူငုတ်မကျန်အောင်၊ ငါတို့မလုပ်နိုင်ပေမဲ့။ ကိုယ့်ရှေ့က၊ ကျူပင်ကိုတော့။ ရတဲ့နည်းနဲ့ ခုတ်မှဖြစ်မယ်"

"ငါတို့ ,မင်းညာဏ်ကိုသွားတွေ့မလား" . . ဟု၊ နိုင်ဇ , မေးသည်။ ကျွန်တော်က . . .,

"သူ့အိမ်မှာသွားမေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ် တော့တက်မေးပါ့မလား။လမ်းမှာ တွေ့တဲ့နေရာ မေးမှာပေါ့။အပြင်ထွက်တဲ့အချိန် သိရအောင်၊သူ့အိမ်နားမှာတော့၊စောင့်ကြည့်ရမှာပေါ့"

သောမတ်(စ)က . . ,

"ဒီကောင်၊ နိုင်ငံခြားမသွားခင်၊ တွေ့မှဖြစ်မှာနော်"

နိုင်ဇ ,က . .

"အေး။ အဲဒီ့ကိစ္စလည်းရှိတာယ်ဆိုတော့၊မြန်မြန် အမိဖမ်းမှ၊ ဖြစ်မယ်"

ကျွန်တော်က . . ,

"နေဦး။ငါ,တစ်ခု စဉ်စားမိတယ်"

"ဘာလဲ"

"ငါတို့ သုံးယောက်သွားရင်။အနိုင်ကျင့်သလို ဖြစ်နေမလား"

"ကျော်ဌေးအောင်တို့တောင်၊ ဝိုင်းတီးထားတာ ပဲကွာ။ငါတို့လည်း၊ မေးရုံမြန်းရုံပဲဟာ။ ဂျစ်ကန်ကန် လုပ်တော့လည်း၊ တီးလိုက်ရုံပေါ့။ဒီလိုကောင်မျိုး ဆွမ်းကြီးဝိုင်းလောင်းတာ၊အနိုင်ကျင့်တယ်လို့မခေါ် ဘူး။ဘာလဲ၊ မင်းက, သူ့အစ်မ မျက်နှာထောက်။ လို့လား"

နိုင်ဇ,က၊ ရယ်စရာပြောခြင်းဖြစ်သည်။ သို့သော် . . , ကျွန်တော် မရယ်မောဖြစ်။-





စိန်တိုးတို့ ညီအစ်ကိုနှစ်ယောက်ကို၊ သူတို့မိဘ,များက၊ အိမ်အပြင်သို့၊ မထွက်ခိုင်းတော့ကြောင်း၊ကျော်ဌေးအောင်၊ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းညာဏ်ကို၊ တရားစွဲမလား" . . ဟု၊ သူအမေနှင့်သူနှမေ

ာ်ားအောင်၊ ကျွန်တော်မေးသည်။ "ဘာလုပ်တော့မှာလဲကွာ၊ တ

ာ်က နှစ်ရှက်။ တခြားနည်းနဲ့ပဲ၊ ငါဆော်ချင်နေတာ။ မင်းတို့

တားထားကြလို့သာ၊ ငါ,စိတ်ထိန်းထားတာ။ ဒီကောင်

မြန်မာနိုင်ငံက၊ လစ်တော့မယ်ထင်တယ်" . . ဟု၊ ကျော်ဌေးအောင်

တီးတိုးပြော၏။ နိုင်ဇ , နှင့် သောမတ်(စ)က၊ မြမြမှုကို၊ စာပြော

နေကြ၏။မိခင်ဖြစ်သူ ဒေါ်မြဌေးက,တော့၊ အကြော်ဒယ်အိုး အနီ

တွင်၊ အကြော်,ကြော်ရင်း . . ,မီးထိုးရင်းဖြင့်၊ တခြားသို့ ၊ အာ

မပြု။ကျွန်တော်နှင့် ကျော်ဌေးအောင်က၊ ဆီစစ်ပြီးသားအကြော်

တွေကို၊ အကြော်တောင်းထဲသို့၊ စီစီရီရီထည့်ပေးရင်း၊ စကားပြော

ကြရသည်။

"မင်း။ဒီတစ်ခေါက် ဘယ်ဆိုင်သွားပို့ရမှာလဲ"

"ဘူတာနားက,ဆိုင်ကိုသွားပို့မှာ။ ဘာလု

မလို့လဲ"

"ငါ, မင်းနဲ့လိုက်ခဲ့မလို့"

"ဘာလိုက်လုပ်မှာလဲ။

ရပါတယ်။ငါတစ်ယောက်တည်း"





ကျွန်တော်က ၊ တီးတိုးပြန်ပြုလျက် . . ,

"မင်းညာဏ်အိမ်ကို၊ ငါ, တစ်ယောက်တည်း

သွားမလို့။သောမတ်(စ)နဲ့ နိုင်ဇ, မသိစေချင်ဘူး။

ဒီကောင်တွေ သိရင်၊ လိုက်လာကြမှာ။သုံးယောက်,

တစ်ယောက်ဆိုတာမျိုး၊ ငါ,မလုပ်ချင်ဘူး။ ငါ,

တစ်ယောက်ချင်းပဲ တီးချင်တယ်"

ကျော်ဌေးအောင်က . . ,

"အိမ်ပေါ် သွားတီးလို့၊ ဖြစ်ပါ့မလားကွာ"

"အပြင် ခေါ်ထုတ်မှာပေါ့"

"ငါလည်းလိုက်ချင်တယ်"

"မင်း,လိုက်လို့ မရဘူးလေ"

"ဘာဖြစ်လို့ ချက်ချင်းကြီးသွားချင်စိတ် ပေါက်သွားရတာ

" ဟု၊ ကျော်ဌေးအောင် မေး၏။ "ဒီကောင်။လစ်သွားရင်။မမှီ

ာ်မှာစိုးလို့ပေါ့" . . ဟု၊ ကျွန်တော်ပြောလိုက်သည်။

"မင်း ။ ပြဿနာတက်မှာပေါ့"

ကျော်ဌေးအောင်က၊ ၊စိုးရိမ်စကားကို တီးတိုးပြောသည်။

ကျွန်တော်က၊အကြော်တောင်းကို၊နေရာရွှေ့ရင်း ,



www.burmeseclassic.com

www.burmeseclassic.com



"ငါနိုင်မှာပါ။မင်းသာ,အေးအေးဆေးဆေး

"မင်းက အိမ်ထဲကို၊ ဘယ်လိုဝင်မှာလဲ"

ကျော်ငွေအောင်က၊ စက်ဘီးနောက်ခုံပေါ်သို့ အကြော

တောင်းကိုတင်လျက်မေး၏။ကျွန်တော်က ၊ စက်ဘီးထောက်ကို

ကိုင်ပေးထားလျက် . . ,

"အကြောင်းတစ်ခုခုပြုပြီးဝင်မှာပေါ့

ငါ၊ မီးစင်ကြည့် က,တတ်ပါတယ်။မပူနဲ့"

ပြောပြီး ၊ စက်ဘီးထောက်ကို၊ တွန်းဖြုတ်လိုက်သည်။

ထိုစဉ်၊ နိုင်ဇ ,က . .

"မင်းရန်နိုင်။မင်းက,ဘယ်လဲ"

ကျွန်တော်က ၊ စက်ဘီးကို ကူတွန်းဟန်ပြုပြီး . .

"ငါ, ခဏ၊ လိုက်သွားမလို့"

"နှစ်ယောက်သွားတော့ ပိုကြာတာပေါ့ကွ" . . ဟု၊ လှ

ပြော၏။ကျွန်တော် လက်ကာပြခဲ့သည်။"မင်း, မြန်မြန်တော့

လာနော်" . . ဟု၊ ကျော်ငွေအောင် မှာသည်။ "အေးပါ။ဟိုကော

တွေ့ မေးရင်။ ငါအမေဆိုင်မှာ ဝင်နေခဲ့တယ်လို့၊ ပြောလိုက်" .

ဟု၊ ကျွန်တော် ပြန်မှာလိုက်စဉ်၊ ကျော်ငွေအောင်က၊ စက်ဘီး





တွန်းရင်းမှ . . ,

"ငါ။မင်းကိုပြောပြစရာ ကျန်နေသေးတယ

,ခြေလှမ်းမတုံ့ဘဲ၊ သူ့မျက်နှာကို၊ ငဲ့ကြည့်လျက်၊ကျွန်တော်က,

"ငါ,နားမရှင်းဘူး ကျော်ငွေအောင်။မင်း,

ဘာပြောတာလဲ"

သူ . . , ကျွန်တော့်ကိုလှည့်မကြည့်ဘဲ -

"ငါ့နှမလည်း။မင်းကိုပြောဖြစ်မှာမဟုတ်ဘူး"

"ဘာကိုလဲကွာ"

ကျော်ငွေအောင် စက်ဘီးကိုရပ်လိုက်သည်။ကျွန်တော်က၊

အကြော်တောင်းကို၊ ကူ၍ထိန်းပေးထားလိုက်၏။ခြေလှမ်းအတူ

ရပ်ဖြစ်ကြသည်။

"ဘာပြောစရာကျန်သေးတာလဲ။ ပြော"

ကျွန်တော်၊အလျင်စလိုမေးမိသည်။ကျော်ငွေအောင်

က၊ကျွန်တော့်ကို၊ တစ်ချက်ကြည့်သည်။ပြီးမှ၊ခေါင်းငုံ့လျက် -

"မင်းညာဏ်က၊ငါနဲ့ ,ငယ်သူငယ်ချင်းပဲ။ငယ်

သူငယ်ချင်းတစ်ယောက်က၊ ဒီလို, လုပ်ရက်တယ်

ဆိုတာ။ငါ,ပြောမထွက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ့နှမ့ကိုလည်း၊ငါ့နှုတ်ပိတ်ထားခဲ့မိတယ်။ အခု၊ ငါ့ မထိန်းချုန်ချင်တော့လို့၊မင်းကိုပြောပြတာ"

အနည်းငယ်အံ့သြမိသည်။ စိတ်အတွင်း၌၊ပျို့အံခြင်းကြောင့်၊ ခံတွင်းအညစ်အကြေးကို၊ မြေသို့ ထွေးလိုက်သည်။ပြီးမှ,

"ငါ့ကို၊ဘာဖြစ်လို့၊ အခုမှပြောပြတာလဲ ကျော်ဒွေးအောင်။ သက်ညှာစေချင်လို့၊အသိပေးတာလား"

ကျွန်တော့်ကို၊ သေသေချာချာကြည့်ကာ . . ,

"ငါ, ဘယ်လောက်ခံစားရ,မယ်ဆိုတာ။ မင်း, သေသေချာချာသိစေချင်လို့ "

အံသွားချင်းကြိတ်ထားသည်ကို၊ ကျွန်တော် မြင်ရသည်။

"ဖြစ်နိုင်ရင်။ငါကိုယ်တိုင် သတ်လို့ရအောင်၊ မင်း, စီစဉ်ပေးပါလားကွာ"

ကျွန်တော်, ကျော်ဒွေးအောင်၏ပခုံးကို အသာပုတ်ပြီး-

"မင်းလည်းမသတ်ရ,ဘူး။ ငါလည်းမသတ်ဘူး။လူတစ်ယောက်ကို၊ သေအောင်သတ်ရင်။သူ့ တစ်ကြိမ်ပဲသေတယ်ကွ။အဲဒီကောင်ကို၊အကြိမ်ကြိမ်





သေအောင်။ငါ,တစ်ခုခုလုပ်ပါ့မယ်ကွာ။မင်း, ပွဲကြည့်သလိုသာ၊ကြည့်နေစမ်းပါ"

ခေါင်းညိတ်လေသည်။"ကဲ။မင်းသွားတော့" ဟု၊ကျွန်တော် င်လိုက်သည်။သူ့,ကျောပြင်ကိုကြည့်လျက်၊ ကိုယ့်ကိုကိုယ်မြင်ရ၏။ သွားလိုရာသို့၊ခြေဦးလှည့်လိုက်စဉ်၊စိတ်ထဲတွင် စိုးစိုးရိမ်ရိမ် ၊တစ်နေရာရာသို့ သွားရောက်ပြီး ၊ ငှက်ပျောသီးတစ်လုံးကို ၊ ခွဲခွာရမည်လောက်သာ၊ သိမှတ်ခံယူမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲကွ"ဟုမင်းညာကျ်၏အဖေ ဦးသိန်းငွေ
၏။ကျွန်တော်ကမျက်နှာထား မတင်းလွန်း,မလျော့လွန်းစွာဖြင့်၊
ထွေထွေထူးထူး မရှိပါဘူး။ကျွန်တော်သူနဲ့ တွေ့ရုံပါပဲ". . ဟု၊
လိုက်သည်။

"မင်းက။ငါ့သားရဲ့ သူငယ်ချင်းလား"

ဦးသိန်းငွေက၊ ကျွန်တော့်ကို စူးစမ်းစွာကြည့်ပြီးမေး၏။
ကျွန်တော်က . , . ,

"သူငယ်ချင်းတော့မဟုတ်ပါဘူး။ဟိုတလော
က၊ လမ်းမှာ. . သူ့ရန်ဖြစ်တော့။ကျွန်တော်ဝင်ကူ
ဘူးတယ်။ဒဏ်ရာတွေ,ဘာတွေ၊သက်သာရဲ့လားလို့
လာမေးတာ"

"ဩော် . ."

ကျေးဇူးတင်ဟန်၊ ကျေးဇူးတင်သံဖြင့်၊ပေါ်ထွက်လာသော
ဩော်။

ထိုစဉ်၊ အိမ်တံခါးဝ,၌ဖြူလွှင်လွှင်အရိပ်တစ်ခုကိုတွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းညာဏ်၏အစ်မ, သဇင်နီ. . ဟု၊ ကျွန်တော်သိလိုက်သည်။

"ဖေဖေ"

ရေပြည်၌၊ ကြာဖြူပန်း မပွင့်နိုင်။ မီးတောင်ဝ,၌၊ ဖယောင်းမတည်နိုင်။သို့သော်၊ ဤနေရာ၊ဤအဝန်းအဝိုင်း၌ ဤသို့သော လေသံ၊ ဤသို့သော နူးညံ့ခြင်းမျိုး၊ တည်ရှိနေတာလား . .ဟု၊အံ့သြဖွယ်၊တွေးဖြစ်၏။ သဇင်နီ၏အဆင်းသည်၊ ဖြူသကဲ့သို့၊အသံသည်လည်း၊ပျော့ပျောင်းနေပြန်၏။ အနောက်နေထွက်လျက်၊ အရှေ့သို့ နေဝင်လေသည့် ပမာ။

"ဘာလဲသမီး"

ဦးသိန်းငွေက၊ သဇင်နီ ရပ်နေရာ အိမ်တံခါးဘက် လှည့်ကြည့်ရင်း၊ မေးသည်။ သဇင်နီက၊ ကျွန်တော့်ထံသို့၊လက်ညွှန်ပြီး . . ,

"ညာဏ်လေးကို၊ သူတို့ ဝိုင်းကူကြတာ"

ထိုအခါ၊ ဦးသိန်းငွေက . . ,

"ဟုတ်လား။သမီးသိလား"

သဇင်နီ ခေါင်းညိတ်ပြလေ၏။





ကျွန်တော်သည်၊လွန်ခဲ့သောမိနစ်ပိုင်းက၊အိမ်ဝင်းတံခါးဝ,မှာ ၊ ရပ်နေရ,သေး၏ ။ ယခုမူ၊ သူတို့၏ ဧည့်သည်အဖြစ်၊ အိမ်ဧည့်ခန်းမှာ၊ ရောက်နေရပေပြီ။

"ငါတူတို့ ဘယ်မှာနေမှန်းမသိလို့။ သိရင်၊ သက်သေလုပ်ပေးဖို့လာအကူအညီတောင်းပါတယ်။

သူတို့ဘက်က၊ ရှေ့နေ။တော်တော်အကွက်စေ့တယ်။ဦးရဲ့သားက၊ နိုင်ငံခြားသွားစရာရှိတော့။ အမှုဖွင့်ထားရင်၊ အဆင်မပြေဘူးလေ။အဲဒါနဲ့ပဲ၊ ကျေအေးလိုက်ရတယ်"

"မင်းညာဏ်က၊ ဘယ်တော့သွားမှာလဲ". . ဟု၊ ရင်းနှီးဟန် လေသံပြုလျက်၊ ကျွန်တော် မေးလိုက်သည်။ သူ့အမေဒေါ်သောင်းလှိုင်က. . "သန်ဘက်ခါ သွားရတော့မှာ". . ဟု၊ ပိုင်နိုင်သူလေသံမျိုးဖြင့်၊ ပြုး၍ ပြောသည်။အကြည့်တစ်ကြည့်မျှကိုပင်၊ မမာကျောမိအောင် ကျွန်တော် နေရ၏။ကျွန်တော်တို့သစ်သီးဆိုင်တွင်၊ သစ်သီးလာဝယ်ဖူးသော်လည်း၊ ဒေါ်သောင်းလှိုင် ကျွန်တော့်ကို မမှတ်မိ။

ရန်သူ့နယ်မြေအတွင်းသို့ ၊ ချဉ်းနင်းဝင်ရောက်ရသည့် ဥမ္မံတပ်သားတို့တွင် . . အခက်အခဲများစွာ၊ ရှိကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာမည်သို့သော အခက်အခဲမျှ မရှိ။စစ်အောင်တော့မည့်

စစ်ဦးစီးတစ်ယောက်ကဲ့သို့တည်ကြည်စွာ၊နေထိုင်နိုင်ပေသည်။

"မင်းညာဏ်ကိုရန်မူတဲ့ကောင်တွေက။ရန်စ

ရှိလို့လား"

ဦးသိန်းငွေက . . ,

"ရန်စ,တော့ရှိကြမှာပေါ့ ။ အရင်တုန်းက

သူငယ်ချင်းတွေလေ။နောက်မှ ၊ ဘာဖြစ်ကြတယ်

မသိဘူး"

အမှန်တစ်ဝက်,မှသားတစ်ဝက်ပါသော စကားကို၊သတိ

မပြုမိသလို ကျွန်တော်နေပြီး၊ သဇင်နီ့ကို၊တစ်ချက်မျှ ကြည့်လိုက်စဉ်

စဉ်းငယ်မျှ ခေါင်းငုံ့ပြီး၊ ပါးလှပ်စွာ မျက်လွှာချသည်ကို၊ မသိမသာ

သိမြင်လိုက်၏။

မင်းညာဏ်ပြန်လာမည့်လမ်းက,သာ၊ စောင့်နေလိုက်တော့

မည်ဟု၊စိတ်ထဲမှ ဆုံးဖြတ်ပြီး . . ,

"ကျွန်တော်ပြန်လိုက်ပါဦးမယ် ခင်ဗျာ"

ဒေါ်သောင်းလှိုင်က၊ "အေးကွယ်။အေးအေး". . ဟု၊ပြော

သည်။ဦးသိန်းငွေက . . .





"ငါ့တူက၊ဘယ်ရပ်ကွက်က,လဲ"

"ကျွန်တော်။ဟိုဘက်ရပ်ကွက်က,ပါ"

"နာမည်ကော။ဘယ်လိုခေါ်လဲကွ"

"ကျွန်တော့်နာမည်၊ မင်းရန်နိုင်ပါ။

မင်းညာဏ်ကို၊ကျွန်တော် သတင်းလာမေးသွားတယ်

. . လို့၊ပြောပေးပါခင်ဗျာ"

"အေးကွာ။အေးအေး။ပြောလိုက်ပါ့မယ်။

ကျေးဇူးလည်း တင်တယ်နော်၊ ငါ့တူ။အချိန်ရ,ရင်၊

ခဏ စောင့်ပါဦးလား။သားက, ဘုရားသွားတာ။

ပြန်ရောက်တော့မယ်ထင်တယ်"

"ရပါတယ်။ကျွန်တော် မစောင့်တော့ဘူး။နောက်နေ့မှပဲ၊

လာတော့မယ်"ဟု၊ကျွန်တော်ပြောခဲ့၏။မင်းညာဏ်လာမည့်၊

လမ်းထိပ်ဆီသို့ ၊ စိတ်က, ကြိုရောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နှေးစွာဖြင့်၊ ရပ်ကွက်အတွင်းသို့ ၊ကွေ့ဝင်သေ
မည့်၊မင်းညာဏ်၏ ကားရှေ့သို့၊ခြေစုံပစ်၍၊ကျွန်တော်ရပ်လိုက်သ

"ဂွီ"

ကားရပ်လိုက်သည်နှင့်၊ကား၏၊ရှေ့ဘီးတစ်ဘီး၊ရွှံ့မြေ
တွင်းသို့၊ ကျုံနစ်သွားသည့် အသံ။

ကျွန်တော့်ကိုမြင်လျှင်မြင်ချင်း၊ မင်းညာဏ်, ကားထဲ
ခေါင်းပြူထွက်လာ၏။ပြီးနောက်, ရယ်ရယ်မောမောဖြင့် ..,

"ဟာ။ဘယ်သူများလဲလို့"

နှုတ်ခမ်းတွန့်ရုံမျှ တွန့်ပြလျက်၊ကျွန်တော် သူ့အနား
သွားလိုက်သည်။အနားရောက်သော် ..,

"မင်း။ငါ့ကို မှတ်မိလား"

"အာ။ကျေးဇူးရှင်ဘော်ဒါပဲ။မှတ်မိတာပေ
ငါ့အဖေနဲ့ငါ့အမေကိုတောင်၊မင်းတို့ အကြော
ပြောဖြစ်သေးတယ်"

ကျွန်တော်က၊ကားတံခါးမှာ လက်ထောက်ရင်း ..

"မင်း,အိမ်ကိုငါ, ရောက်ခဲ့ပြီးပြီ။မင်းကိုတွေ့
ချင်လို့၊ ဒီမှာလာစောင့်နေတာ"





"ဟုတ်လား။ကိစ္စရှိလို့လား"

"အေး။ရှိတယ်"

ကားတံခါးတွင် ထောက်ထားသည့်လက်ကိုပြန်ရုပ်ပြီး-,

"မင်း,ငါ့နာမည်ကိုသိလား"

"မသိဘူးကွ။ဟိုနားဒီနားတော့၊ တစ်ခါနှစ်ခါ
မြင်ဖူးတယ်။မင်းနာမည် ဘယ်သူလဲ။ငါ့နာမည်၊
မင်းညာဏ်"

"ငါ့,နာမည် မင်းရန်နိုင်" . . ဟု၊ ကျွန်တော် ပြောလိုက်
သည်။သူ, ခေါင်းညိတ်၏။ပြီးနောက်၊ ကျွန်တော်က ..,

"မင်းကို။မင်းရပ်ကွက်ထဲက,ကောင်တွေ၊
ဝိုင်းထိုးတုန်းက။ရန်စ,ရှိလို့လားလို့ ငါတို့မေးတော့၊
ရန်စ,မရှိဘူးလို့၊ မင်းတို့မောင်နှမ, ဖြေခဲ့တယ်နော်။
လမ်းပေါ်မှာ၊ သွေးရူးသွေးတန်းနဲ့မို့၊ ပြီးစ
လွယ် ဖြေခဲ့တယ်လို့၊ငါထင်တယ်။အခု၊ အေးအေး
ဆေးဆေး ငါလာမေးတာ။ရန်စ,မရှိခဲ့တာ၊ ဟုတ်ရဲ့
လား။ငါသိချင်တယ်"

ကားတံခါးဖွင့်ပြီး၊မင်းညာဏ် အပြင်သို့ထွက်လာ၏။ပြီးမှ,



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာဖြစ်လို့ မေးတာလဲ"

မိုက်ကန်းကန်း လေသံ။ထို့ကြောင့်၊ ကျွန်တော်က . . ,

"သိပြီးသားကိစ္စကို။ထပ်သိချင်လို့ မေးတာ ကွာ။မင်းဘယ်လိုဖြေမလဲ"

ကျွန်တော့်ကို။စူးစိုက်ကြည့်ရင်း . . ,

"မင်းက, လူမိုက်လား"

"ပြောင်း"

လက်ဝါးကို၊ အားကုန်တောင့်တင်းစေပြီး၊ လက်ဖနောင့်ဖြင့်၊သူ့ နှာခေါင်းဆီသို့ ပင့်ရိုက်ပစ်လိုက်သည်။မင်းညက်၏,မျက်နှာတစ်ခွက်လုံး လန်တက်သွားပြီး၊ လူတစ်ကိုယ်လုံး ယိုင်ကျသွား၏။

ကျွန်တော်, သူ့ကား အတွင်းသို့ဝင်လိုက်သည်။ ကားစက်နှိုးလိုက်သည်။ ကားကို နောက်သို့ ရွှေ့အောင်မောင်းလိုက်စဉ်၊ မင်းညက်က၊ တွေ့ရာအုတ်ခဲကို ၊ ကောက်ကိုင်ပြီး ၊ ကားရှိရာသို့ ထ,လာ၏။သူလာရာသို့ ၊ ကားကို ကျွန်တော် ဦးလှည့်လိုက်သည်။

သူ့ ဘေးနားတွင်၊ ဆောင့်ရပ်လိုက်၏။ပြီးနောက် . . . လီဗာကို၊ တဖြင်းဖြင်းမြည်အောင်နင်းထားလျက်-

"မင်းညက်။လက်ထဲက,အုတ်ခဲကို၊ ချလိုက်။





မင်းကားနဲ့။ မင်းကို, ငါ၊ ပြန်တိုက်ပစ်လိုက်မှာ။ ငါ, ဘယ်သူ့မှ၊ (စ)ဂရုမစိုက်ဘူး"

မင်းညက်က, အုတ်ခဲပိုင်းကို မြေပေါ်တွင် ,ပစ်ချလိုက်ပြီး ,

"မင်း။ဘာဖြစ်လို့ လက်ပါတာလဲ"

ကားကို၊ စက်သတ်လိုက်ပြီးမှ၊ ကျွန်တော်က . . ,

"မင်းမေးခွန်းက၊ ပါးစပ်နဲ့ ဖြေလို့မရတဲ့ မေးခွန်းမို့လို့၊ငါဖြေတတ်သလို ဖြေလိုက်တာ"

ပြောပြီး၊ ကားတံခါးဖွင့်ပေးလိုက်သည်။မင်းညက်ဝင်ထိုင်ပြီးကားကို၊ ရပ်ကွက်နှင့်ဝေးရာသို့ မောင်းထွက်ခဲ့၏။

နှစ်ယောက်စလုံးကားထဲမှ၊ထွက်လိုက်ကြပြီးနောက်၊ င်းညက်ကို၊ ကျွန်တော် ကားသော့ပြန်ပေးလိုက်သည်။နှာခေါင်း နေသော မင်းညက်ကို၊ကြည့်ရင်း . . ,



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို။ကျော်ဒွေးအောင်တို့ ဝိုင်းပြီးအနိုင်
ကျင့်နေကြတာမြင်လို့။ငါတို့, မင်းဘက်က၊ ဝင်ပါ
ကြတာ။ဒါပေမဲ့ ,တကယ်တန်းအနိုင်ကျင့်ခဲ့တာ
. . မင်း။

မင်း, ဘယ်သူကို အနိုင်ကျင့်ခဲ့တယ်။ဘယ်သူ
ကို၊ ချောက်တွန်းခဲ့တယ်ဆိုတာ၊မင်းအသိဆုံးပဲ

ငါတို့ဝင်ကူညီခဲ့တဲ့၊မင်းဉာဏ်ဆိုတဲ့ကောင်
က။ဝင်မကူညီသင့်တဲ့၊ မတရားမှုတစ်ခုကို ကျူးလွန်
ထားတဲ့ကောင် . . ဆိုတာ၊ သိလိုက်ရတော့။ငါတို့
ရှက်တယ်ကွ"

"မင်း,ဘာတွေလာပြောနေတာလဲ"

မာန်မပါသည့် အမေးစကား။

"မင်းဉာဏ်။ကျော်ဒွေးအောင်တို့ကို၊ မင်းတို့
မိသားစု အချုပ်ထဲ ပို့တာ၊ ငါတို့သိတယ်။အချုပ်
ထဲက ၊ ထုတ်လိုက်တာလည်း၊ ငါတို့ပဲ။

ဒါဆို။မင်းအကြောင်း ငါ ,ဘယ်လောက်သိ
ထားတယ်ဆိုတာ။မင်း,ခန့်မှန်းလိုက်တော့"





"မင်းက။ဘာဖြစ်ချင်တာလဲ" . . ဟု၊မင်းဉာဏ် မေးသည်။

"ကို ယောက်ျားပီသ,စေချင်တယ်" . . ဟု၊ ကျွန်တော် ပြောခဲ့၏။ကျွန်တော့် စကားကို၊ မျက်နှာအမူအရာဖြင့်သာ၊ မနှစ်မြို့ပြသည်။ တိကျခန့်ထည်သည့် စကားအရာဖြင်ပင်၊ မတုံ့ပြန်။

ကျွန်တော် စကားဆက်လိုက်သည်။

"မင်း,နိုင်ငံခြားလစ်တော့မယ်ဆိုတာ၊ငါ, သိတယ်။နှစ်ဆယ့်လေးနာရီ အတွင်း၊ မြမြမူကို မင်းလက်ထပ်ပါ . . လို့၊ မင်းကိုငါ, တောင်းဆိုရင်၊ မင်း . . , ဘာလုပ်မလဲ"

"ငါ့ကို ခြိမ်းခြောက်နေတာလား မင်းရန်နိုင်"

"မင်းဆီကို၊ ငါ,ခြိမ်းခြောက်ဖို့ လာတာမဟုတ်ဘူး။သတိပေးဖို့လာတာ။မင်း, လုပ်သင့်တာမလုပ်ရင်။ ငါ,သတ်မှာ။

မြမြမူကို၊ မင်း,ပြုမူသလိုမျိုး။တခြားတစ်ယောက်ယောက်က၊ မင်းအစ်မ,ကိုပြုမူရင်။မင်း, ဘယ်လိုခံစားရမလဲ။မင်း,ဘာလုပ်မလဲ"

နှုတ်ထွက်စကားမကြားရ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး။ကျော်ငွေးအောင်က ၊ မင်း
ငယ်သူငယ်ချင်း။

ငယ်သူငယ်ချင်းတစ်ယောက်ရဲ့နှမ,ကို
လုပ်လိုက်တဲ့ အပြုအမူက၊တရားမျှတ,ရဲ့လား
လုပ်ရောလုပ်သင့်ရဲ့လား ။ လုပ်ရက်သလား
မင်းညာဏ်"

"ငါ။ မိဘ,ကို ကြောက်ရတယ်ကွ" . . ဟု၊ မင်းညာဏ်
လေသည်။ကျွန်တော်၊ တဟားဟားရယ်မောပြလိုက်၏။

အရယ်ရပ်ပြီးနောက် . . .,

"မင်း,မိဘရော။မင်းရော။ကိုယ်ချင်းစာ
မထားကြဘူး။ဘာဖြစ်လို့လဲဆိုတော့၊ ကိုယ်တိုင်
ခိုက်ကြသေးလို့ပဲ။

မင်းတို့လိုလူမျိုးတွေက၊ တစ်ခါသတ်ပြီး
ကြိမ်သေရုံနဲ့။လုံလောက်မယ့်သူတွေမဟုတ်
တစ်ခါအသတ်ခံရပြီး၊ အကြိမ်ကြိမ်,သေ . .
နေမှ၊ တန်ကာကျမယ့် သူတွေ။

အဲဒီတော့၊ မင်းကို ငါ, အခု၊ မသတ်





တစ်ခါသတ်ရုံနဲ့အကြိမ်ကြိမ်သေတဲ့နည်းကို၊စဉ်းစား
ပြီးမှ၊ ငါ, သတ်မယ်"

"မင်းရန်နိုင်။မင်းပြောနေပုံက၊ ငါ့မှာ . . ,
ခြေတွေလက်တွေမပါတော့သလိုပဲ။ငါက,သွားခါနီး
လာခါနီးမို့ ငြိမ်နေတာ။မင်းကို ကျွတ်တယ်လို့တော့
မထင်နဲ့။

မြမြမူနဲ့ ငါနဲ့ကိစ္စ။ကျော်ငွေးအောင်နဲ့ငါနဲ့
ဖြစ်တဲ့ ပြဿနာ။အဲဒါ,ငါ့ရဲ့ ကိုယ်ရေးကိုယ်တာပဲ။
ငါနဲ့ကျော်ငွေးအောင် ရန်ဖြစ်တာကို၊ငယ်သူငယ်ချင်း
နှစ်ယောက်ရန်ဖြစ်တာပါ . . လို့ ပါးပါးလေးတွေး
လိုက်ရင်။ပြဿနာက၊ သေးသေးလေးဖြစ်သွားပြီ။

မင်းပြောသလို၊ သတ်မယ့်ဖြတ်မယ့် အခြေ
အနေတောင်၊ မရောက်ပါဘူး။မင်း . . ,ငါ့ဘက်က
ကူခဲ့တာကိုလည်း၊ငါ, ကျေးဇူးတင်ပါတယ်။ဒါပေမဲ့,
ဘယ်ကိစ္စကိုပဲဖြစ်ဖြစ်၊ ပါးပါးလေး လို့ပဲ သဘော
ထားလိုက်ပါလားကွာ။အဲဒါဆို၊ ကိစ္စက, သေးသေး
လေးဖြစ်သွားတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျားဆိုးကို၊ စာနာတရားအကြောင်း၊ ပြောမိခဲ့လေပြီ။မုန်
.ကို၊ ယောက်ထားညှာတာဖို့ စကား၊ ပြောမှားခဲ့လေပြီ။

"မင်းပြောတာကို၊ ငါသဘောပေါက်တယ
မင်းညာကျ်။မြမြမူကို၊ ဘာကြောင့်,ပစ်ပယ်လိုက်
သလဲ ဆိုတာတော့၊ မင်း, ငါ့ကို၊ ပြောပြစေချင်
တယ်"

လေသံဟန်ပန်ကို၊ တမင်လျှော့လျက်၊ ကျွန်တော်ပြော
လိုက်၏။ မင်းညာကျ်က . . ,

"မိဘ,ကို၊ငါ . . ကြောက်ရတယ်လို့၊ပြော
ပြီပဲ။မြမြမူကို အပျော်ကြံခဲ့တာမျိုးတော့၊ဘယ်ဟု
မလဲ။လိုချင်လို့၊ခိုးပြေးတာပဲ။

အိမ်က, မိသွားတော့လည်း ၊ မိဘ,စီစဉ်
အတိုင်း။ငြိမ်နေလိုက်ရတော့တာပေါ့"

"တခြားမိန်းကလေးတွေကိုလည်း၊ မင်း . .
အဲဒီလို၊ လုပ်ဖူးတယ်ဆို"

"အဲဒီလို၊လုပ်တာမဟုတ်ဘူး။အဲဒီလိုခြည်
ဖြစ်ကုန်တာ"





"ဒါဆို။မင်းက,အချစ်ရေး၊ကံမကောင်းသလို၊
ဖြစ်နေတာပေါ့။ဟုတ်လား"

"သနားတတ်ရင်တော့၊အဲဒီလိုတွေးပေးပေါ့
ကွာ"

"ခွေးသူတောင်းစား"ဟု၊စိတ်ထဲမှဆဲဆိုမိလေသည်။
တ်ထွက်စကားကိုတော့၊ ချိုသာလိုက်ရ၏။

"ဒါဆို။မိဘ,ကြိုးဆွဲရာ၊မင်း . . က,နေရတာ
ပေါ့"

မင်းညာကျ်၊ အရှက်ကင်းစွာ ခေါင်းညိတ်၏။ ကျားဆိုးကို၊
ထောင်ချောက်ဆင်ချင်သော အလို့ငှာ၊ကျွန်တော်ကောက်ကျစ်ရ
တော့မည်။ထို့ကြောင့် ၊ ကျွန်တော်က, ရင်မောသံဖြင့် . .

"မြမြမူက၊ မင်းကို ။ တော်တော်စိတ်နာနေ
နေတာကွ။ဟိုကောင်, ကျော်ဌေးအောင်လည်း ၊
မင်းကို၊ စိတ်ဆိုးနေတယ်"

"ဆိုးလည်း၊ မတတ်နိုင်ဘူးကွာ။ငါမှ, မိဘ
ကို၊မလွန်ဆန်နိုင်တာ။မင်းပဲရှင်းပြလိုက်တော့ကွာ"

"အေး။ငါ, သေသေချာချာရှင်းပြလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နားလည်တာ,နားမလည်တာ၊သူတို့အပိုင်းပေါ့

မဟုတ်ဘူးလား"

"ဟုတ်တာပေါ့။မင်းရော၊ ငါ့ကိုနားလည်ရဲ့

လား"

ပါးပိတ်ရိုက်ချင်ပါသည်။မျက်ခွက်ကိုဖနောင့်နှင့်ပေါက်ချင်

ပါသည်။ သို့သော် . . ,

"နားလည်လို့ စကားဆက်ပြောနေတာပေါ့

မင်းက, ဘယ်နိုင်ငံသွားမှာလဲ"

"ဘာဖြစ်လို့ မေးတာလဲ"

"မင်း, အဆင်ပြေရင်။လိုအပ်တဲ့အခါ။ငါ

လည်း၊ အကူအညီတောင်းချင်လို့ပေါ့"

" စ,လုံးသွားမှာ" ဟု၊ မင်းဘုံ ဖြေ၏။ကျွန်တော်က,

"မင်း, ကျောင်းပြီးသွားပြီလား"

"ပြီးပြီ။ဘွဲ့တော့မယူရသေးဘူး"

"ငါလည်း၊ မယူရသေးဘူး။ဒီမှာ အလုပ်,လုပ်

ရင်၊ ချမ်းသာမှာမဟုတ်ဘူး။အပြင်ထွက်ပြီးလုပ်မှ

အဆင်ပြေမယ်ထင်တယ်။မင်း,အဆင်ပြေအောင်





လုပ်ကွာ"

"ပြေမှာပါ"

"မင်း,အစ်မက၊ ကျောင်းပြီးပြီလား"

"ပြီးပြီ။သူက,ဘွဲ့ယူပြီးပြီ။ငါ့ထက်,အသက်

တစ်နှစ်ကျော်ကျော်ပဲ၊ ကြီးတာ"

"သူကျတော့၊အလုပ်မလုပ်ဘူးလား"

"မလုပ်ရဘူး။ထိုင်စားပဲ"

"ဟာ။အဲဒါဆို၊ မိဘ,ကို အားနာဖို့ကောင်း

တာပေါ့။မိဘ,ကို၊ လုပ်ကျွေးဖို့ လိုတယ်လေ"

"ငါတို့မိဘ,က၊ ငါတို့ မောင်နှမ,နှစ်ယောက်

ကိုမျက်စိအောက်က၊ မပျောက်ရင်ပြီးရော။ဘာမှ

မလုပ်ခိုင်းဘူး။ငါ့ကိုတောင်။ကွိုင်ရှိလို့၊နိုင်ငံခြား

လွှတ်တာ"

"အေးကွာ။မင်းနေရာမှာ၊ ငါသာဆိုရင်။နေ

ပျော်မှာမဟုတ်ဘူး။ငါကိုယ်ချင်းစာပါတယ်။အခု

ဘုရား သွားတာကျတော့၊ မင်းတစ်ယောက်တည်း

လွှတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ချိန်သတ်မှတ်ပေးလိုက်တာကွ။ အ

တောင်၊ နောက်ကျနေပြီ။အိမ်ကိုမင်းပါပြန်လိုက်

ရင်၊ အဆင်ပြေမယ်"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ စကားပြောနေလို့ နောက်ကျတာ

ဆိုရင်။ထွေထွေထူးထူး ရှင်းပြစရာမလိုတော့

ပေါ့"

"ငါ့ ပြန်လိုက်ခဲ့တာကိစ္စမရှိဘူး။ခုနက

မင်းနဲ့ငါနဲ့၊ နားလည်မှုမရခင်၊လက်ပါခြေပါကို

တွေ၊မင်းအိမ်က,သိသွားရင်၊မကောင်းဘူးလေ

"ငါ,ပြောပါ့မလားကွ"

ကျွန်တော်က၊ အားနာဟန်ဖြင့် . . .

"မင်းမျက်နှာ နီနေတယ်"

"ရတယ်။ဘုရားက စက်လှေခါးပေါ်မှာ

ချော်လဲတာလို့၊ပြောလိုက်မယ်"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ကားထဲသို့ ရောက်သော်

"မင်းသွားတဲ့နေ့ကျရင်၊ ငါ,လေယာဉ်ကွင်းလိုက်ပို့ပေးမယ်





လေယာဉ်ပေါ်မတက်ခင်၊ငါ့,ပြောစရာရှိတယ်" . . ဟု၊ကျွန်တော်

ပြောလိုက်ပြန်၏။"ဘာပြောမှာမို့လဲ" ဟု၊မင်းညက် မေးသည်။

နောက်မှ ပြောမယ်လေကွာ" . . ဟု၊ပြောပြီး၊ ကျွန်တော် စကား

ဖြတ်သည်။

မှောင်ရီပျိုးနေပြီဟု၊သိ၏။အမှောင်ထဲမှလူကို၊ ရင်ဆိုင်

နိုင်ယူဖို့၊ အမှောင်သို့ ၊ တိုးဝင်ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ဘာအစီအစဉ် ရှိလို့။အဲဒီလို လုပ်ခဲ့တာလဲ"ဟု၊ သာမတ်(စ) မေးမြန်းလေသည်။

"သွားတုန်းက,တော့ထိုးဖို့ကြိတ်ဖို့သွားတာ ပဲ။အနီးကပ် သတိထားကြည့်လိုက်တော့၊ အဲဒီလို ကောင်မျိုးတွေကၤရိုက်သတ်လို့သေသွားရင်တောင်၊ သူတို့ အပြစ်ကို၊ သူတို့သိမှာမဟုတ်ဘူး။

သူတို့ ယုတ်မာတာကို၊ သူတို့သိဖို့။ သူတို့လို ပြန်ယုတ်မာပြမှ၊ နည်းနည်းပါးပါး သိမယ့်ကောင် မျိုးတွေ။ပြန်ယုတ်မာပြရမယ့်၊ အစီအစဉ်ပဲ၊ ငါ , ဆွဲခဲ့ရတော့တာပေါ့"

ကျွန်တော့်စကားကို၊ နိုင်ဇ,က၊ ဘဝင်မကျစွာဖြင့် . . ,

"ဘာလဲ။မင်းက, သူ့အစ်မ,သဇင်နီကို၊တည် ကြက်လုပ်မလို့လား"

ကျွန်တော် စကားမတုံ့ပြန်ဘဲ၊ ငြိမ်တိတ်နေလိုက်၏။အဲဒါ ကြွာ၊ ဝန်ခံလိုက်ခြင်းဖြစ်သည်။နိုင်ဇ, က . .



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခွေလုံး,တစ်မျိုးလုံး၊ ပြာချပစ်မယ်

ငါပြောတုန်းက၊ ခြေမ,မကောင်း . . ခြေမ၊ လက်

မကောင်း . . လက်မ, လို့၊ မင်း. . ပြောဖူးတ

နော် . . ၊ မင်းရန်နိုင်။

ကိုက်တတ်တဲ့ခွေးကို၊ ရိုက်သတ်လိုက်

ကောင်းတယ်။ပြိုင်ကိုက်တာတော့မကောင်းဘူ

မင်း,အစီအစဉ်ကြီးက၊ ခွေးနဲ့ပြိုင်ကိုက်ဖေ

မဲ့၊ အစီအစဉ်ကြီးပဲ"

စေတနာသိသိပ် ယိုဖိတ်စကား . . ဟု၊ ကျွန်တော်နားလ

ပါသည်။ "ခွေးကျင့်ခွေးကြံ၊ ကြံခဲ့တဲ့ကောင်ကို။ခွေးလိုပဲ၊ပြန်ကို

ရတော့မယ် သူငယ်ချင်း" . . ဟု၊ မဝံ့မရဲဖြင့်၊ ကျွန်ုတော် ပြော

သည်။ကျော်ဌေးအောင်က . . ,

"ငါတို့ ။ မှားများမှားနေသလား မင်းရန်နိုင်

အစော်ကားခံရတဲ့သူတွေက၊ပြန်စော်ကားဖို့

ဝန်လေးနေကြတယ်။အဲဒါ, ငါတို့အမှားလား။ဒ

မဟုတ်၊ ငါတို့ အားနည်းချက်လား"

"အားနည်းချက်ပဲဆိုပါတော့ကွာ။စာနာစိ





ရှိတဲ့လူတိုင်း၊ မတရားလုပ်ဖို့။ ဝန်လေးစောတ်ကြ

တယ်။အဲဒီ ဝန်လေးနေတာကိုက၊ အားနည်းချက်

တစ်ခု ဖြစ်နေတာပေါ့။

ဘုရားအလိုကျဆိုရင်တော့၊သူတစ်ပါးက၊

မတရားသည်ဖြစ်စေ၊တရားသည်ဖြစ်စေ။ကိုယ်က,

တရားတဲ့ ဘက်မှာပဲ၊နေရမှာပေါ့။ဒါပေမဲ့ . . ,

ငါတို့က။ပုထုဇဉ်ငမိုက်သားတွေဆိုတော့။သူများက၊

တစ်ချက်ခုတ်ရင်။ကိုယ်က, နှစ်ချက်ဖြတ်ချင်တယ်

လေကွာ။

အခုလည်း၊ နိုင်ချင်တယ်ဆိုမှတော့။ ဘယ်

နည်းနဲ့နိုင်နိုင်။နိုင်အောင်တော့၊ငါ, လုပ်ရမှာပဲ။

ကမ္ဘာ့နိုင်ငံကြီးတွေ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ မဟာ

ဗျူဟာခင်းကြတဲ့အခါမှာလည်း၊ နိုင်အောင်ပဲ၊ ခင်း

ခဲ့ကြတာပါကွာ။အရေးကြီးတာက၊ နိုင်ဖို့ပဲ"

"အေးပါ။မင်းက, ဘာစီစဉ်ထားလို့လဲ။ငါတို့ကိုပြောပြဦး

လ"ဟု၊ သောမတ်(စ)က၊ မေးပြော, ပြောပြန်၏။ "မီးစင်ကြည့်က,

က၊ လွှဲပြီး . . ငါ,ဘာမှ စီစဉ်မထားဘူး"ဟု၊ကျွန်တော်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝ, သက်ပြင်းချလေသည်။ပြီးသောအခါ . .

"မင်းညာဏ် လေယာဉ်ပေါ်မတက်ခင်
မင်း, ဘာပြောမှာလဲ"

"သူ, မခံနိုင်မယ့်စကား၊တစ်ခွန်းခွန်း
ဘာပြောရမလဲတော့၊မစဉ်းစားရသေးပါဘူး"

ကျွန်တော် တကယ်မစဉ်းစားရသေးပါ။ ဒါပေမဲ့ , သေသေချာချာတော့၊ ပက်ပက်စက်စက် စဉ်းစားရပေမည်။

ကျွန်တော်တွင်မက၊ကျွန်တော့်အမေက,ပါ၊ သဇင်နီ့ အံ့သြစွာ ကြည့်နေ၏။အံ့သြမည်ဆိုလည်း၊အံ့သြချင်စရာ။

အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော့်မှာ, ဘယ်တုန်းက မိန်းကလေးသူငယ်ချင်း၊မရှိခဲ့သောကြောင့်၊ဖြစ်၏။ထို့အပြ သဇင်နီတစ်ယောက်တည်း၊ ကျွန်တော်ရှိရာသို့လာပြီး၊ကျွန်တော့် စကားပြောခြင်းကြောင့်၊ ကျွန်တော်ကိုယ်တိုင်လည်း၊အံ့သြရခြင်း သည်။





"မင်းရန်နိုင်ကို၊ တို့,စကားနည်းနည်းပြော
ချင်တယ်။အချိန်ရမလား"

ကော်ကျွတ်အိပ်ပါး အတွင်းသို့နှင်းသစ်တော်သီး ငါးလုံး ထည့်ပြီး၊ သူ့ကိုလှမ်းပေးရင်း-"ရပါတယ်" ဟု၊ကျွန်တော်ပြောသည်။ သစ်သီးပုံများအကြားရှိ ပက်လက်ကုလားထိုင်ပေါ်တွင်၊ထိုင်နေသည့် အမေ့ကို၊မသိမသာကြည့်လိုက်ပြီးမှ၊သဇင်နီ့ဘက်သို့လှည့်ကာ . .

"ဘာပြောစရာရှိလို့လဲ"

"မင်းညာဏ်အကြောင်း"

"ဩော်" . . ဟု၊ကျွန်တော်ပြောပြီး . . ,

"ဟိုရှေ့က၊ လက်ဘက်ရည်ဆိုင်မှာ၊ ပြောမ
လား"

ဆိုင်ရှေ့ ကားလမ်းတစ်ဘက်ရှိ၊လက်ဘက်ရည်ဆိုင်ကို၊ညွှန် ပြရင်း၊မေးလိုက်သည်။သူခေါင်းညိတ်၏။"အမေ၊ကျွန်တော်,သူငယ် ချင်းနဲ့ခဏလိုက်သွားလိုက်ဦးမယ်"ဟု၊အမေ့ကိုလှမ်းပြောလိုက်သည်။ သဇင်နီ့ကိုတစ်လှည့်,ကျွန်တော့်ကိုတစ်လှည့်ကြည့်ပြီး ၊ အမေ. . , ခေါင်းညိတ်၏။



www.burmeseclassic.com

"ညာဏ်လေးကို။ကျော်ငွေအောင်တို့၊ သ

ကြောင့်၊ထိုးကြကြိတ်ကြတယ်ဆိုတာ၊တို့မသိဘူ

မင်းရန်နိုင်တို့ထဲက။ကောင်လေးတစ်ယောက်

ရန်စ,ရှိလို့လား . . လို့၊မေးတုန်းက၊မရှိဘူး ..

တို့ ,ဖြေခဲ့မိတယ်။အဲဒါကို၊တို့,လာတောင်းပန်တ

အဲဒီအချိန်အထိ၊ညာဏ်လေးနဲ့ကျော်ငွေအော

ဘာပြဿနာဖြစ်ထားတယ်ဆိုတာ၊တို့, မသိဘူ

"အခုသိပြီလား". . ဟု၊ကျွန်တော် မေးလိုက်သည်။

သဇင်နီက . . ,

"သိပြီ။သိတာတောင်၊ တစ်ခုချင်းဆက်

ပြီးမှ၊သိရတာ"

"ဘာတွေကို ဆက်စပ်ရတာလဲ"

"ညာဏ်လေးက၊ကောင်မ,လေးတစ်ယော

ကို ၊ ခိုးပြေးတယ်ဆိုတာပဲ၊ အိမ်မှာတို့ကြားတ

ဖေဖေတို့,မေမေတို့ ၊ အချိန်မှီပြန်ပို့လိုက်တယ်

တာလည်းကြားတယ်။

ဒါပေမဲ့။အဲဒါ,ကျော်ငွေအောင်ရဲ့နှမ, ဆ





မြမြမူဆိုတာ။လမ်းပေါ်မှာ၊ညာဏ်လေးဝိုင်းအာထိုးခံ

ရပြီး၊အမှုဖွင့်ကြတော့မှ၊တစ်စွန်းတစ်စ,သိရတာ။

နှမ,ကိုလည်း၊စော်ကားသေးတယ်။အစ်ကို

ဖြစ်သူကိုလည်း၊ထောင်ထဲပို့ဖို့လုပ်ကြသေးတယ်

လေ။ပြီးတော့၊ မနက်ဖြန်၊ ညာဏ်လေးက၊ နိုင်ငံခြား

သွားတော့မှာ။

ဒါ,ယုတ်မာတာပဲ။မောင်နှမ,ချင်းတောင်၊

ရှုံမိတယ်။ဖေဖေတို့မေမေတို့ကိုလည်း၊မပြောရဲပေမဲ့,

ဒါ . . မတရားမှုဆိုတာ၊တို့သိတယ်။

လမ်းပေါ်မှာ။မတရားဘူးထင်ပြီး ဝင်အကူ

အညီပေးတဲ့သူတွေကို၊ လိမ်သလိုဖြစ်မှာစိုးလို့။တို့,

လာရှင်းပြတာပါ။လိမ်ပြောသလိုဖြစ်ခဲ့လို့လည်း၊

လာတောင်းပန်တာပါ။တခြားသူငယ်ချင်းတွေကို

လည်း၊တောင်းပန်ပေးပါနော်"

ဖြူလွှကြည်မြသော၊အလှမျက်နှာထား။ဝင်းပ,ဖြူစင်သော

ယက္ကန္ဓြေ။ကရုဏာသက်သော၊ စကားသံသာတို့ကို၊ မြင်တွေ့

ကြားသိနေရပါလျက်၊ ဒါ . . ,မင်းညာဏ်၏ အစ်မ,ရင်းတစ်ယောက်

www.burmeseclassic.com



မှ၊ ဟိုတ်ပါလေစ,ဟု၊ တ,သ,တွေးမောမိပေသည်။

အတွေးငယ်ကိုဖောဖယ်ပြီး၊ကျွန်တော်က . . .

"ကျွန်တော်လည်း ၊ ကျော်ဌေးအောင်တို့

မောင်နှမ,နဲ့အဲဒီရန်ပွဲပြီးတော့မှ၊ ရင်းနှီးသွားတယ်

ပွင့်ပွင့်လင်းလင်းပြောပြရရင်၊အဖြစ်အပျက်အကု

လုံးကို၊သိပြီးပြီဆိုပါတော့"

"ဟိုတစ်ခါ,သစ်သီးလာဝယ်ကတည်းက၊ မှ

ပြချင်တာ။မေမေပါလာလို့မပြောဖြစ်ခဲ့ဘူး။ဒါ

မနေ့က၊အိမ်ကိုဘာလာလုပ်တာလဲ"

"ကျွန်တော်အမှန်အတိုင်းပြောရမှာလား

နှုတ်ခမ်းလှုပ်ရုံမျှ ၊ သူ. . ပြုံး၏။ ပြုံးပြီးနောက်,

"တို့က၊အမှန်အတိုင်းပြောပြချင်လို့ ဒီကိုလ

တာလေ"

ကျွန်တော် ခေါင်းတဆတ်ဆတ်ညိတ်ပြီး . .

"မြမြမူကိုစွ၊မင်းညာဏ်နဲ့ဆွေးနွေးဖို့လာတာ

အစ်မ,တို့အိမ်က၊အပြန်။ရပ်ကွက်ထိပ်မှာ၊ကျွန်တော်

သွားစောင့်နေတာ။ဆွေးနွေးတာ အဆင်မပြေလို့





ကျွန်တော် တစ်ချက်ထိုးလိုက်မိသေးတယ်။ သူ,

ပြန်မပြောဘူးလား"

"မပြောဘူး။မင်းရန်နိုင်၊ လေယာဉ်ကွင်း

လိုက်ပို့လိမ့်မယ်လို့တော့၊ပြောသံကြားတယ်။

ဆွေးနွေးတာ အဆင်မပြေဘူးဆိုတော့။

မင်းညာဏ်က၊ဘာပြောလို့လဲ"

"မိဘကို ကြောက်ရ,တယ်..တဲ့။မလွန်ဆန်

နိုင်ဘူး . . တဲ့။မြမြမူကို မပတ်သက်တော့တာ၊

မိဘ,ကြောင့် ဆိုတဲ့သဘောမျိုး၊သူ . . ပြောတာ။

ကျွန်တော်လည်း၊မထိုးချင်,မကြိတ်ချင်တော့

တာနဲ့။ရေလိုက်ငါးလိုက်ပဲ၊ပြောဖြစ်တော့တယ်"

"မိဘ,ကို၊တုန်နေအောင်၊ကြောက်ရတာမျိုး

မဟုတ်ပါဘူး။သူကိုက၊အဲဒီပြဿနာမျိုး၊ခဏခဏ

ဖြစ်တာ။

ဖေဖေတို့,မေမေတို့ကလည်း၊လူတန်းစားခွဲ

ခြားချင်စိတ်လေးက,ရှိတော့၊ မြင်းကို ချိုတတ်ပေး

သလိုဖြစ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ၊ နှမ,မရှိဘူးဗျ။ဒါပေမဲ့ .
မြမြမူကို၊ ကျွန်တော်သနားတယ်။ကျော်ငွေအေ
ကိုလည်း၊ ကိုယ်ချင်းစာတယ်။

အစ်မမောင်မှာ၊အဲဒီ သနားစိတ်ရော,စာ
စိတ်ရော၊မရှိဘူးဗျာ။ပြီးတော့ ၊ မိဘ,တွေမှာ
မရှိကြဘူးလား"

အားနာနာနှင့် ပြောရသော်လည်း၊ စကားသံတွင်၊ အား
သွားရ၏။သဇင်နီက၊ခေါင်းငုံ့,မျက်နှာလွှဲရုံမှအပ၊ စကားများတွေ
မည်သို့မျှ ကာကွယ်လိုဟန်မရှိ။စူးလိုရာမစိုက်သေးသဖြင့်၊မြင်မြင်
ကိုပစ်ပေါက်လေသူ . . ဟု၊ကျွန်တော် ကိုယ့်ကိုကိုယ်သတိပြုမိလို
သည်။ ထို့ကြောင့်, နှုတ်ဆိတ်နေလိုက်တော့၏။

"တို့ကို၊မြမြမူတို့မောင်နှမ,နဲ့၊တစ်နေရာ
မှာ၊တွေ့ဖို့ ကူညီပါလားဟင်"

တိုးလျှိုးသော မျက်နှာထား၊တောင်းခံသည့် မျက်ဝန်းက
"ကျွန်တော်ကူညီနိုင်ပါတယ်။ဘာလုပ်
တွေ့ချင်ရတာလဲ"

သဇင်နီက၊ မျက်ခုံးအလှကို၊တွန့်ကွေးအားယူလျက် -





"ဖြေရှင်းပေးဖို့၊ဘာအင်အားမှ ၊ မရှိတော့။
တောင်းပန်စကားပြောရုံပဲပေါ့"

"ဒီထက်၊ထိရောက်တဲ့၊အဖတ်ဆယ်နည်း။မရှိတော့ဘူးလား
သဇင်နီရယ်" . . ဟု၊တုန်လှုပ်စွာ ကျွန်တော်မေးလိုက်မိသည်။

"မိဘ,နဲ့၊အတိုက်အခံလုပ်ရမှာ . . "

ရင်နင့်သွားဟန်တူ၏။စကားသံ တိမ်ဝင်သွားသည်။မျက်
တောင်များကို၊ ပုတ်ခတ်နေ၏။နှုတ်ခမ်းနှစ်လွှာကို၊ပါးလှပ်စွာ
ပိတ်ထားလျက်၊အငိုစိတ်ကို ထိန်းလေသည်။သို့သော် . .
မျက်ရည်ရောင်ကို၊မတားဆီးနိုင်။

အာရုံလွှဲသောအလို့ငှာ၊ကျွန်တော်က . . ,

"မသဇင်နီရဲ့,နေရာကို၊ကျွန်တော်,စာနာလို့
ရပါတယ်။မိဘ,နဲ့၊အတိုက်အခံလုပ်ဖို့ဆိုတာ၊ ဗုဒ္ဓ
ဘာသာ မြန်မာလူမျိုးတွေအတွက်၊အင်မတန်ခက်
ခဲတဲ့၊ကြီးလေးတဲ့၊အ,ကုသိုလ်ကြီးပဲ။ကိုယ်က၊သားသ
မီးပဲ။ဘာတတ်နိုင်မှာလဲ။အ,ကုသိုလ်မကြီးမားအောင်၊
ကြီးကြီးမားမားသာ၊မျိုသိပ်ထားလိုက်ပါတော့ဗျာ"

"တို့မိဘ,က၊တို့မောင်နှမ,နှစ်ယောက်ကို၊



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တာ၊တို့သိပါတယ်။ဒါပေမဲ့, သူတစ်

ပြဿနာဖြစ်ရင်၊ကိုယ့်သားသမီး မှန်မှန်မှာ

ကာကွယ်ပေးတာ၊ များလွန်းတယ်"

"ဒါက,တော့၊မိဘ,တချို့ရဲ့ အတ္တတစ်မျိုး

ပျာ"

"တို့ . . ,မြမြမူတို့ဖမောင်နှမ,ကိုရော။မိဘ

ရော။တောင်းပန်ချင်တာပဲသိတယ်။ဘယ်လိုစ

နဲ့၊ တောင်းပန်ရမှန်းမသိဘူး"

"ကျွန်တော် ရှင်းပြထားလိုက်ပါ့မယ်။

မရှိင်းပါဘူး"

"ကျေးဇူးတင်ပါတယ်" ဟု၊သဇင်နီ ပြော၏။စားပွဲပေ

နှင်းသစ်တော်သီးများပေါ် သို့၊နေပျော့က်တွေ ၊ ထိုးကျနေပေ





"နင့်ကောင်မ,လေးက၊ဖြူစွတ်စွတ်နဲ့။ဗမာမဟုတ်ဘူးလား"

အမေ,မေးသည်။"ကျွန်တော့်ကောင်မ,လေးမဟုတ်ပါဘူး။

ဒီအကျွမ်းပါ"ဟု၊ကျွန်တော် ဖြေပြော,ပြောရသည်။"ဟဲ့။မိဘ,ဆို

သားသမီးအရိပ်အခြေကို၊တစ်ချက်ကြည့်လိုက်တာနဲ့ သိတယ်။

ဘာသာနင်၊အသိအကျွမ်းမက,လို့၊ ,မသိဘဲ ကျွမ်းကျွမ်း၊ အဲဒီ

ကောင်မ,လေးနဲ့, နင်နဲ့၊သမီးရည်းစားဖြစ်လိမ့်မယ်။ဒါပဲ။အခုမဖြစ်

နောက်ဖြစ်လိမ့်မယ်". . ဟု၊တတ်အပ်သချာစွာ၊ရိုးစွပ်လေတော့

သို့အခါ၊ကျွန်တော်က၊ရယ်ကာမောကာဖြင့် ,

"ဗျော်။အမေက,တော့ခက်ပြီ။အဲဒီကောင်မ,

လေးရဲ့မောင်။ပြဿနာတစ်ခု လုပ်ထားလို့၊ လာ

အကူအညီတောင်းတာ။ကျွန်တော့်ဆီကို"

အမေက . . ,



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့အကြည့်၊နှင့်ရဲ့အကြည့်။နှစ်ကြည့်စ

ကို၊ ငါမြင်တယ်"

"ဘယ်လိုအကြည့်တွေမို့လို့လဲအမေရယ်"

အရှက်နှောသည့် အရယ်အမောဖြင့်၊ကျွန်တော်မေးမိသည်

"တစ်ယောက်နဲ့တစ်ယောက်၊ ကြိုက်နေတဲ့အကြည့်တွေလေ" . .

အမေ ပြော၏။ထိုအပြောကြောင့်၊ဟက်ဟက်ပက်ပက် ကျွန်တေ

ရယ်မိသည်။

အဖေနှင့်တွေ့လျှင်၊ ထိုကိစ္စကို၊ အမေ့ထပ်ပြောပေလိမ့်

မည်။ကျွန်တော်သည်လည်း၊ထပ်မံ၍ ၊ ရယ်မောနေရပေဦးမည်

အသေးစိတ်တော့၊ ပြောပြဖြစ်မည် မဟုတ်ပါ။

"မင်းအမေရဲ့ အစွပ်အစွဲကိုမင်းက၊သဘော

ကျနေတယ်မဟုတ်လား"

အပြောင်အနောက်စွက်လျက်၊ နိုင်ဇေ့မေးသည်။ကျွန်တော်





"ကျော်ဌေးအောင်တို့မောင်နှမ၊ကို၊သဇင်နို

တွေ့ချင်နေတယ်ဆိုတဲ့အကြောင်း၊ငါပြောပြတာလေ။

ငါ့အမေရဲ့ပြောစကားအကြောင်းကို၊ငါအမိက၊ထား

ပြောတာမဟုတ်ဘူး။အဲဒါကြောင့်၊ငါ့အမေရဲ့

စကားနဲ့ပတ်သက်တဲ့ မေးခွန်း။မင်း၊မမေးသင့်ဘူး"

"မမေးသင့်ဘူးလို့ပြောတဲ့မျက်နှာထားက၊စိတ်ဆိုးမာန်ဆိုး

ည်းမရှိဘူး" . . ဟု၊နိုင်ဇေ့ ပြောပြန်၏။ကျွန်တော် သူ့ကိုထိုးဟန်

ိုက်သည်။ကိုယ်ကို ယို့လျက်၊သူရှောင်၏။သောမတ်(စ)က . . ,

"မနောက်ပါနဲ့ကွာ။တော်ကြာ, နောက်တဲ့

အတိုင်း၊ တကယ်မှုဖြစ်ရင်၊ဒီကောင်စိတ်ထိခိုက်နေ

ပါဦးမယ်"

၎င်းစကားသည်လည်း၊အတည်အခန့်မဟုတ်ပြန်။ထို့ကြောင့်

ကျွန်တော်က . . ,

"သဇင်နို့ကို၊ ကျော်ဌေးအောင်တို့မောင်နှမ,

နဲ့၊ဘယ်လိုတွေ့ပေးရ,မှန်းမသိလို့၊မင်းတို့ကို၊အကုန်

ပြောပြတာ။မယောင်ရာဆီလူးနေတယ်"

မျက်နှာတည်ဖြင့်၊ကျွန်တော်ပြောလိုက်သည်။နိုင်ဇေ့က၊



www.burmeseclassic.com

www.burmeseclassic.com



"ဟော။စိတ်ဆိုးမှန်းသိအောင်၊မျက်နှာကြီး
စူပြနေပြီ။မနောက်နဲ့တော့၊သောမတ်(စ)"

"ငါ့မနောက်ပါဘူး။ဒီကောင်ပြောတဲ့စကား
ပေါ်မူတည်ပြီး၊ ငါပြောတာလေ။အမေ စွပ်စွဲတဲ့
စကားကို၊ဒီကောင်၊ဘာဖြစ်လို့ထည့်ပြောတာလဲ
ပြောစရာမှမလိုတာ။

မလိုဘဲပြောတာ ၊ အပိုစကား ။ အပိုစကား
ဆိုတာ၊ကြွားချင်တဲ့လူတွေ ပြောတာကွ။ကြွားပြီး
ကတည်းက၊အကြွားခံရတဲ့လူတွေရဲ့၊ ထိကပါး
ရိကပါးစကားကိုတော့၊နည်းနည်းပါးပါးခံရမှာပဲ"

"ကဲ . .။ငါ့မကြွားတော့ပါဘူး။မထိလည်း
မထိပါနဲ့တော့၊မရိလည်းရိပါနဲ့တော့။ စကားကောင်း
ပြောပါရစေ"

ကျွန်တော်က,ပဲ၊ ပန်ကြားတောင်းပန်လိုက်ရလေသည်။
ထိုအခါကျမှ၊နိုင်ဇ,က . . ,

"ပြောစေ . . မောင်မင်း၊ပြောစေ"

ကျွန်တော်က,





"ငါ့,လေယာဉ်ကွင်းသွားမယ်။ညနေ။
မင်းတို့နှစ်ယောက်၊ကျော်ငွေးအောင်တို့အိမ်က
စောင့်နေကြ။အပြန်ငါ,ဝင်လာခဲ့မယ်"

သောမတ်(စ)က . . ,

"အပြန်။မင်းက၊ဘယ်သူ့ကို ခေါ်ခဲ့မလို့လဲ"

"ဘယ်သူ့ခေါ်ရမှာလဲ။ငါ့ဘာသာတစ်ယောက်
တည်းလာမှာပေါ့"

"မသိပါဘူး။ သဇင်နီ့ကိုများ ၊ ခေါ်လာ
မလို့လား . . လို့"

"ဘာဖြစ်လို့၊ခေါ်လာရမှာလဲ"

"မင်းပဲ၊ကျော်ငွေးအောင်တို့နဲ့ ,တွေ့ပေးမလို့
ဆို"

"သူတို့ မောင်နှမ,ဆီက၊ခွင့်ပြုချက်ရပြီးမှ၊
ခေါ်ရမှာ။ခွင့်မတောင်းရသေးဘဲ၊ ခေါ်လာလို့။
ဘယ်ဖြစ်မလဲ"

"ခွင့်ပြုပါပြီ . . တဲ့။မင်းက,ဘယ်လိုသွား
ခေါ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွားမခေါ်ပါဘူး။ဖုန်းလှမ်းဆက်ရမှာ

"ဟိုက်, ရှားပါး။ဖုန်းနံပါတ်တွေ ဘာတွေ

ပေးထားတယ်ပေါ့"

ကျွန်တော် ခေါင်းညိတ်ရုံသာ ညိတ်ပြပြီး၊မျက်နှာထား

တည်တည်နေရ၏။နိုင်ဇ,က . .

"မင်း . . ,ဟိုကောင့်ကိုလိုက်ပို့ပြီး၊ကွင်း

မဝင်ခင်၊ဘာစကားပြောမှာလဲ"

ကျွန်တော်၊ ပြောဖို့, ပါးစပ်ပြင်လိုက်ပြီးမှ -

"နောက်မှပြောပြမယ်"

"အခုပြောပြတော့၊ ဘာဖြစ်မှာမို့လို့လဲ"

ကျွန်တော်က၊ဩဝါဒ,ပေးသူတစ်ဦး၏ဟန်၂န်ဖြင့်,

"စကားဆိုတာ၊ပြောချင်တိုင်း၊မပြောရဘူး

ပြောသင့်တဲ့အချိန်၊ပြောရမယ့်အချိန်ကျမှ၊ပြော

တယ်။အဲဒါမှ၊ပြောတဲ့စကားထိရောက်တယ်"

"မပြောချင်လည်း၊မပြောပါနဲ့တော့ကွာ

စကားကြီးစကားကျယ်တွေတော့၊မကြားပါရစေနဲ့

နားကြားပြင်းကတ်လွန်းလို့ပါ"





နိုင်ဇ,က၊ကျွန်တော့်ကို၊မျက်နှာတည်ဖြင့်၊ပြန်နောက်၏။

တော်၊ပြုံး၍နေလိုက်သည်။

မင်းညာဏ်ကို၊သူ့မိသားစုနှင့်ကျွန်တော်မှလွဲ၍၊မည်သူမျှ၊

က်မပို့ကြ။ခိုးချောင်ခိုးဝှက်ခရီးဟု၊ကျွန်တော်ပို၍ နားလည်လိုက်

ည်။

မိသားစုရှေ့မှောက်တွင်၊သဇင်နီက၊ကျွန်တော့်ကို၊စကား

စ်ခွန်းမျှမပြောချေ။ကျွန်တော်ကလည်း၊မင်းညာဏ်တစ်ယောက်

ည်းကိုသာ၊ပိုမိုရင်းနှီးဟန်မျှား တမင်ပြုကာ၊အလိုက်တသင့်နေ

က်၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြားမှာ၊သူတို့သားအဆင့်ပြေလျှင်၊နောက်မှလိုက်
လိုသောကြောင့်လာရောက်ကျွမ်းဝင်နေသူဟု၊မင်းညာဏ်ရော,သူ့မိဘရော
ကျွန်တော်ကိုထင်မြင်နေပေမည်။သဇင်နီက,တော့၊ထိုသို့ထင်မြ
လိမ့်မည်မဟုတ်ပေ။မြမြမူနှင့်သက်ဆိုင်သည့်၊ကိစ္စတစ်ခုခုဖြင့်၊လာ
ရောက်သူဟု၊ခန့်မှန်းထားပေမည်။

မိဘနှင့်အစ်မ,ဖြစ်သူကိုနှုတ်ဆက်အပြီး၊လိုက်လံပို့ဆောင်
များကျန်ခဲ့ရမည့်နေရာအထိ၊မင်းညာဏ်နှင့်၊ကျွန်တော်ကပ်၍လိုက်သွ
သည်။သူပြန်ထွက်၍မရတော့သော၊ဝင်ပေါက်အတွင်းသို့ ၊ မင်းညာ
ဝင်ပြီးသည့်အခါ၊ကျွန်တော်,ကမန်းကတန်းလှမ်းခေါ်လိုက်၏
သူ့အိမ်က,လူတွေ၊လှမ်းကြည့်နေသေးသည်။

"မင်းညာဏ်"

မင်းညာဏ်ပြန်လှည့်လာ၏။သို့သော်, အပြင်ကိုထွက်ခွင့်
ရှိတော့။ထိုအခြေအနေကို၊ကျွန်တော်တမင်စောင့်နေခြင်းဖြစ်သည်

"မင်းရန်နိုင်၊ ဘာလဲ"

"မင်း။အပြင်ထွက်လို့၊ရသေးလား"

မသိချင်ယောင်ဆောင်ပြီး၊ကျွန်တော်မေးလိုက်သည်။"မ
တော့ဘူးလေ"ဟု၊သူပြောသည်။





"ငါပြောစရာရှိလို့"

"ဘာပြောမှာလဲ"

ခပ်ဝေးဝေးရှိ၊သူ့မိသားစုတွေဆီသို့၊ကျွန်တော်လှည့်ကြည့်
ကြည့်ကြည့်
်ကြည့်
ကြည့်
်ကြည့်

ကြည့်
ကြည့်
်ကြည့်

ကြည့်
ကြည့်
်ကြည့်
ကြည့်
ကြည့်
်ကြည့်
ကြည့်

www.burmeseclassic.com



ချာချာကြည့်တော့မယ်"

"တောက်"

တက်ခေါက်သံသည်၊သိပ်မပြင်းထန်။သိုသိပ်နေရှာ

"ဒေါ်သ.သိပ်မထွက်နဲ့လေ . . မင်းညာ

မင်းပဲပြောထားတယ်လေ။ဘယ်ကိစ္စကိုပဲဖြစ်

ပါးပါးလေးလို့သဘောထားရင်၊သေးသေးလေး

သွားတာပါပဲဆို။

အခု,ငါပြောတဲ့၊စကား,ကိစ္စကိုလည်း၊ပါး

လေး . . လို့၊သဘောထားလိုက်ပါလား။အဲ

သေးသေးလေးဖြစ်သွားမှာပါ"

"မင်းအကြံ၊ဒါအကုန်ပဲလား"ဟု၊မင်းညာဏ်မေးလေသ

"ဟုတ်တယ်။မင်းပြန်လာမယ့်အချိန်အ

ငါပြောတာကိုဖြစ်အောင်လုပ်ထားလိုက်မယ်

ယောက်ျားဆိုရင်၊ အခုဖြစ်တဲ့ဒေါ်သ,ကို၊ မျိုး

ထားလိုက်။ ပြန်တွေ့တဲ့အခါ စာရင်းရှင်းမ

ဘယ့်နှယ့်လဲ။

အဲဒါမှမဟုတ်လို့ဝုန်းဒိုင်းကျဲချင်တယ်ဆို





ငါ,အပြင်က၊စောင့်နေမယ်။အပြင်မှာပြဿနာဖြစ်

ရင်တော့၊မင်းရဲ့နိုင်ငံခြားခရီးစဉ်ကြီး၊ပျက်ပြီ။မင်း,

ကြိုက်တာရွေး"

ကျွန်တော်က၊ရိုသဲ့သဲ့မျက်နှာထားပေါင်းစုံဖြင့်၊ပြောလိုက်

မင်းညာဏ်က၊မေးကြောတစ်ချက်တင်းပြီး . .

"ငါ့အစ်မ၊တစ်ခုခုဖြစ်လို့က,တော့။မင်းလည်း၊

အသေပဲ"

"မင်းက။တော်တော်တရားတဲ့ကောင်ပဲ။သူ

များနှမ,ကျတော့၊မင်းလုပ်ချင်သလိုလုပ်သွားတယ်။

မင်းအစ်မ,ကို၊ငါ,ပါးစပ်နဲ့ပြောရုံပဲရှိသေးတယ်။

မင်းက,ကြိမ်းလိုက်မောင်းလိုက်နဲ့။တော်တော်

မျှတ,တဲ့ကောင်"

မင်းညာဏ်က . . ,

"မင်းကိုသတ်ဖို့ ငါပြန်လာခဲ့မယ် မင်းရန်နိုင်"

ပြောပြီး၊သူ့မိသားစုရှိရာသို့၊ပြုံးလျက်,လက်လှမ်းပြ၏။

နောက်၊ချာကနဲ ထွက်ခွာသွားလေသည်။ ကျွန်တော် . . .

ာက်ကျောကို၊လှည့်မကြည့်သေးဘဲ၊ကျေနပ်စွာပြုံးပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းညာဏ်၏မိသားစုဝင်များအားလုံး၊ဘာမျှမသိလိုက်ကြ။

ကျော်ဌေးအောင်၏ဖခင်၊ ဦးချစ်အေးက၊အသောက်အ
စစ်စစ်ဖြစ်သည်။မည်သူ့ကိုမျှ၊ဆူဆူဆဲဆဲမရှိ။ကျွန်တော်တို့နှ
သောအခါ၊ပြုံးပြုံးနှုတ်ဆက်လေ့ရှိသည်။

လေယာဉ်ကွင်းမှ၊ကျွန်တော်တစ်ယောက်တည်းပြန်
ကျော်ဌေးအောင်တို့အိမ်သို့အရောက်တွင်၊သောမတ်(စ)နှင့်
က၊ကျော်ဌေးအောင်နှင့်အတူ၊အိမ်ရှေ့ကွပ်ပစ်မှာ၊စုဝေးထိုင်စောင့်
၏။ဖခင်,ဦးချစ်အေးမှာ၊မူးပြီးအိပ်ပျော်နေပြီဖြစ်ကြောင်း၊မိ
တရားထိုင်နေပြီး၊ နှမ,မြမြမူက၊စာကျက်နေကြောင်း၊ကျွန်တော်
သဖြင့်၊ကျော်ဌေးအောင်ပြောပြသည်။

မင်းညာဏ်နှင့်ပြောဆိုစိန်ခေါ်ခဲ့သည့်၊စကားတွေကို
ကျော်ဌေးအောင်ကို၊အားနာနာဖြင့်၊သုံးယောက်စလုံး၏ရှေ့
ကျွန်တော် တီးတိုးပြောပြဖြစ်သည်။နိုင်ဇ,က . .





"ငါ,ပွင့်ပွင့်လင်းလင်း၊မေးမယ်"

"မေးလေ"

"သဇင်နီ့ကို၊ကာယကံမြောက်၊အနိုင်ကျင့်,
ကျူးလွန်ဖို့၊အစီအစဉ်ရှိသလား။မင်းမှာ"

ကျွန်တော့်ကို၊အထိတ်တလန့်ဖြစ်စေသည့်၊အမေးစကား။
ည်းငယ်၊လိပ်ပြာလန့်သွားရ၏။ ထို့ကြောင့်၊ ကျွန်တော်က,

"ငါ ,အဲဒီလောက်အထိ၊ယုတ်ပါ့မလားကွာ"

"ဥပဒေရှိလျက်နဲ့၊လူမှုရေးအရှက်တရားတွေကြောင့်၊ဥပဒေကိုအားမကိုးဘဲ၊ဥပဒေပြင်ပ,က၊လက်တုံ့ပြန်မှုတိုင်းမှာ၊ညစ်ပတ်တာတွေ၊ပက်စက်တာတွေပါသွားတတ်တယ်လေ။အဲဒါကြောင့်၊ငါ,မေးတာပါ။

ပြီးတော့၊ငါတို့ ,မင်းတို့၊လုပ်ကြမယ့်ကိစ္စက၊လူယုတ်မာကို၊နိုင်အောင်လုပ်ရမယ့်ကိစ္စ။သူယုတ်သလို၊ကိုယ်မယုတ်မိအောင်၊တော်တော် သတိထားရမယ့်ကိစ္စ။

နောက်ပြီး၊ကြွက်မနိုင်,ကျီ . . မီးရှို့ရမယ့်ကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှားတာနဲ့၊တစ်သက်စာ၊ထိခိုက်သွ
နိုင်တယ်"

"နိုင်ချင်စိတ်,တုံ့ပြန်ချင်စိတ်တွေ၊ကြီးစိုး
တာကို၊ငါ,ဝန်ခံပါတယ်။ဒါပေမဲ့ . . ,ငါ။ကျော
တစ်ကောင်ဆိုရင်တောင်၊ငါ,လက်သည်းနဲ့၊လိ
ကို၊မကုတ်မဖဲ့ပါဘူးကွာ။ငါ,သတိထားပါ့မယ်"

ထို့နောက်၊သဇင်နီ လာရောက်တောင်းပန်လိုသည့်ကို
ကျော်ဌေးအောင်အား၊ကျွန်တော်ပြောသည်။ကျော်ဌေးအော
နားထောင်ရုံသာထောင်ပြီး၊ဆုံးဖြတ်ချက်မပေးဖြင့်၊ကျွန်တော်

"ငါ့ကိုကူညီတယ်လို့ သဘောထားပြီး
လက်ခံပေးပါ။ငါနဲ့သဇင်နီနဲ့၊ရင်းနှီးဖို့၊သူတော
အကူအညီကို၊ငါပေးချင်တယ်။ငါ့အကူအညီတော
တယ်ဆိုတာကိုလည်း၊မြမြမူကိုမင်းပြောပေး။လိုး
ရင်၊ငါလည်းပြောပါ့မယ်"

ကျော်ဌေးအောင် မျက်နှာမကောင်းချေ။ဒေါသ,နှင့်သော
ကို၊အားငယ်စွာထိန်းထားလေသူ . . ဟု၊ကျွန်တော်မြင်၏။

လောက,၌၊အချို့သောကိစ္စများတွင်၊ အချို့သောသူ





အား၊သတ်ဖြတ်လိုက်ရုံဖြင့်၊အယုတ်တရားများ၊ကင်းပ,မသွားခဲ့
ထိုအခါ၊ အယုတ်,အယုတ်ချင်း၊ ပြိုင်ဆိုင်အနိုင်လုကြသော၊
ပက္ခတို့၊ပိုမိုကြီးထွားများပြားလာလေ၏။

ဤသည်ကို၊အမွေဟု၊ကျွန်တော်သိထား၏။ထို,အမွေနယ်
ယ်အတွင်းသို့၊ကျွန်တော်,ချဉ်းနင်းဝင်ရောက်ခဲ့ချေပြီ။

မြမြမူကို၊ဝတ်ကောင်းစားလှဖြင့်၊ယခုမှသာ ကျွန်တော်
င်ဘူးသည်။သဇင်နီက၊ဖြူဝင်းသောအလှဆိုလျှင်၊မြမြမူသည်၊ညို
က်သည့်အလှ။

ထိုအလှနှစ်ပါး၏နံဘေး၌၊ကျော်ဌေးအောင်နှင့်ကျွန်တော်၊
နေကြရ၏။ကျော်ဌေးအောင်က၊သူနှမ,၏နံဘေးတွင်ရှိပြီး၊ကျွန်တော်က၊



www.burmeseclassic.com

www.burmeseclassic.com



သဇင်နီ၏နံဘေးတွင်ရှိနေသည်။မိဘ,များမသိအောင်၊ထွက်လာ

ဖြစ်ကြောင်း၊ပြောပြကာ၊သဇင်နီစကားအစ,ပျိုး၏။

"တွေ့ခွင့်ပေးတာ၊ကျေးဇူးတင်ပါတ

မင်းရန်နိုင်ကိုလည်း၊တို့,ကျေးဇူးတင်ပါတယ်"

ဤစားသောက်ဆိုင်အတွင်း၊သူတို့တွေ့ဆုံကြရန်၊ဆောင်ကြဉ်း

သဖြင့်၊ကျွန်တော့်ကို ကျေးဇူးတင်စကားဆိုခြင်းဖြစ်ပေမည်

"တို့မိသားစုရဲ့အပြုအမူကို၊တို့,မနှစ်သ

ပေမဲ့၊တို့,ဖွက်ဖက်ခွင့်မရှိဘူး။တို့,မိသားစုကို၊

လွှတ်ဖို့၊တို့လာတောင်းပန်တာမဟုတ်ပါဘူး။

တို့,မိသားစုနဲ့တို့,ကို၊ရောမမြင်ဖို့၊တို့,

တောင်းပန်တာပါ"

"တောင်းပန်စကားကို၊ကျွန်တော်တို့ ,မ

ပယ်ပါဘူး။ ဒါပေမဲ့ ၊ ပြဿနာက ၊ ပြီးသွားပါ

ကျွန်တော်တို့၊ ခံနိုင်ရည်ရှိပါတယ်။ တစ်ရှက်

နှစ်ရှက်ဖြစ်မှာ၊စိုးရိမ်မိတာကိုက၊ကျွန်တော်တ

အရှုံးပါ"

ကျော်ဌေးအောင်က၊ရင်နာစွာပြောသည်။မြမြမူက၊ခေ





နှော၏။သဇင်နီက . . ,

"မြမြမူအပေါ်၊ညီမ,တစ်ယောက်လိုစာနာလို့၊

စာနာဖို့,တို့လာခဲ့တာပါ။တို့,တစ်ခုခုကူညီပါရစေ။

ဘာပဲဖြစ်ဖြစ်ပေါ့"

မြမြမူက၊ဦးခေါင်းကို၊ဆတ်ခနဲမော့လိုက်ပြီး . . ,

"အစ်မ,မောင်နဲ့ကျွန်မ၊ဘာမှမပတ်သက်

တော့ဘူးလေ။ကျွန်မ,အမှားကိုကျွန်မ၊ရဲရဲရင်ဆိုင်

နိုင်ပါတယ်။ဘာအကူအညီမှ၊မလိုပါဘူး။

အခု . . ,ကျွန်မ၊စာမေးပွဲပြန်ဖြေဖို့၊စာပြန်

ကျက်နေပါတယ်။ကိုမင်းရန်နိုင်တို့ ကျေးဇူးကြောင့်၊

ကျွန်မ,ဆီမှာ၊ဘာစိတ်ညစ်စရာမှ၊မရှိတော့ပါဘူး"

သဇင်နီက၊ကျွန်တော့်ကို၊တစ်ချက်ကြည့်သည်။ ပြီးမှ . . ,

"ဩော် ။တကယ့်သူငယ်ချင်းကောင်းတွေပဲ"

ကြည်လင်အားကျစွာ၊ပြောသည်။ကျော်ဌေးအောင်က . . ,

"မင်းရန်နိုင်တို့နဲ့ကျွန်တော်တို့မောင်နှမ,

ခင်တာ၊သိပ်မကြာသေးပါဘူး။ဒါပေမဲ့ ,ငယ်သူငယ်

ချင်းထက်ပိုပြီး၊စောင့်ရှောက်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဇင်နီ၏မျက်နှာထားလေးနွမ်းလျသိမ်ငယ်သွား၏သည်။တောင်းပန်စကားဆိုသော်ငြားလည်း၊မှားသောဘက်၏အငွေ့အသက်က၊အမေ့ခက်စွာ၊ထင်ဟပ်နေတတ်ပြီ။





ယောကျ်ား၊တစ်ယောက်မှာ၊တတ်တဲ့အမှား၊မျိုး၊ငါမှားတယ်ကွာ၊မင်းနဲ့ဘာဆိုင်လဲ၊အားခုတ်ရာဝင်လျှိုတဲ့၊မင်းလက်ကို၊ငါကိုယ်တိုင်လာ ပြတ်မယ်မင်း၊ရန်နိုင်၊

ငါ့ကို၊တစ်ချက်ထိုးထားတဲ့အတွက်ရော၊လေယာဉ်ကွင်းမှာ၊မင်းပြောထားတဲ့စကား၊အတွက်ရော၊မင်းနဲ့၊ငါ့,စာ ရင်းလာ ရှင်းမယ်၊ငါ့,မင်း၊ကို၊တစ်သက်မကျေဘူး၊တွေ့ရာ သချိုင်း,စားမဆိုင်၊ဘဲ၊

မိဘ,လွှတ်လို့၊ငါလာ ရပေမဲ့၊ငါပြန်လာ လို့,ရတာ နဲ့၊မင်း၊ကို့,အရင်လာသတ်မယ်၊မင်းအသက်ကို၊ကျွတ်ကျွတ်အိပ်နဲ့သာ၊ထုပ်ထားပေတော့၊မင်း၊ရန်နိုင်၊ငါမလာမချင်း၊မင်း ...,ကျန်းမာရေးကို၊ဂရုစိုက်ထားပေတော့၊သူများသတ်လို့မသေစေနဲ့ဦးပဲ၊

မင်းရဲ့

သေတမန်

"စာတိုက်က,လာတာလား"ဟု၊ စာအိပ်ကိုပြန်ပေးလျက်ငြိ,မေးသည်။"လာတာတော့၊စာတိုက်က,လာတာပဲ။ဒါပေမဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလာပေးတာက,တော့၊သဇင်နီလာပေးတာ"..ဟု၊စာအိပ်ကိုယူရှ
ကျွန်တော်ပြောပြလိုက်သည်။နိုင်ဇ,က ..

"မင်း။ပီယ,ဆေးများဆောင်ထားသလား

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။သဇင်နီက၊မင်းဆီကို
အကြောင်းအမျိုးမျိုးနဲ့၊ရောက်ရောက်လာတယ်ဆေ
မင်း့ပီယသိဒ္ဓိများပေါက်မြောက်နေပြီလား ..လို့

"ကိစ္စရှိလို့ လာတာပါကွာ"

သောမတ်(စ)က ..,

"စာကို၊သဇင်နီ ဖောက်ဖတ်ထားနိုင်သေ
လား"

ကျွန်တော်က ..,

"မဖောက်ထားပါဘူး။နောက်ပြီး၊စာအိပ်တို့
အထုပ်အပိုးတို့ကို၊ကာယကံရှင်မသိဘဲ၊ဖောက်ဖ
တာ,ဖွင့်ကြည့်တာဟာ၊အဆင့်အတန်းနိမ့်တဲ့အပြု
အမူဆိုတာ။သူသိလောက်ပါတယ်"

ကျော်ငွေးအောင်က ...,





"မင်းညာဏ်က၊မင်းကို့ကြိမ်းမောင်းလိုက်ပြီ။ဒီကောင်၊
ဘာလုပ်မယ်ထင်လဲ"

"ဘာလုပ်လုပ်၊ငါဂရုမစိုက်ဘူး။ရန်ဖြစ်တာ
တောင်၊မိဘ,ပြန်တိုင်တဲ့ကောင်။ဘာလုပ်ရဲမှာလဲ။
အလွန်ဆုံး၊ငါ့ကို ချောင်းရိုက်ရုံပေါ့"

"ဇင်း,စာပြန်ရေးဦးမှလား။ဒီကောင့်ဆီကို"

"မရေးပါဘူး။ပြန်လာတာကို၊အေးအေး
ဆေးဆေးထိုင်စောင့်နေရုံပဲ။အနည်းဆုံးသူ့အစ်မ,နဲ့
ငါ။ရည်းစားဖြစ်နေတာလောက်တော့၊ဒီကောင်
မှီမှာပါ"

ထိုစကားအဆုံးတွင်၊ကျွန်တော့်ရင်ထဲ၌၊ထိတ်ခနဲဖြစ်သွား
သည်။အ,ကုသိုလ်စကား၏နောက်မှ၊စာနာစိတ်လေးအနည်း
မျှ၊လိုက်ပါတွေးတောမိသောကြောင့်၊ထိုသို့,လှုပ်ခပ်သွားရခြင်း
ပေမည်။

အ,ကုသိုလ်ရေပြင်ထဲမှာ၊အတန်ကြာကူးခပ်နေသော (စိတ်
ိုးနှင့်တူသည်) ငါးတစ်ကောင်ကို၊ကုသိုလ်မြေပြင်ထက်၌၊ခေတ္တ
တင်ကြည့်လိုက်ရုံဖြင့်၊ခုန်ပေါက်ရုန်းထ,သကဲ့သို့၊ကျွန်တော့်စိတ်၌လုံး၊



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါ,လှုပ်ခတ်သွားရခြင်းဖြစ်သည်။

အမေမွှ ဟူသည်ကား၊မမွှမြေပြင်ထက်၌၊ထိတ်လန့်
တုန်လှုပ်ရစမြဲ။မတရားမှုဟူသည်ကား၊တရားမှုတ,ခြင်းမြေပြင်ထ
ကြောက်လန့်စွာ၊တုန်ခါရစမြဲ။ ဒါကိုသိကြားထားပါလျက်၊အကြေ
ကြောင်းကြောင့်၊ကျူးလွန်မိတတ်ကြသူများထဲတွင်၊ကျွန်တော်လ
စီတန်းလိုက်ပါနေတော့၏။ထို့ကြောင့်,ခဏခဏတုန်လှုပ်ရ
မည်။

"ဉာဏ်လေးက၊စာထဲမှာ ဘာတွေရေးထားတာလဲ". .
သဇင်နီ မေးသည်။"ထွေထွေထူးထူးမပါပါဘူး။သာကြောင်း
ကြောင်းပေါ့။ပြန်လာရင်၊တွေ့ကြမယ်လို့ကြိုချိန်းတာ". . ဟုမှ
မျက်နှာ မပေါ်လွင်စွာဖြင့်၊ကျွန်တော်ဖြေသည်။





တစ်ပတ်ဆယ်ရက်လောက်တွင်၊သဇင်နီနှင့်ကျွန်တော်,
ခါနှစ်ခါလောက်၊တွေ့ဆုံဖြစ်ကြ၏။တွေ့ဆုံစဉ်တိုင်းတွင်၊နာရီ
တစ်နာရီလောက်တော့၊စကားလက်ဆုံကျဖြစ်ကြ၏။

"မောင်နှမ,နှစ်ယောက်စလုံးကို ၊ မိဘ, တွေက၊
မျက်စေ့အောက်က,အပျောက်မခံဘူးဆို။မင်းဉာဏ်
ပြောဘူးတယ်။အခုကျတော့၊မသဇင်နီ လွတ်လွတ်
လပ်လပ်သွားလို့ရသားပဲ"

လွတ်လပ်ခြင်းကို၊ မြတ်နိုးသော ဝမ်းသာဟန်ဖြင့် . . ,
န်တော်၊ပြောမေး,မေးသည်။သဇင်နီက . . ,

"ခပ်ငယ်ငယ်တုန်းက၊ဟုတ်ပါတယ်။အခုက၊
မငယ်တော့ဘူးလေ။ဒါပေမဲ့၊ သွားဖို့လာဖို့တော့၊
အကြောင်းပြရတာပေါ့။တစ်ယောက်တည်းအပြင်
ထွက်ချင်ရင်၊ဖေဖေလိုက်မပို့နိုင်မယ့်အချိန်ကိုရွေး
ရတာပေါ့"

"အခု။ဘယ်လိုအကြောင်းပြပြီးထွက်လာ
တာလဲ"

သဇင်နီက၊ဖြူစင်စွာပြုံးရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းသွားမယ်။အပြန်နှင်းသစ်တော်
ဝင်ဝယ်မယ်လို့ပြောခဲ့တာပေါ့။မေမေ့ကို"

"ဆေးခန်း။ဟုတ်လားနေမကောင်းဘူးလား"ဟုကျွန်မေ
သွက်လက်စွာ မေးသည်။နှုတ်ခမ်းနှစ်လွှာကိုဖွဖွထိလျက်ပြုံး
သဇင်နီက . . ,

"ဆေးခန်းသွားတာပဲ။ဘာဖြစ်လို့အထိ
တလန့်ဖြစ်ရတာလဲ။ခန္ဓာရှိရင်ဝေဒနာ ရှိမှာ
မဟုတ်ဘူးလား"

ကျွန်တော်က . . ,

"စိုးရိမ်လို့ပါ"

"ဘာစိုးရိမ်စရာရှိလို့လဲ။မစိုးရိမ် ၂ါနဲ့"

"ဩော် . . ။နေမကောင်းဖြစ်ရင်အပြ
မထွက်ရတော့ဘူးလေ။အပြင်မထွက်ရတော့
အခါ။ကိစ္စရှိရင်တွေ့ဖို့ခက်မှာစိုးလို့"

ဆင်ခြင်သူမျက်နှာထားဖြင့်တမင် ဆင်ခြင်၍ပြောသေ
. . စကား။ စကားဆင်ခြင်နိုင်သည့်တိုင်စိတ်ထားကမမြင့်မာ

"အဆင်ပြေမယ်ထင်တဲ့အချိန်ဖုန်းဆက်မေ





"ဟုတ်ကဲ့" . . ဟုသာကျွန်တော် ပြောသည်။မရှိုးဖြောင့်
သော စကားတွေ ပလုံစီနေလေမလား။ခြောက်ခြောက်ကပ်ကပ်
ဖြစ်နေလေမလား။ဆိုသည်ကိုတွေးဆ,နေရသေးသဖြင့်တစ်ခါတစ်ရံ
ထားရှားပါးတတ်ပြန်၏။"ဘာတွေ တွေးနေတာလဲ"ဟုသဇင်နီ
ပြောသည်။"ဘာမှမတွေးပါဘူး။နည်းနည်းပိန်သွားသလားလို့ပါ"ဟု
မတွေ့ရာကျွန်တော်ပြောသည်။သဇင်နီက . . ,

"ဟုတ်မယ်။စိတ်လည်းသိပ်မလန်းတော့
စိတ်ကြောင့်ပိန်တာဖြစ်မယ်"

ကျွန်တော်နားမရှင်းဟန်ပြုသဖြင့်သဇင်နီက . . ,

"မြမြမူကိစ္စကိုဆိုလိုတာပါ။ကိုယ်တိုင်ကျူး
လွန်တာမဟုတ်ပေမဲ့စိတ်ထဲမှာအကြွေးတင်ထား
သလိုခံစားရတယ်။

တစ်ဖက်သားရဲ့နစ်နာဆုံးရှုံးမှုကို။အသားပဲ
လှီးပေးရ,လှီးပေးရ။အသည်းပဲ ထုတ်ပေးရ,ထုတ်
ပေးရ။ဖြစ်နိုင်ရင်ပြန်ဆပ်ပေးလိုက်ချင်တယ်"

"အစ်မ, တောင်းပန်ပြီးပြီပဲ။အဲဒါနဲ့ပဲစိတ်
ကိုဖြေလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်လေးစားသောစိတ်ဖြင့်ကျွန်တော်ကပြော

ဖြစ်၏။"ကာယကံရှင်တွေကလည်း၊အားမတန်လို့မာန်လျှော့လို့

ကြတာဆိုပေမဲ့၊အစ်မ,အပေါ်မှာ၊သူတို့ အာဃာတ မထားကြပါ

ပြီးတော့၊အစ်မ,ပယောဂ တစ်မှုန်လေးတောင်မပါတဲ့ကိစ္စပါ"

ဆက်ပြောဖြစ်သေးသည်။

ပြောတဲ့အတိုင်း၊နှလုံးမသွင်းဖြစ်သူဟု၊ကိုယ့်ကိုကို

သိသဖြင့်၊အဆုံးမသတ်သေးသော စကားကို၊ဆုံးခန်းတိုင်သက်

မသိမသာ ရပ်တန့်လိုက်ရသည်။ကြွေးဟောင်းဆပ်လိုသူ၏ နံ့သေ

ကြွေးသစ်ယူမည့်သူက၊အဆင်သင့်။

အချို့သောသူတို့သည်၊အကြွေးကို အမြန်ဆပ်လိုကြ

အချို့သောသူတို့သည်ကား၊အကြွေးထပ်ယူနေကြ၏။ဤသည်ကို

သိသရာဟု၊ ခေါ်ဆိုလေမလား။ကျွန်တော် မစဉ်းစားရဲပေ။

"တို့ကို၊လမ်းထိပ်လောက်အထိ၊လိုက်ပို့

နိုင်မလား"

အခွင့်အရေးတွေ၊ပေးလှချေလားဟု၊တွေးမိလိုက်

သည်။ပြီးမှ . . .,

"အစ်မ,အိမ်ကမြင်သွားရင်၊ကောင်း





လားလို့"

"ကိစ္စမရှိပါဘူး။ မင်းရန်နိုင်ကိုလည်း၊ တို့

အိမ်က ၊ မြင်ဖူးထားတာပဲ။

ခေါင်းနည်းနည်းမူးနေလို့၊လမ်းမှာတွေ့ပြီး၊

အကူအညီတောင်းလာတာလို့ ၊ တို့ . . .,ပြောပါ့

မယ်"

"ဪ။ခေါင်းမူးနေတာလား"ဟု၊ကျွန်တော်မေးလိုက်သည်။

ခေါင်းညိတ်၏။နွမ်းလျစွာ။

"မင်းညာဏ်ကို၊မင်း,ပြောထားတဲ့စကား။

သူတို့,မောင်နှမချင်း၊ပြန်ပြောထားနိုင်တယ် နော်

မင်းရန်နိုင်"

နိုင်ဇ,၏ ထင်မြင်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က -

"သူပြန်ကြားထားမှတော့ငါ့အနားကို

ရဲပါတော့မလားကွာ"

"သိသိကြီးနဲ့ကပ်ရဲနေရင်ဘယ်လိုလုပ်မ

"သိလျက်နဲ့အနားလာကပ်ရဲတဲ့အထိသ

ရှိပါ့မလား။ဒါမှမဟုတ်၊အကြောင်းရှိနိုင်သလ

သွေးလန့်စိတ်ဖြင့်ကျွန်တော်မေးမိသည်။နိုင်ဇ,က..

"အတိအကျတော့၊ ဘယ်လိုလုပ် ခန့်

တတ်ပါ့မလဲ။မသိတာလည်းဖြစ်နိုင်တယ်။တ

လို့၊သိသိကြီးနဲ့ဝင်တိုးတာဆိုရင်လည်းနင် ..

ဘယ်လောက်အထိလုပ်ရဲသလဲဆိုတဲ့သတ္တိမျိုး

ဖြစ်နိုင်တယ်"

"ငါ ။အဲဒါ,ထည့်မစဉ်းစားမိဘူးငါ့ကိုယ် ...

တယ်ဟုတ်ပါလားလို့ထင်နေတာ"

ကျွန်တော့်စိတ်လှုပ်ရှားစွာဝန်ခံဖြစ်သည်။သောမတ်(စ)

ကျွန်တော့် ပခုံးပေါ်လက်တင်ရင်း ..,

"ကျော်ဌေးအောင်တို့မောင်နှမ,ကိုသ





တောင်းပန်ဖို့ပြောတာ။သူ့မောင်,နှိုင်ငံခြားမသွား

ခင်ကတည်းက,နော်။

လာတောင်းပန်တာသွေးရိုးသားရိုးပဲဖြစ်

လိမ့်မယ်လို့ငါပြောချင်တာ။သူ့ဘာသာ,ရိုးရိုးသား

သား ၊လာတောင်းပန်တဲ့ကိစ္စကို၊ ဒီနောက်ပိုင်း

အပြုအမူတွေနဲ့တော့ရောမတွေးစေချင်ဘူး"

"ဒုက္ခပေးမယ့်ရည်ရွယ်ချက်တော့ရှိမယ်မထင်ပါဘူး" ဟု

ကျော်ဌေးအောင်ဝင်ပြောသည်။သူ့စကားကိုထောက်ခံသောသဘော

ကျွန်တော်,ခေါင်းညိတ်လိုက်သည်။သောမတ်(စ)က ..,

"ငါ။တစ်ခုပြောချင်သေးတယ်"

"ပြော"

ကျွန်တော် ခွင့်ပြုသည်နှင့် ၊ ကျွန်တော့်ဘက်သို့မျက်နှာ

"သူများအားနည်းချက်ကိုရှာနေသလိုမျိုး၊

ကိုယ့်အားနည်းချက်ကိုလည်းရှာထားသင့်တယ်နော်"

"မင်း,ဘာကိုဆိုလိုတာလဲ သောမတ်(စ)"

သောမတ်(စ)က၊သူ့စကားကိုအားလုံးနားထောင်,မထောင်



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ခနဲ ကြည့်လိုက်သေးသည်။ပြီးမှ-

"မင်းညာဏ်ကို ၊ ဆတ်ဆတ် ခါစေချင်တာ
သဇင်နို့ ကို ၊ မားစာခံလုပ်ဖို့ ၊ မင်း,စဉ်းစားတ
နောက်ပြီး၊တစ်ဖက်က၊ဘာများခြေလှ
နေမလဲလို့၊စဉ်းစားကြသေးတယ်။ဒါ,တစ်ဖ
သုံးသပ်တဲ့အပိုင်း။ကိုယ့်ဘက်ကိုယ်,ပြန်သုံးသ
မှာက၊သဇင်နို့ကို၊မင်း,ငြိသွားရင်၊ ဘယ်လိုလုပ်
ဆိုတာပဲ"

"အဓိပ္ပါယ်မရှိတာ"

မျက်ခုံးတွန့်,မျက်နှာမဲ့လျက်၊ကျွန်တော်ပြောလိုက်သ
သောမတ်(စ)က၊လက်ကာလျက်၊စကားဆက်၏။

"တစ်ခါက ၊ ကြံပင်တွေအများကြီးရှိတ
ခင်းကြီးတစ်ခင်းထဲမှာ၊ကြွက်တွေရာနဲ့ချီပြီးနေ
ကြတယ်။နောက်တော့၊အဲဒီကြံခင်းကြီးထဲကို
ကြီးတစ်ကောင်လာပြီး၊ကြီးစိုးတော့တာပဲ။

ကြံခင်းထဲကိုဆင်ကြီးဝင်လာတာနဲ့ကြွက်
တွေ,ကြွက်တွင်းတွေလည်းပျက်။ကြံပင်တွေ





ပျက်ပေါ့။ဆင်ကြီးအနေနဲ့ကလည်း၊ကြွက်တွေလို၊ကြံလာစားတာပါပဲ။ဒါပေမဲ့၊ကြံတစ်ခင်းလုံးကို၊သူ့ကြီးစိုးထားတာဟာ၊ကြွက်တွေရဲ့စားရေရိက္ခာကို၊အနိုင်ကျင့်,ဖြတ်တောက်ထားသလို၊ဖြစ်နေတော့တာပေါ့။

ကာလ,ကြာလာတော့၊ကြွက်တွေက၊မခံမရပ်နိုင်ဖြစ်ပြီး၊ဆင်ကြီးကို၊နှိမ်နင်းဖို့၊တိုင်ပင်ကြံစီကြတာပေါ့။ကြွက်အများစုက၊ဆင်နဲ့ကြွက်,အင်အားမမျှတဲ့အကြောင်း၊တင်ပြကြတယ်။

အဲဒါကိုအကြောင်းပြုပြီး၊ကြွက်တော်လှန်ရေးသမားတွေ၊ဗျူဟာအမျိုးမျိုးစဉ်းစားကြရင်းက၊အကောင်းဆုံးနည်းဗျူဟာတစ်ခုကိုစဉ်းစားနိုင်ကြတယ်။အဲဒါ,ဘာလဲဆိုတော့၊ဆင်,ဘယ်လောက်ပဲအင်အားကြီးကြီး၊သူ့နှာမောင်းအပေါက်ထဲကို၊အသေခံရဲတဲ့ကြွက်၊လေး,ငါးကောင်ဝင်နိုင်ရင်၊ဆင်ကြီးသေမယ်ဆိုတဲ့ဗျူဟာပဲ။

အဲဒီဗျူဟာအရ၊အသေခံ ကြွက်သူရဲကောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့၊ရွှေးပြီး၊ဆင်ကြီးရဲ့နောက်ခြေထောက်ကိုဝိုင်း ကိုက်ဖို့ကြွက်အကောင်တစ်ရာ။ရှေ့ခြေထောက် ဝိုင်းကိုက်ပြီး၊အဲဒီ ရှေ့ခြေထောက်က,တစ်ဆင့် ခေါင်းပေါ်တက်ပြီး၊နှာမောင်းထဲဝင်ဖို့ကြွက်အကော တစ်ရာ။အသေခံကြွက်တွေ၊တစ်စုပြီးတစ်စု၊ရွေး တာပေါ့။

ညကျတော့၊ဆင်ကြီးလာတယ်။ကြံပင် ကို၊ နှာမောင်းနဲ့နှုတ်ပြီး၊စားလိုက်။မြေနိမ့်ပိုင်းတစ် ထဲမှာပုံလိုက်နဲ့၊ကြီးစိုးနေတာပေါ့။ကြွက်တွေလည် စီစဉ်ထားတဲ့၊ဗျူဟာအတိုင်း၊ဆင်ကြီးကိုဝိုင်းတို ခိုက်ကြတာပေါ့။

ည,သာနက်နက်လာတယ်။ဆင်ကြီးလုံး မရှိုးဘူး။နောက်ခြေထောက်ကိုကိုက်တဲ့ကြွက် နောက်ခြေနဲ့နင်းတယ်။ရှေ့ခြေထောက်ကိုကိုက် ကြွက်ကို၊ရှေ့ခြေနဲ့နင်းတယ်။ကျော်လွှားပြီး၊နှာမော ပေါ်ရောက်လာတဲ့ကြွက်ကို၊နှာမောင်းနဲ့၊ခါချတ ခါအချခံရတဲ့ကြွက်တွေက၊မြေနိမ့်ပိုင်းထဲပြုတ်





ကုန်ထား။ပြန်တက်လာလို့ရရဲ့သားနဲ့၊လုံးဝ,ပြန်တက် မလာကြတော့ဘူး။

မနက်လင်းတော့၊နှာမောင်းပေါ်ကိုတက်ပြီး၊ နှာမောင်းပေါက်ထဲကိုဝင်ဖို့ကြိုးစားရင်း၊မြေနိမ့်ပိုင်း ထဲကို၊ခါအချခံရတဲ့၊ကြွက်တွေက,လွဲလို့၊ကျန်တဲ့ ကြွက်တွေ၊အကုန်နင်းပြားဖြစ်ကုန်တော့တာပဲ။ ဆင်ကြီးက,ရှေ့ခြေ,နောက်ခြေတွေနဲ့၊နင်းသတ် ထားတာ။ပြားကပ်ပြီးသေကုန်ကြတာပေါ့။

အဲဒီမှာ၊ဆင်ရဲ့,နောက်ခြေထောက်နဲ့အနင်း ခံရတဲ့အထဲက၊အသက်မြော့မြော့ကျန်နေသေးတဲ့ ကြွက်တစ်ကောင်က၊သူ့နဲ့သူ့ရဲဘော်တွေ။ဆင်ကြီးရဲ့ နောက်ခြေထောက်ကို၊အသေခံပြီးကိုက်ပေးနေကြ ချိန်မှာ။ရှေ့ခြေထောက်က,တစ်ဆင့်၊နှာမောင်းပေါ် ကို၊တက်သွားနိုင်ပြီး၊နှာမောင်းအပေါက်ထဲဝင်ဖို့၊ ကြိုးစားရင်း။မြေနိမ့်ပိုင်းထဲကို၊ခါအချခံလိုက်ကြရ, တဲ့၊ကြွက်တွေ။ဘယ်လို,ဘယ်ပုံ,ကျဆုံးသွားကြရသလဲ ဆိုတာသိချင်လို့။မြေနိမ့်ပိုင်းဘက်ကို၊ဒရွတ်ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တဲ့အခါ၊အဲဒီ့အသက်မြော့မြော့သာ
ရှိတော့တဲ့၊ကြွက်ကလေးခမြာ၊နောက်ထပ်, အကြိမ်
တစ်ရာမက၊ထပ်သေချင်ရလောက်အောင်၊နာကျင်
ခံစားလိုက်ရတယ်။

သူ . . ,ဘာကို၊တွေ့သွားသလဲဆိုတော့။မြေ
နိမ့်ပိုင်းထဲကို၊ပြုတ်ကျသွားကြတဲ့၊ကြွက်တွေအားလုံး
အဲဒီ မြေနိမ့်ပိုင်းထဲမှာ၊ဆင်ကြီး ချိုးချထားတဲ့
ကြံတွေကို၊အေးအေးသက်သာ၊စားနေကြတယ်
အသက်ငင်နေတဲ့ ကြွက်က၊ကြံစားနေတဲ့ကြွက်တွေ
ကိုကြည့်ပြီး၊ . . မင်းတို့လုပ်ရက်လိုက်ကြတာ. . လို့
ပြောတော့။ကြံစားနေတဲ့ကြွက်တွေက,လည်း၊သူ့ကို
တောင်းတောင်းပန်ပန်နဲ့၊ဖြေရှင်းပြကြတယ်

ငါတို့၊ဆင်ကြီးရဲ့နှာမောင်းထဲ ဝင်ဖို့၊တကယ်
အသက်ရင်းပြီးကြိုးစားခဲ့ကြတာပါ . . တဲ့။ဒါပေမဲ့
ဆင်ကြီးက၊မြေနိမ့်ပိုင်းမှာရှိတဲ့၊ကြံပုံထဲကို ခါ
လိုက်ပြီး၊မင်းတို့,အေးအေးဆေးဆေးမစားနိုင်တဲ့
ကြံတွေကို၊အဲဒီ့ကြံပုံထဲမှာ၊အေးအေးဆေးဆေးစာ





ပြန်တက်လာတာနဲ့၊နင်းသတ်ပစ်မယ် . . တဲ့။ ငါ
တို့က၊သေမှာမကြောက်ကြပေမဲ့၊ကြံကို,အေးအေး
ဆေးဆေးစားခွင့်ရကြတော့၊အသက် အန္တရာယ်လည်း၊
ကင်းတယ်။မကြောင့်မကြလည်း၊စားရတယ်ဆိုတော့၊
ငါတို့,တက်မလာမိကြတော့ဘူး။

အဲဒီ စကားလည်းကြားရော၊အသက်ငင်နေ
တဲ့၊ ကြွက်လေးခမြာ၊ ဘဝ,တစ်ရာသေဆုံးသွားတော့
တယ် . . တဲ့"

"ဘဝ,တစ်ရာ၊သေဆုံးတယ်ဆိုတာ၊ဘာအဓိပ္ပါယ်လဲ"ဟု၊
...ငွေခအောင်မေးလေသည်။သောမတ်(စ)က . . ,

"ရောက်လေရာ၊ဘဝ,တိုင်း . . ဘဝ,တိုင်းမှာ၊
အဲဒီ့ အဖြစ်ဆိုးကို၊ပြန်ပြန်သတိရတတ်ပြီး၊သတိရ
တိုင်း၊သေဆုံးရတယ်ဆိုတဲ့၊အဓိပ္ပါယ်ပဲ"

သောမတ်(စ)၏ စကားအဆုံးတွင်၊ကျွန်တော်က . . ,

"ငါ မေးပါရစေဦး။အခု,မင်းပြောတဲ့၊ပုံပြင်
နဲ့ငါနဲ့၊ ဘာဆိုင်လို့လဲ"

"ငါ,စကားမဆုံးသေးဘူးလေ မင်းရန်နိုင်"



www.burmeseclassic.com

www.burmeseclassic.com



"မဆုံးသေးရင်လည်း၊ဆက်ပြောကြ
မြန်မြန်ပြော။ကြာတယ်"

သောမတ်(စ)က၊ကျွန်တော့်ကိုကြည့်လျက်၊စကားဆ
သည်။

"အခု ၊ ငါပြောပြတဲ့ပုံပြင်က ၊ ငါ့အဖိုး
ငယ်ငယ်တုန်းက ၊ ကြားဖူးခဲ့တဲ့ပုံပြင် . . တဲ့

တစ်ပါးသူလက်အောက်မှာ၊ နေရတုန်း
တချို့အလိုတော်ရိတွေက၊ နယ်ချဲ့တွေကို၊ ဖူးသ
မယ်ဆိုပြီး၊ပူးရင်းပူးရင်းနဲ့စည်းစိမ်ယစ်သွားကြ
ကိုစောင်းချင်၊ချိတ်ချင်လို့၊အဲဒီ၊ဆင်နဲ့ကြွက်ပုံပြ
ပေါ်လာတာ . . တဲ့"

"အေးပါ။ဟုတ်ပါပြီ။အဲဒီပုံပြင်နဲ့၊ငါနဲ့၊ဘာဆိုင်လို့
လို့၊ငါ့မေးနေတာ"ဟု၊ကျွန်တော်ပြောသည်။

သောမတ်(စ)မှာ . . .

"ဟာ။ဒါ့ ရှင်းရှင်းလေးပဲလေ။မင်းညာ
ဆိုတဲ့၊ဆင်ကိုဖြူခွင်းချင်လို့၊သဇင်နီဆိုတဲ့နှာမော
ထဲကို၊ ဝင်ဖို့ မင်း . . ကြိုးစားတာ။





နှာမောင်းထဲကိုမဝင်နိုင်ဘဲ။အချစ်ဆိုတဲ့၊ကြွ
တွေနားက၊နေ။ပြန်တက်မလာနိုင်၊ဖြစ်သွားတတ်
တယ်လို့၊ငါ့သတိပေးတာလေ။ပုံပြင်ပြောပြီးသတိ
ပေးတာ။ဘာဆိုင်လို့လဲလို့မင်းမမေးနဲ့"

နိုင်ဇ,က -

"ဟုတ်တယ်မင်းရန်နိုင်။မင်းက,ကြွက်တွေစား။
ငါတို့အားလုံးက၊ဆင်နင်းခံ။အဲဒါမျိုးတော့၊မဖြစ်
စေနဲ့နော်"

အပြောင်အပျက်ပြောကာ၊ရယ်မောလေသည်။အားလုံး,
ဝိုင်းရယ်ကြ၏။ကျွန်တော်ပြုံးလျက်,

"အခြေအနေကို၊ငါ့သုံးသပ်နေတုန်းပါ။
ဘာလုပ်မယ်ဆိုတာ၊မဆုံးဖြတ်ရသေးပါဘူး။

ပြီးတော့ . . ၊ဆင်ကို၊ကျုံးမသွင်းဘဲ၊မိုက်ရူးရဲ
ဆန်တဲ့၊ကြွက်တွေလိုလည်း၊ငါ . . ,အင်အားမဖြုံး
ပါဘူး။စစ်တုရင်ထိုးတာလောက်ကို၊စစ်တိုက်သလိုမျိုး၊
မခံစားဘူး။

စစ်တိုက်ရပြီဆိုရင်လည်း၊စစ်ဥပဒေကို၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့မချိုးဖောက်ပါဘူး။ဥပမာ- အညံ့ခံတဲ့သုံ့ပန်း

မရက်စက်ရဘူးဆိုတာမျိုးပေါ့"

"အပြတ်အသတ်ချေမှုန်းမယ်ဆိုတဲ့စိတ်မျိုး၊မမွေးရသေ ဘူးပေါ့ဟုတ်လား" . . ဟု၊နိုင်ဇ,မေးလေသည်။ဟုတ်မှန်ကြောင်း ကျွန်တော် ခေါင်းညိတ်ဝန်ခံဖြစ်၏။ပြီးမှ -

"မခံချင်စိတ်ကြောင့်သာ၊ရှုံးသွားတဲ့ဘက်

ဝင်ရပ်လိုက်တာ။နိုင်အောင်၊ဘယ်သူ့ကို,ဘယ်

ချေမှုန်းရမယ်ဆိုတာ၊ငါ့,သေသေချာချာမသိသေ

ဘူး။ငါ့လက်သုံးစကားအတိုင်း၊မီးစင်ပဲကြည့်က,မှာ

"ကိုယ်ကလည်း၊မကြမ်းကြုတ်မိအောင်၊သူတစ်ပါးကွက်ကျေ ရိုက်တာလည်း၊ကိုယ်မခံရအောင်။သတိတော့ကြီးကြီးထား ကွာ"ဟု၊ကျေ့ာ်ဌေးအောင်ပြောသည်။"အေးပါကွာ၊စိတ်ချပါ"ဟု ကျွန်တော်,ကတိပြုလိုက်၏။

မြမြမူကို၊စာသင်ပေးကြသည့်ကိစ္စမှလွဲ၍၊ကျန်ကိစ္စတွေ နတ်,လူ,သာခုံမခေါ် နိုင်ကြောင်း၊အားလုံးသိကြသည်။ထိုသို့,သိထား ကြသည့်တိုင်၊ ဆင်ကိုနိုင်ချင်ရင်,ချွန်းအုပ်၊ကြွက်ကိုနိုင်ချင်ရင် ကြောင်လုပ် . . ဟုသည့်၊အယူအစွဲက၊ပယ်ဖျောက်ရန်၊မစွမ်းသာသေး





မိဘ,ကို၊ကူလုပ်ပေးတတ်ကြသည်မှလွဲ၍ကျန်,ကာလများ အများအမှန်၊ရောထွေးလျက်,စိတ်လိုက်မာန်ပါတွေ့ကျူးလွန်မိပေ ဒါက,တော့၊အခြေအနေအရပဲ . . ဟုသာ၊နှလုံးသွင်းဖြစ်၏။ ကိုကိုယ်,သေသေချာချာ" စမ်းစစ်ဖို့၊ နိုင်နိုင်မာမာ မစွမ်းသာ

အားကြီးသူက,သာ၊အားမဲ့သူအပေါ်၊ အနိုင်ယူစိုးမိုးလိုကြ ဟု၊ လောက,က၊ပြောပြခဲ့သယောင် ထင်မိ၏။ မှန်တရားမဟုတ်သည်ကို၊သိသော်လည်း၊ တရားအမှန်ကို၊ တော် မသိသေး။



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းသားဘဝပြီးဆုံးခါစ,မို့အဖေ ဘာမှမပြောတာ" အစချီကာ၊ကျွန်တော်တို့သူငယ်ချင်းတစ်စု၊လတ်လျားလတ်လျား နေသည်အထင်ဖြင့်၊ကျွန်တော့်အဖေဦးအောင်ဆန်းက၊ကျွန်တော့် ဆုံမ,စကားပြောလေသည်။

"သားသမီးလုပ်စာကို၊ဘယ်မိဘ,မှ၊မမျှော်ကိုး ပါဘူးကွာ။ဒါပေမဲ့, အလုပ်,လုပ်စေချင်တယ်။ အဖေတို့လို၊သစ်သီးရောင်းမယ်လို့တော့၊မင်းမပြောနဲ့။ မိဘ,ထက်၊ ပိုတိုးတက်စေချင်လို့ ၊ မင်းကို၊ တက္ကသိုလ်အထိ၊အရောက်ပို့ခဲ့တာ။ဈေးရောင်းစေ ချင်မှတော့၊အလယ်တန်းလောက်ရောက်ကတည်းက၊ မင်းကို၊ကျောင်းထုတ်လိုက်မှာပေါ့။မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"ဟု၊ကျွန်တော်၊ပြောသည်။

"ထမင်းတစ်လုပ်ကို၊ဘယ်လိုရှာစားစား။ စားလို့ရပါတယ်။ဒါပေမဲ့၊ သားသမီးရဲ့,အသက်မွေး ဝမ်းကျောင်းအလုပ်ဟာ၊မိဘ,ရဲ့၊အသက်မွေးမင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအလုပ်ထက်၊ပိုမြင့်မားစေချင်တာ
တိုင်းရဲ့ဆန္ဒပဲ။

မြင့်မားသွားတဲ့၊သားသမီးရဲ့အခြေအ
ကြည့် . . ပြီး၊ပီတိဖြစ်နေရုံက,လွဲလို့။သား
လုပ်စာကို၊မျှော်ကိုးတတ်တဲ့, မိဘ,ထဲမှာ
အဖေတို့,အမေတို့မပါဘူးနော်. . သား။မြင့်
ချင်တာ၊တစ်ခုတည်းပါကွာ"

"ကျွန်တော်သိပါတယ် အဖေရယ်". . ဟု၊ ရှိသေ
စွာ၊ ကျွန်တော်ပြောသည်။အဖေ စကားဆက်၏။

"ရမယ့်ဘွဲ့ကို၊ပခုံးပေါ် တင်ပြီး၊ဘဝမြင့်
အဖေပြောတာမဟုတ်ဘူးနော်။

အဖေတို့ထက်၊ပိုမြင့်မားတဲ့၊ကိုယ်ပိုင်
တစ်ခုခုကို၊သား,တည်တည်ငြိမ်ငြိမ်လေး၊လုပ်
ချင်တာပါ"

အဖေ့စေတနာစကားများကို၊ကျွန်တော် နားလည်ပါ
လည်း၊ အခြားအကြောင်းတစ်ခုခု၊ရှိနေလေသလားဟု၊စဉ်း
တွေးမိပေသည်။ထို့ကြောင့်၊ ကျွန်တော်က . . ,





"ကျွန်တော်, အလုပ်မရွေးပါဘူး အဖေ။
အလုပ်လည်းမပျင်းပါဘူး။ရောင်းတာဝယ်တာလည်း၊
အလုပ်ပါပဲ။သိမ်ငယ်စရာလို့၊ကျွန်တော်၊တစ်ခါမှ၊
မတွေးဖူးဘူး။ ဒီ့ထက်မြင့်မားတဲ့အလုပ် ဆိုတဲ့,
စကားကို၊အဖေဘာကြောင့်၊ ပြောတယ်ဆိုတာ၊
ကျွန်တော်၊နားမလည်ဘူး"

အဖေ ကျွန်တော့်ကို၊တွေတွေငေးငေး ကြည့်ပြီး . .

"မင်းဆီကို၊ကောင်မ,လေးတစ်ယောက်၊ခဏ
ခဏ လာနေတာ၊မင်းအမေ,ငါ့ကိုပြောပြတယ်။
ကောင်မ,လေးက၊ဖြူစွတ်စွတ်နဲ့ . . တဲ့။ဖြူဖြူဖွေး
ဖွေးလေးလို့၊မင်းအမေ,မပြောဘူး။

ဒါ,ကောင်မ,လေးကို၊မခိုးကျူးချင်တဲ့သဘောပဲ။
သားဖြစ်သူကို၊နှမျောစိတ်ဝင်တယ်ထင်ပါရဲ့။ပြီးတော့၊
အဲဒီ့ကလေးမ,ကို၊မင်းရဲ့ရည်းစား လို့၊မင်းအမေ,
ထင်နေတယ်။အဲဒါ,ဟုတ်လား သား"

"မဟုတ်ဘူး အဖေ"

"မဟုတ်ဘူးဆိုလည်းပြီးရော။အကြောင်း၍၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ခဲ့ရင်၊တစ်ဘက်အသိုင်းအဝိုင်းက၊မင်း

သစ်သီးရောင်းတဲ့ မိဘရဲ့သားလို့ပြောဆိုချိုး

မှာစိုးလို့၊ခုနက,စကားတွေ၊အဖေပြောခဲ့တာပဲ

ဖခင်၏မေတ္တာကို၊မည်သည့်မီးမောင်းမျှထိုးမပြအဲ

လင်းစွာ၊ ကျွန်တော်မြင်ရသည်။

"ကျွန်တော့်မိဘ,ကို၊ ဘယ်သူမှ၊ မချိုးနှိမ်

ရဘူး အဖေ"

အားပေးကတိစကားကိုပြတ်သားစွာ ကျွန်တော်ပြော

"ငါက,လည်း၊ငါ့သားကို၊ဘယ်သူချိုးနှိမ်တာ

မကြိုက်ဘူးကွ"

အားကျမခံ လေသံပြုလျက်၊အဖေပြောသည်။ကျွန်

ကျေကျေနပ်နပ်ပြုံးဖြစ်၏။ပြုံးနေသည်ကိုကြည့်ကာ၊အဖေက

"အဲဒီ ကလေးမ,လေးနာမည်၊ဘယ်သူ

စကားမဆက်စပ်တော့ဟု၊ထင်ထားစဉ်၊ရုတ်တရက်

လိုက်သောကြောင့်၊ ခေတ္တမျှ၊ကျွန်တော်, မှင်တက်သွားသေး

"သဇင်နီ"ဟု၊ကျွန်တော်ဖြေလိုက်သည်။

"သဇင်နီ။ဟုတ်လား"





ကျွန်တော်, ခေါင်းညိတ်ပြရပြန်သည်။"နာမည်က,တော့၊

စားပဲ"ဟု၊အဖေပြော၏။ပြီးမှ . .

"မင်းမှာ၊ မိန်းကလေးသူငယ်ချင်း ၊မရှိ

ဘူးလေ။ ရည်းစားလည်းမဟုတ်ဘူးဆိုတော့။

ဘာလဲ။ဘယ်လိုပတ်သက်တာလဲ။အခုမှ၊

သူငယ်ချင်းဖြစ်တာလား"

"ပြောပြရမှာ၊နည်းနည်းရှုပ်တယ်အဖေ"

အဖေက၊မျက်မှောင်ကြုတ်လျက် ,

"အဲဒီ ကောင်မ,လေးက၊ရှုပ်သလား"

"မရှုပ်ပါဘူး။ သူနဲ့,ခေါ် ပြောပတ်သက်နေ

ရ,တဲ့၊ အကြောင်းအရင်းကိုပြောပြရမှာ၊ အဆင့်

များတယ် . . လို့ဆိုလိုတာပါ"

"မင်း။ပြောမပြခင်တောင်၊ငါ,တော်တော်နားရှုပ်နေပြီ"ဟု၊

ပြော၏။"အဖေ နားရှင်းအောင်၊ကျွန်တော်,သေသေချာချာ

ပြပါမယ်။ပြောပြပြီးရင်သာ၊အဖေ . . ၊ကျွန်တော့်ကိုမဆူပါ

ဘူး၊ ကြိုတင်စကားခံထားလိုက်သည်။အဖေက . . ,

"မင်းရန်ရှိုင် ။ အဲဒီ ကောင်မ,လေးနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ ။ ကြိုက်နေတယ်ဆိုလည်း၊ ဟုတ်

ကြိုက်နေပါတယ် . . လို့၊ တစ်ခွန်းတည်းပြေ

ငါ့ဝင်မစွက်ဖက်ဘူး။ဝေ့လည်ကြောင်ပတ်ထေ

မပြောနဲ့"

"အစဉ်လိုက်ပြောမှာပါအဖေရယ်။ဝေ့လည်ကြောင်ပ

မပြောပါဘူး" . . ဟု၊ကျွန်တော် ရှင်းပြရင်း၊ မင်းညာဏ်, မြ

ကျော်ဌေးအောင်တို့နှင့်၊ စတင်ပတ်သက်ခဲ့ရသော၊ဇာတ်လမ်းစဉ်

မချွင်းမချန် ပြောပြဖြစ်တော့သည်။

"ဒုက္ခပဲ" . . ဟု၊ကျွန်တော့်စကားဆုံးသည်နှင့်၊အ

ညည်းတွားလေသည်။ ပြီးမှ . .

"အင်း . . ။ မင်းတို့, တော်တော်အလုပ်

နေကြတာကိုး။ ရှုပ်ရတဲ့အလုပ်က,လည်း၊အ,ကု





ကိစ္စ။ အဲဒီတော့၊ အ,ကုသိုလ်တွေနဲ့၊ထုံ့မွှန်းနေတဲ့

သဘောပေါ့"

မဆူ့မကြိမ်းသော်လည်း၊ အပြစ်တင်တော့မည့်၊စကား,

စကားမှ။ မည်မျှပင် အပြစ်တင်စေ။ အဖေ့၊ အပြစ်တင်စကား၊

များမရှိနိုင်။ ငြိမ်ဆိတ်စွာ,နားယူနေရုံမှတစ်ပါး၊အခြားမရှိတော့ပြီ။

"အခု။ မင်းနဲ့၊ အဲဒီ သဇင်နီနဲ့။ မငြိစွန်း

ကြသေးဘူးပေါ့"

ရည်းစားမဖြစ်ကြသေးဘူးပေါ့ . . ဟု၊အဖေ ,မသုံးနှုန်း။

ငြိစွန်း"ဟူသည့်၊စကားလုံးကို ၊ တမင် ရွေးချယ် ၍၊သုံးနှုန်းလိုက်သည်

ကျွန်တော် သိ၏။

"ဘာမှမဖြစ်သေးပါဘူး"

"ဘာမှမှဖြစ်သေးဘူးဆိုတာက၊မဖြစ်အောင်၊

စောင့်စည်းနေတာလား။ဖြစ်အောင်ဆောင်ရွက်ဖို့

အခွင့်မသာသေးတာလား"

"အဖေ"

ဘာပြောရမှန်းမသိသဖြင့်၊"အဖေ"ဟု၊ခေါ် လိုက်မိခြင်း

သည်။အဖေက,လည်း၊တမင်တကာအလိုက်သင့် ပြန်ထူးပြီလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ,သား"

"မြမြမှူ ဆိုတဲ့ကောင်မ,လေး၊ နစ်နာသွ
တာကိုလည်း၊ အဖေ,ထည့်တွေးပြီးမှ၊မေးလေ"

အဖေက,လည်း၊ကျွန်တော့်လေသံမျိုးဖြင့် . . .

"သဇင်နီ ၊ လုပ်ခဲ့တဲ့ကိစ္စမဟုတ်ဘူး
ဆိုတာလည်း၊ မင်း,ထည့်တွေးလေကွာ"

"တွေးပါတယ်"ဟု၊ လေသံလျော့ဖြင့်၊ကျွန်တော် ပြောသည်
အဖေက . . .

"တွေးရင်။အဆုံးထိ တွေးလေကွာ။ကျူးလွ
တဲ့၊ကာယကံရှင်နဲ့မင်းနဲ့။မျက်နှာချင်းဆိုင်တွေ့
ပဲ။မကျေနပ်ရင်၊ မင်း,အဲဒီတုန်းကတည်းက၊သ
ပစ်လိုက်ပေါ့။

ခပ်ညံ့ညံ့ လက်စားချေဇာတ်လမ်းဇေ
ထဲက,လို၊မဆိုင်တဲ့သူကို၊ဆွဲထည့်တာမျိုး
ယုတ်ညံ့လွန်းတယ်။

နောက်ပြီး . . ၊ မင်း,ထိခိုက်စေချင်တာ
မင်းဘာကျ။ထိခိုက်အောင်လုပ်ဖို့၊ ရည်ရွယ်တာ





သဇင်နီ။မိန်းမသား။

ဘာမှမဆိုင်ဘူး။ခဲနဲ့ပေါက်တဲ့လူကို၊လိုက်
မကိုက်နိုင်လို့။ခဲလုံးကို၊လိုက်ကိုက်သလိုဖြစ်နေပြီ
မင်းရန်နိုင်။ငါ့သား။မှားလိုက်တာကွာ"

"အဲဒီကောင်က၊စာနာစိတ်မရှိဘူး အဖေ။
သူများနှမ,ကို၊စော်ကားရင်။သူ့ အစ်မ,ကိုလည်း"

အဖေ လက်ကာသဖြင့်၊ ကျွန်တော် စကားဆက်ခွင့်မရ။
အဖေက၊မျက်နှာ ရှုံ့မဲ့ကာဖြင့်၊ကျွန်တော့်ကို ကြည့်သည်။ကြည့်ရင်း,

"ခွေးနဲ့ပြိုင်ကိုက်မယ့်လူက၊ခွေးကျင့်ခွေးကြံ
ကြံရတယ် . . တဲ့။မင်းတို့တတွေလည်း၊ခွေးနဲ့ပြိုင်
ကိုက်ဖို့၊ကြံနေကြတာကိုး"

"ပြိုင်ကိုက်မယ်တော့၊ မဟုတ်ပါဘူးအဖေ။
နိုင်ချင်တာပါ။နိုင်မှဖြစ်မှာမို့ပါ"

အဖေ, ခေါင်းခါ၏။ ပြီးနောက်,

"ခွေးကို၊ နိုင်ချင်တယ်ဆိုကတည်းက၊အဲဒါ
လူမဟုတ်ဘူးကွ။ လူဆိုတာ၊ ဘယ်ခွေးကိုမှ၊မနိုင်
ချင်ဘူး။ဘယ်ခွေးနဲ့မှ၊ပြိုင်မကိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ။ တချို့ လူယုတ်မာတွေ
ခွေးနဲ့ နှိုင်းရတာ။ခွေးတောင်၊ သိက္ခာကျတယ်
အဲဒီလို လူမျိုးကို၊အနိုင်ကျဲဖို့။မင်း . . ၊ အ,ကုသိုလ်
တွေ၊မွေးထားတာလား မင်းရန်နိုင်"

ကျွန်တော်၊ခေါင်းမညိတ်,ခေါင်းမခါ။ အတန်ကြာမှ . .

"ကျွန်တော့်မှာ၊ ကိုယ်ချင်းစာစိတ်ရှိတာ
အဖေ"

"ဟုတ်လား။ကိုယ်ချင်းစာစိတ်ရှိရင်။သ
ကို ၊ မထိခိုက်စေနဲ့ပေါ့"

"မြမြမူကို၊ထိခိုက်တဲ့ ကိစ္စကျတော့
အဖေ"

"အဲဒါ။သူ့အကြောင်းနဲ့သူပဲလေ"

"ဗျာ"

"မဗျာနဲ့သား။ငါသာ၊မင်းအသက်အရွယ်
ယုတ်မာတဲ့ကောင်နဲ့၊မျက်နှာချင်းဆိုင်တွေ့ကတ
ကာ၊ငါ, ဒီကောင့်ကို၊သတ်ပစ်လိုက်ပြီ။

ဒါပေမဲ့၊ငါက။အခု,လူကြီး။မိဘ။ဆို





လူကြီးစကား,မိဘစကားပဲ၊ပြောမယ်။

မိဘ,ဆိုတာ၊ သားသမီးကို ပညာ
သင်ပေးရုံ,အစီးအပွားရှာတတ်ဖွေ ့အောင်၊
သင်ပေးရုံနဲ့။တာဝန်မပြီးသေးဘူးကွ။

ကုသိုလ် . . အ,ကုသိုလ်ဆိုတာတွေကို၊
ခွဲခွဲခြားခြားသိအောင်။သင်ပေးတတ်ဖို့၊လိုသေး
တယ်။ရှာတတ်ဖွေတတ်အောင်၊သင်ပေးတာလောက်
က,တော့၊ တိရစ္ဆာန်တွေလည်း၊လုပ်နိုင်ပါတယ်။

ကောင်းမှုက. . ကုသိုလ်၊မကောင်းမှုက . .
အ,ကုသိုလ်ဆိုတာ၊လူတိုင်းသိတယ်။ဒါပေမဲ့ . . ,
ဘယ်ဟာ,ကောင်းမှု။ဘယ်ဟာ,မကောင်းမှုဆိုတာ
ကို၊ ခွဲခြားနိုင်တဲ့၊ အသိပညာက,တော့၊လူတိုင်းမှာ
မရှိနိုင်ဘူး"

အဖေ့စကားမဆုံးသေးခင်၊ကျွန်တော်က . .

"မြမြမူကို၊ ကိုယ်ချင်းစာမိတာ၊ ကုသိုလ်
မဟုတ်ဘူးလားအဖေ"

အဖေ, ခေါင်းခါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချင်းစာစိတ်တစ်ခုတည်းဆိုရင်
ကုသိုလ်ပေါ့ကွာ။ကုသိုလ်စိတ်ပေါ့။အဲဒီ ကု
စိတ်ကြောင့်၊မြမြမှုကို၊ စာသင်ပေးကြတာ
မလေအောင်၊စာမေးပွဲပြန်ဖြေဖို့၊တိုက်တွန်း
တာတွေဟာ၊ကုသိုလ်အလုပ်တွေပေါ့။

မြမြမှုကို၊ထိခိုက်အောင်ပြုမူသွားတဲ့
တစ်ခုခုပြန်လုပ်ဖို့၊ကြိုးပမ်းကြတာက၊တော့
အ,ကုသိုလ်ပေါ့ကွာ။အ,ကုသိုလ်စိတ်ပေါ့။အ,ကု
အလုပ်တွေပေါ့။မင်းအလုပ်က၊ကုသိုလ်. .
သိုလ်၊ ရောနေမှတော့။ကောင်းမှုစစ်စစ်လို့
နိုင်ဘူး။ကုသိုလ်တစ်ပဲ၊ငရဲတစ်ပိသာ ဆိုတဲ့
ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်"ဟု၊ကျွန်တော် ပြောလိုက်၏။

အဖေက . . .

"ကောင်းတာလုပ်မယ့်သူကို ကူညီ
ကုသိုလ်ပဲ။ ကောင်းတာလုပ်တဲ့သူကိုပဲဖြ
မကောင်းတာလုပ်တဲ့သူကိုပဲ့ဖြစ်ဖြစ်၊ထိခိုက်





အောင်လုပ်တာ၊အ,ကုသိုလ်ပဲ"

ကျွန်တော် ဘဝင်မကျ။သဘောမတွေ့။

ထို့ကြောင့် . . .

"မကောင်းတာလုပ်တဲ့သူကို၊ ဒီအတိုင်း
လက်ပိုက်ကြည့်နေရမယ့် သဘောလားအဖေ"

"မင်းက၊ ဘုရင်ဇကုရာဇ်ဆိုရင်တော့ . . .
မကောင်းတဲ့သူကို၊အရေးယူ။ ကောင်းတဲ့သူကို
သူကောင်းပြုရမှာပေါ့။

သာမန်ပြည်သူတစ်ယောက်ဆိုရင်တော့၊
မကောင်းတဲ့သူကို ဝေးဝေးရှောင်။ကောင်းတဲ့သူကို၊
ရှိသေ,ဆည်းကပ်။ဒါပဲ"

"သာမန်ပြည်သူတစ်ယောက်မှာရော၊
မကောင်းတဲ့သူကို၊ အရေးယူရမယ့်တာဝန်၊မရှိဘူး
လား အဖေ"

"မင်းမှာ, ဘာလုပ်ပိုင်ခွင့်မှမရှိဘဲနဲ့တော့၊
မင်း . . ၊ ဘယ်သူ့ကိုမှ၊အရေးယူခွင့်မရှိဘူး။လုပ်
ပိုင်ခွင့်ဆိုတာ၊တစ်နည်းအားဖြင့်၊ အာဏာကို ဆိုလို



www.burmeseclassic.com

www.burmeseclassic.com



တာ။

အဲဒီ အာဏာ၊ မင်းမှာမရှိပဲနဲ့။တစ်ဦးဦး

မင်းက, အရေးယူမိတယ်ဆိုပါတော့။အဲဒါ, ဉပ

ဖြင်ပ,က၊ ဆောင်ရွက်တာဖြစ်တဲ့အတွက်၊တရား

ဝင်ဘူး။

တရားမဝင်ဘူးဆိုကတည်းက၊ မတရား

ထဲကို၊ဝင်သွားတာပဲပေါ့။မတရားမှုဆိုကတည်း

အ,ကုသိုလ်ဖြစ်ဖို့၊ များသွားပြီ"

"အဖေ့"

ကျွန်တော်၊ အားမလို,အားမရ ၊ ခေါ်လိုက်မိလေသည်

"ပြော"

"မြမြမူ၊မတရားအနိုင်ကျင့်ခံရတာ၊ကျွန်တော်

ပြောပြတဲ့စကားတွေအရ၊အဖေ,သိပါတယ်နော်

"အေးလေ။သိပါတယ်"

"မင်းညာဏ် ဆိုတဲ့ကောင်နဲ့၊အဲဒီကောင်ရဲ့

မိဘ, တွေ။ မတရားဘူးဆိုတာကိုရော။ အဖေ

လက်ခံရဲ့လား"





"လက်ခံတာပေါ့"

"ကျွန်တော်က၊အဲဒီ မတရားတဲ့၊သူတွေကို၊

မကျေနပ်လို့၊ မတရားပြန်လုပ်ဖို့၊ကြံမိတာလေ။

အဲဒီ အတွက် ၊မြမြမူကို၊ ကူညီချင်တဲ့၊စိတ်တစ်ခု

ပဲ လိုတာပါ"

အဖေက၊ ဘာမျှပြန်မပြောဘဲ၊ ဆက်ပြောမည့် ကျွန်တော့်

ကိုသာ၊နားစွင့်နေသည်။

"အဖေ ခုနက၊ ပြောတယ်။ အဖေသာ

ကျွန်တော့်အရွယ်ဆို၊ အဖေအဲဒီကောင်ကို၊ သတ်

ပစ်လိုက်မှာဆို။အဲဒါရော၊ တရားဝင်လို့လား"

အဖေ ရယ်လေ၏။ ပြီးမှ -

"တက္ကသိုလ်ကျောင်းသားကြီးက၊ ဖအေကို၊

စကားနိုင်လုနေတာကိုး။ သားရေ . . ,အဖေက၊

မင်းတို့ခေတ်လို၊ အင်တာနက်တွေ,အင်တာဖြူတွေ

တော့။မသိပါဘူးကွာ။

သို့သော် . . ။ ဘယ်စိတ်ထားနက်တယ်,

ဘယ်စိတ်ထားဖြူတယ်။ ဘယ်ဟာ၊အ,ကုသိုလ်စိတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟာ၊ကုသိုလ်စိတ် ဆိုတာလောက်တော့ ... တော့။ သိပါတယ်။ သိရမယ့်၊အရွယ်လည်း၊ရောက် ... လေကွာ။

အဖေ, မင်းအရွယ်တုန်းက၊အခု,မင်း ... စိတ်မျိုး၊အဖေ့မှာ ရှိတာပေါ့။ ကိုယ့်ကိစ္စဟုတ် ... မဟုတ်ဟုတ်။မတရားဘူးထင်ရင်၊ ဝင်ပါချင် ... စိတ်မျိုးလေ။

ဒါပေမဲ့။ အခု,အဖေက၊လူကြီးဖြစ် ... မိဘ,နေရာ ရောက်နေပြီ။ အဲဒီ စိတ်ဟာ အ,ကုသိုလ် မကောင်းတဲ့စိတ်ဆိုတာလည်း၊ ... သိနေပြီလေ။

အဲဒီ သိတဲ့စိတ်နဲ့၊မင်းကို,အဖေ၊ ... လောက်မှတ်သလောက်လေး၊တားနေတာပါ ... တွေ့မများကြပေမဲ့။ လူကြီးမိဘ,တွေ့မှာ၊ ... အကြုံတွေ၊အများကြီးရှိပါတယ်ကွာ"

ကျွန်တော်၊အဖေ့ကို တွေဝေးလျက်သား၊ကြည့်နေမိ ... သည်။မည်သို့သော၊စကားလုံးမျိုးဖြင့်၊ဝန်ချတောင်းပန် ...





"ရှေ့,လူက၊ တားဆီးနေပါလျက်နဲ့။နောက်လူက၊ယုံကြည်မှုနည်းလို့၊ကျူးလွန်ကြည့်ချင်သေးတယ် ဆိုရင်လည်း။နောက်လူသဘောပေါ့ကွာ။

အသိဉာဏ်ကြီးတဲ့လူ,ဆိုရင်တော့။ရှေ့,လူ , ဘာကြောင့် တားရတယ်ဆိုတာကို၊ သဘောပေါက်တယ်။ မီး . . ပူ,မပူ၊သိဖို့။ကိုယ်တိုင်၊ကိုင်ကြည့်စရာ မလိုပါဘူး။ရှေ့,က, ကိုင်မိတဲ့သူတွေ၊ဘယ်လိုလောင်ကျွမ်းသွားကြရတယ်ဆိုတာကို၊ ခန့်မှန်းကြည့်ရုံနဲ့။အပူရှိန်ကို၊သိနိုင်ပါတယ်"

"ကျွန်တော်၊ သဘောပေါက်ပါပြီ အဖေ။ စကားစစ်ထိုးမိတာ၊ ကျွန်တော့်ကို၊ခွင့်လွှတ်ပါ"

"အပြစ်မယူပါဘူးကွာ။စေတနာ,ဓမ္မတာကို၊သဘောပေါက်ရင်၊ ပြီးရော။

မိဘ,ဆိုတာ။သားသမီးရဲ့,ကျေးဇူးရှင်အဖြစ်ကို၊ ဒီ,တစ်ဘဝတည်းရတာ။တစ်ဘဝ,စာ,လေး၊ကျွေးနိုင်,ပေးနိုင်ရုံလောက်နဲ့၊ ကျေးဇူးရှင်အဖြစ်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖေ, မခံယူချင်ပါဘူး။

ကုသိုလ်၊ အ,ကုသိုလ် ဆိုတာကို။ခွဲခြ

စိတ်ဖြာပေးနိုင်တဲ့၊ဖခင်ကောင်းအဖြစ်ကို၊အ

ခံယူချင်သေးတယ် . . သား"

"ကျေးဇူးတင်ပါတယ် . . အဖေ"

"ကျေးဇူးတင်တယ်ဆိုရင်၊ အဖေပြော

စကားကို။စုံမှတ်ပြီးတော့သာ၊ယုံကြည်လိုက်ပါ

ကျွန်တော်၊ ဟုတ်ကဲ့ . . ဟု၊ပြောလိုက်သည်။ အ

စကားဆက်ပြန်၏။

"ကလေးမ,လေး၊မြမြမူကိုစွ။သူ့အကြော

သူ . . လို့၊ အဖေ,ခုနက၊ပြောတယ်နော်"

"ဟုတ်ကဲ့"

"အဲဒါ ။ကိုယ်ချင်းမစာလို့၊ပြောတာမ

ဘူး။လူတိုင်းမှာ၊သူ့အကြောင်းနဲ့,သူ့ကံနဲ့၊ပါလာ

ပြီးသား။

ကံကြွေးဆပ်ရမယ့်သူက,လည်း၊တစ်န

နည်းနဲ့၊ဆပ်ကိုဆပ်ရလိမ့်မယ်။ကံအသစ်ကို





မယ့်သူက,လည်း၊ဘယ်သူ့တားတား၊ကျူးလွန်ဖြစ်

အောင်၊ ကျူးလွန်လိမ့်မယ်။

အဲဒါကို။ ဘုမသိ၊ဘ,မသိ၊ တစ်ယောက်

ယောက်က၊ ဝင်ပါလိုက်မိရင်။ အဲဒါ, သူ့တစ်ပါး

အ,ကုသိုလ်ကို၊ ဝင်ပြီး။မျှယူလိုက်တာနဲ့၊အတူတူပဲ"

"ဝင်မပါလို့ကို၊မဖြစ်ဘူးဆိုရင်ရော၊ဘယ်လို

လုပ်ရမလဲ အဖေ"

"သက်ဆိုင်တဲ့၊အာဏာပိုင်တွေရှိတာပဲ။

သူတို့ ဆုံးဖြတ်,ကြားနာကြပေ့စေပေါ့။တရားမျှတ,

တဲ့။ ဘယ်အာဏာပိုင်မဆို၊ မဆုံးဖြတ်နိုင်တာ ၊

ဘာမှ မရှိဘူး။

အရှက်ကွဲမှာစိုးလို့၊သက်ဆိုင်ရာကို၊မတိုင်

မတောဘူးဆိုကတည်းက၊ အဲဒါ,မတိုင်တဲ့သူရဲ့

တာဝန်ဖြစ်သွားပြီ။ ဒါကို၊တခြားနည်းနဲ့ဖြေရှင်းဖို့

ကြိုးစားတာဟာ၊အမှားကို၊ကျူးလွန်တာပဲ။

သူ့အကြောင်းနဲ့သူ ဆိုတဲ့၊အဖေ့စကားထဲမှာ၊

အကုန်ပါသွားပြီ။မင်းဉာဏ်ကို၊မြမြမူ ပတ်သက်ဖို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာဖြစ်တာလေ။သူတို့, မတိုင်ရဲမတော
လို့၊တစ်ဘက်အသိုင်းအဝိုင်းက၊လူပါး၀,ရဲတာ
အဲဒါကိုက၊ သူတို့အကြောင်းနဲ့သူတို့ပဲ။ဒါ
မင်းတို့တတွေက၊မဖွယ်ရာတဲ့နည်းနဲ့၊ဝင်ပါနေတ
ဆိုရင်။အဲဒါ, ရမ်းကားတာပဲ။မတရားမှုပဲ"

"ကျွန်တော် ဘာမှ မလုပ်ရသေးပါဘူး" . . ဟု၊ စွပ်စွဲ
ကို၊ကျွန်တော်,ကွယ်ကာ၏။အဖေက . .

"မြင့်မြတ်တဲ့ ယောက်ျားတိုင်းဟာ။ အ
သူမိန်းမသားအပေါ်၊ မနိုင်မကျင့်ဘူးကွ။ အ
ယူဖို့၊ အကွက်ချ, စီမံတာမျိုးဆိုရင်။ပိုတောင်
ညံ့သေးတယ်။

လောက,မှာ။ ဆိုးတာရယ်,ပေတာရယ်
တာရယ်,ရိုင်းတာရယ်,မိုက်ရိုင်းတာရယ်,ယု
တာရယ်။အဲဒါတွေ၊ အားလုံးထက်။ပိုပြီးရွံ့ရှာ
ကောင်းတာ။ယုတ်ညံ့မှုပဲ။

ယုတ်မာတာတောင်၊အဆင့်အတန်း
ဆုံး,အညံ့ဆုံးနည်းနဲ့၊ယုတ်မာတာကို၊ယုတ်ညံ့တ





ခေါ်တာပေါ့။ အဖေက၊ သားယောက်ျားလေး၊
မွေးထားတဲ့အတွက်။ဆိုးတာ,ပေတာ,မိုက်ရိုင်းတာ
လောက်အထိ။အဖေ, ဝင်မစွက်ဖက်ဘူးသား။

နေတဲ့နိုင်ငံ။ကိုးကွယ်တဲ့ဘာသာ,သာသနာ,
မွေးဖွားတဲ့ မိဘ,သင်အံတဲ့ဆရာသမားတွေ . .၊
ဂုဏ်သိက္ခာညှိုးနွမ်းရလောက်အောင်၊ ယုတ်မာ,
ယုတ်ညံ့တဲ့၊စိတ်အကြံမျိုး။ငါ့သားကြံစည်နေမယ်ဆို
ရင်တော့။အဖေ,ဝင်စွက်ဖက်ရလိမ့်မယ်"

"ကျွန်တော် ဆင်ခြင်ပါ့မယ် အဖေ"

ဖခင်က၊စကားရေတံခွန်တွေ၊ တဝေါဝေါသွန်ချနေပါလျက်၊
န်တော့်မှာ၊ ခြေတစ်ချစာမျှသာ၊ချိုင့်ခွက်လျက်ရှိသည့်၊ရွံ့ဗွက်ထဲမှ
ကြက်ရေကဲ့သို့၊ညစ်ညမ်းစွာ သိမ်ဖျင်းနေရလေ၏။စကားများများ
နိုင်။

"လူပြည်က၊ အပ်တစ်စင်းနဲ့ ဗြဟ္မပြည်က၊
အပ်တစ်စင်း။ဆုံတွေ့ဖို့ လွယ်ချင်လွယ်မယ်။လူ့,
အဖြစ်ကို၊ ရဖို့,မလွယ်ဘူး . . . တဲ့။

လူ့ဘဝ,ဆိုတာ၊ရခဲတယ်တဲ့။ အဲဒီလို၊ ရဖို့



www.burmeseclassic.com

www.burmeseclassic.com



မလွယ်တဲ့အပြင်။လူတစ်ဦးနဲ့လူတစ်ဦး။ဆုံ

ဖို့ဆိုတာလည်း၊အင်မတန်ခက်ခဲတယ်။

ရှေးကံအကြောင်းတွေပါမှ၊ဆုံတွေ့ကြရ

အကြောင်းပါလို့၊ ဆုံတွေ့ကြရပြန်တော့လ

တစ်ဦးအကျိုးကို တစ်ဦး။လိုလားတဲ့ လူတွေအ

တွေ့ရဆုံရဖို့ဆိုတာ၊ခက်ခဲပြန်ရော။

တစ်ယောက်နဲ့တစ်ယောက်၊ပြိုင်ဆို

အနိုင်ယူတိုက်ခိုက်ဖို့။ဆုံတွေ့နေကြရတဲ့ လူ

လောကမှာ၊အများကြီးပဲ။ ဘယ်လောက်,

လိုက်သလဲ။ကံဆိုးတယ်ဆိုတာ၊ အဲဒါကိုခေါ်

ကျွန်တော် ,မကြားနာဘူးသော၊ လောက,စ

လေးနက်တည်ကြည်စွာ၊အဖေ,ပြောပြနေလေသည်။

"အခုသဇင်နီဆိုတဲ့၊ကောင်မ,လေးနဲ့

ဆုံတွေ့မှုဟာ၊ကောင်းတဲ့ကံအကြောင်း

မကောင်းတဲ့ကံအကြောင်းလား။ ဉာဏ်

ကောင်းနဲ့စဉ်းစား။မကောင်းတဲ့ကံအကြောင်း

ဆုံတွေ့ကြရတယ် လို့ယူဆ,ရင်လည်း။ကောင်





ဖြစ်အောင်ပြင်။ကံမကောင်းဘူးလို့၊ ညည်းညူနေ

ကြတဲ့လူတွေဟာ။ကံမပြင်ရသေးလို့ပဲ။မကောင်းခဲ့တဲ့၊

ကံကိုပြင်ဖို့။ဘာယတြာမှ၊မလိုဘူး။ကောင်းတဲ့စိတ်,

မွေးလိုက်ရုံပဲ"

"ဟုတ်ကဲ့ပါ အဖေ။ကျွန်တော် ပြင်ပါ့မယ်"

"မင်းအမေက,တော့၊ သဇင်နီနဲ့ မင်းနဲ့၊

ကြိုက်နေကြတယ်ပဲ၊ထင်နေတာ။မကြိုက်သေးပါ

ဘူးလို့၊ငါ,ရှင်းပြလိုက်ပါ့မယ်"

နောက်နောင် အခြေအနေကို၊ မခန့်မှန်းနိုင်သေးသည့်

ခိပွါယ်စကားဖြင့်၊ အဖေ,နောက်ပြောင်သည်။

"ကျွန်တော်၊စိတ်ထားကောင်းနဲ့ပဲ၊ ခေါ်ပြော

ဆက်ဆံမှာပါ။တခြားစိတ် မမွေးပါဘူး"

အဖေက ၊ ရယ်လျက်,

"ချစ်ခြင်းမေတ္တာဆိုတာ။စိတ်ထားကောင်း

တဲ့သူတွေမှာပဲရှိတာကွ။တခြားစိတ်, မမွေးနဲ့။

အဲဒီ, ချစ်ခြင်းမေတ္တာစိတ်ပဲမွေး"

ကျီစယ်စကားမှန်း၊သိသောကြောင့်၊ရယ်၍သာ၊ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နေနေရ၏။ ခဏကြာသော် . . .,

“အဖေ။ အဖေ့ဆုံးမ, စကားတွေကို၊

ထောင်ပြီး၊ ကျွန်တော့်စိတ်ထဲမှာ၊တစ်မျိုးကြီး

သိမ်ငယ်သွားသလိုပဲ။အဖေ့လောက်၊

သေးပါလားလို့ကိုယ့်ကိုကိုယ် တွေးမိတယ်”

“မသိသေးတာမဟုတ်ပါဘူး သားရယ်၊

သိခွင့်မကြုံသေးတာဖြစ်မှာပါ။အဖေကမတော်

သားရဲ့ဒါပေမဲ့ -ကောင်းအောင်နေတယ်။ သား

ခေတ်ပညာတတ်ပဲ။တော်ပြီးသားပါ။ကောင်းအေ

နေလိုက်တာနဲ့ပြည့်စုံသွားပြီ။မသိမ်ငယ်တော့

ဥပမာပြောရရင်။အဖေကဂျစ်ကားအ

ကြီးပါ။ဒါပေမဲ့-ကောင်းကောင်းမောင်းတယ်

နည်းနည်းရောက်ပါတယ်။သားကခေတ်မီတဲ့

လှလှလေး။ခရီးမတွင်သေးဘူး။

ခရီးလမ်းတိုင်းမှာ၊ ခေတ်မီတဲ့ကားလှလှလေး

အကောင်းဆုံးမောင်းလိုက်လို့က,တော့။အဖေ့, လို

နိုင်ပါဘူးသားရယ်”





အဖေ့ကိုကြည်ညိုစွာ၊ကျွန်တော် ကြည့်နေမိတော့၏။

...းအပ်သူထံသို့ပေးဆပ်ရမည့်ကျေးဇူးတရားကားကြီးမြတ်လွန်း

...သစွ။ မြင့်မားလွန်းပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကျွန်တော် တက်ခေါက်သံ၊ ပြင်းထန်သွားရသည်။"အခု ယ်လို လုပ်ကြမလဲ"ဟု၊ နိုင်ဇူ နှင့် သောမတ်(စ)ကို၊ကျွန်တော် းသိုက်သည်။"ငါ့စဉ်းစားပြီးသွားပြီ။ပြတ်ပြတ်သားသားပြောရ ်ဘာလုပ်ရမယ်ဆိုတာကို၊ဆုံးဖြတ်ထားပြီးပြီ"ဟု၊နိုင်ဇူပြောသည်။

"ကျော်ဌေးအောင်ရော"

"အိမ်မှာပေါ့။သူနှမ့ပေါက်ကရလုပ်မှာစိုးလို့၊ ထိုင်စောင့်နေတယ်။သူ့အမေလည်း၊အိမ်မှာ။ အကြော်တောင် မကြော်ဖြစ်ကြတော့ဘူး"

"မင်း၊ဘာဆုံးဖြတ်ထားတာလဲ၊ငါ့ကိုပြောဦး"

"ငါ . . ,မြမြမူကို၊ ယူမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလားကွာ" ဟု၊ စိတ်ရှုတ်ထွေးစွာ၊ မေးမိသည်

နိုင်ဇ, က . . .,

"ဖြစ်အောင် လုပ်ရမှာပေါ့။မင်းနဲ့တိုင်ပင်

ရင်၊ ကျော်ဒွေးအောင်ဆီမှာ၊ ခွင့်တောင်းမယ်

ပြီးရင်။ သူတို့ အမေဆီမှာ ၊ ခွင့်တောင်းမယ်

မြမြမူကိုတော့၊သေသေချာချာနားဝင်အော

ပြောရမှာပဲ။

ငါ့အိမ်ကိုတော့၊ အဖြစ်မှန်တွေပြော

တော့ဘူး။ မြမြမူနဲ့၊ သမီးရည်းစားဖြစ်တယ်

အနေအထိုင်၊ စည်းကမ်းပျက်မိတယ်။ ဒါကြော

ယူမှဖြစ်မယ့်၊အနေအထားရောက်သွားတယ်။

လောက်ပဲ၊ အသိပေးချင်တယ်"

"ဖြစ်ပါ့မလားကွာ"

ကျွန်တော်ထပ်မံ၍၊မေးမိပြန်သည်။

"ဖြစ်ပါ့မလားလို့၊တွေးနေရမယ့်အချိန်တော

မဟုတ်တော့ဘူးမင်းရန်နိုင်။အမြန်ဆုံးလုပ်ရမ

အခြေအနေကိုရောက်နေတာ"





သောမတ်(စ)က . .

"မင်းညာကျနဲ့ပတ်သက်တဲ့၊ မကျေနပ်တာတွေ၊

ဒေါသဖြစ်တာတွေ၊ ခဏမေ့ထားလိုက်တော့။အခု၊

လောလောဆယ်။မြမြမူရဲ့အရှက်နဲ့၊သူ့ဗိုက်ထဲက၊

အသက်ကို၊ငါတို့၊မြန်မြန်ကယ်မှ၊ဖြစ်မယ်"

ကျွန်တော်က . . .,

"အဲဒီကိစ္စကို၊မင်းတို့ဘယ်လိုလုပ်သိတာလဲ"

"ကျော်ဒွေးအောင်ပြောတာပေါ့ကွာ၊မြမြမူကို၊

မေးခွန်းဟောင်းတွေ၊သွားပေးတာ။အကြောင်ဖို့မှာ

မတွေ့လို့၊အိမ်လိုက်သွားတာ။အဲဒီကိစ္စ၊သိခဲ့ရတာပဲ။

ကျော်ဘ,တို့၊စိန်တိုးတို့ကိုတောင်။ ကျော်

ဒွေးအောင်၊ အသိ,မပေးဘူး။သွေးရင်းသားရင်းလို၊

သဘောထားပြီး၊ငါတို့ကို၊အသိပေးတာထင်ပါရဲ့။

မြမြမူ, နေမကောင်းလို့၊ ဆေးခန်းသွားရင်း၊

အဲဒီကိစ္စ၊သိလာရတာတဲ့။နိုင်ဇ,က၊ချစ်လို့၊ကြိုက်လို့

ရယ်တော့၊ဘယ်ဟုတ်မလဲ။ဝင်ကူညီတာပေါ့ကွာ။

သူမကူညီရင်လည်း၊ မင်းနဲ့ငါ။တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ကူညီကြရမှာပဲ"

အဖေ့ဩဝါဒ,စကားတွေကို၊သူငယ်ချင်းများအား၊ကျွန်တေ မပြောပြဖြစ်တော့ပေ။

မှန်သော တရားစကားတို့သည်ကား၊နားရှိသမျှ,ကြား ရသည့်တိုင်၊နှလုံးသည်းဆိုင်အတွင်းသို့၊ ခိုဝင်ကိန်းအောင်း ခက်ခဲနေပါက၊ထို. . ,မှန်သောတရားတို့သည်၊တရားမမည်တော့ စကားအဖြစ်သာ၊ နားအညစ်မှာ၊ ကုန်ဆုံးလျက်၊ ကွယ်ပျော ပျက်သုဥ်းရချေသည်။





အငိုလွယ်လျက်, အရှိက်ခက်သကဲ့သို့၊ ချူးဆက်ပါလျက်, ခက်သကဲ့သို့၊ မြတ်နိုးပါလျက်,ဆုံဖို့ခက်သကဲ့သို့၊ပေးအပ်ပါ ည်,ရဖို့ခက်သကဲ့သို့၊ဖခင်၏၊ အံ့,ကုသိုလ် ကင်းကြောင်း၊စကား နာများကို၊နာကြားခံယူခဲ့ပါလျက်၊ ပိုင်သ,ပိုက်ထွေးဖို့ ၊ ခက်ခဲရ ပြီ။

တရားမျှတ,ခြင်းဟူသော၊ ပန်းပွင့်မာလာတို့ကို၊ မည်သူ ပိုင်ဆိုင်လိုကြ၏။

သို့သော် . . ၊အနီးဝန်းကျင်ရှိ၊ လေပြင်းမုန်တိုင်းများက၊ ဆိုင်း,ဝိုင်းပတ်၊ ပိုင်းဖြတ်၍တိုက်ခတ်ကြသောအခါ၊တရား ခြင်းဟူသော၊ ပန်းဝတ်မှုန်,မာလာဖူးတို့၊ ကြွေကျ၊ မြေခ,ကြေမွ သည်။ထိုအခါ ၊ အရုံအတား အားမဲ့သောမြတ်နိုးခြင်းသည်၊ ည်းနှီး။အကာအကွယ် မလုံလောက်သော၊ မက်မောမှုသည်၊ ည်းနှီးဟု၊ တွေးမောလျက်၊ ရင်နာစွာ၊ သိမ်ငယ်ရလေ၏။ သည့် အရာကိုမဆို၊ ဆန္ဒ(တစ်ခုတည်း)သက်သက်ဖြင့်၊ ပိုင်ဆိုင် နေစကောင်း။



www.burmeseclassic.com

www.burmeseclassic.com



မိခင် ဖြစ်သူ ဒေါ်မြငွေးနှင့်၊ အစ်ကိုဖြစ်သူ ကျော်ငွေးေ
တို့ထံတွင်၊နိုင်ဇ, ခွင့်ပန်ပြီးသည့်တိုင်၊ မြမြမူ ခေါင်းမညိတ်ေ
"ကျွန်မ,ထိုက်နဲ့၊ကျွန်မ,ကံမဲ့၊ ရှိပါစေတော့"ဟုသာ၊ တတွတ်
ပြောနေလေသည်။"နင့်ထိုက်နဲ့နင့်ကံ တစ်ခုတည်း၊ မဟုတ်ေ
ဘူးလေ။တခြားသက်ရှိ တစ်ယောက်ရဲ့ကံပါ, ပါနေပြီလေ။နင်
လိုက်မာန်ပါ၊ ဘာမှ မလုပ်သင့်တော့ဘူး"ဟု၊ ကျွန်တော် ဝင်
ဖြစ်၏။ နိုင်ဇ,က . . ,

"လူဆိုတာ၊ အဆိုးဆုံး တစ်ခုခုကို၊ရင်ဆိ
ထဲ့အခါ၊ အကောင်းဆုံး တစ်ခုခုကို၊ချက်ချင်း
နိုင်ဖို့၊ မလွယ်ဘူးမြမြမူ။

အဆိုးဆုံးကိုလည်း၊ရင်မဆိုင်ချင်။အေ
ဆုံးကိုလည်း ၊ မဆောင်ရွက်နိုင်ခင်မှာ
အသင့်လျော်ဆုံး၊တစ်ခုခုကို၊အမြန်ဆုံးလုပ်ရ

အဲဒီလိုမှ၊ မဟုတ်ဘဲ၊ စိတ်ညစ်ည
ထင်ရာစိုင်းလို့က,တော့။အဆိုးဆုံး အန္တရာယ်
ကြုံရတာက,လွဲပြီး။အကောင်းဆုံးဆိုတာကို၊
တော့မှ၊ ရမှာမဟုတ်တော့ဘူး။





အဲဒါကြောင့်၊ ငါ, အသင့်လျော်ဆုံးလုပ်သင့်
တဲ့ကိစ္စကို၊ အမြန်ဆုံးရွေးချယ်လိုက်တာ။စဉ်းစားဖို့
တောင်၊ အချိန်မယူသင့်တော့ဘူးမြမြမူ"

"ကျွန်မ,လူသတ်ချင်တယ်။လူသတ်ချင်တယ်"
မြမြမူက၊ အော်၍ငို၍ ပြောသည်။ ကျွန်တော်က . . ,

"နင်သတ်ချင်တဲ့လူကို၊ ငါသတ်ပေးမယ်။
နင်, ဘာမှအပူနဲ့" "

"ကျွန်မ,ကိုယ်တိုင် သတ်ချင်တာ"

"အခုအချိန်က၊ နင်, လူ့အသက်သတ်ရမယ့်
အချိန်မဟုတ်ဘူး။လူ့အသက် ကယ်ရမယ့်၊အချိန်။
ပေါက်ကရတွေ၊တွေးမနေနဲ့တော့။နိုင်ဇ,ကို၊ နင်,
ခေါင်းညိတ်ပြီးတာနဲ့၊ သူ့မိဘ,တွေနဲ့၊ ငါတို့ ။စီစဉ်
စရာတွေရှိသေးတယ်။နင်,မြန်မြန်လက်ခံလိုက်ပါ
မြမြမူရယ်။အချိန်မရှိတော့ဘူး"

"အားနာနေလို့ပါ ၊ ကိုမင်းရန်နိုင်ရယ်။
ကိုနိုင်ဇ, ကို၊ ကျွန်မ,အားနာနေလို့ပါ။ ကျွန်မ . . "
နိုင်ဇ,က . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ။တကယ်အားနာတယ်ဆို

မြန်မြန်ခေါင်းညိတ်လိုက်ပါဟာ"

အမေနှင့်အစ်ကိုကို၊ တစ်ကြည့်စီကြည့်သည်။ပြီးနော
မည်သူ့ကိုမျှမကြည့်တော့ဘဲ၊ "အားလုံးကိုကျေးဇူးတင်ပါတယ်"
ပြောကာ၊ခေါင်းညိတ်လေတော့သည်။ငိုကြွေးလေတော့သည်။

ခဏအကြာတွင်၊ မြမြမူနှင့်ကျော်ဌေးအောင်တို့၏
ဦးချစ်အေးသည်၊ ရီဝေဝေဖြင့်၊ အိမ်ပေါ်သို့ရောက်လာ၏။

"ဘာလုပ်နေကြတာလဲ။လူစုလူဝေးနဲ့
ယောက်ထက်ကျော်ပြီး၊စုဝေးရင်၊ ပြဿနာ
မယ်"

မူးယစ်နောက်ပြောင်ခြင်းဖြစ်၏။ ဒေါ်မြဌေးက . .

"ရှင့်သမီးကို၊အိမ်ထောင်ချပေးတော့

"ဘယ်သူနဲ့၊ချပေးမှာလဲ"

"သူနဲ့"

ဒေါ်မြဌေးက၊ နိုင်ဇ,ကို၊ လက်ညှိုးထိုးပြ၏။ဦးချစ်အေ
နိုင်ဇ,ကို၊ ရီဝေစွာ ကြည့်ရင်း၊ လက်ညှိုးထိုးကာ -

"ဒီကောင်က၊သူဌေးသားလား"





"မဟုတ်ပါဘူး"ဟု၊ နိုင်ဇ,ဖြေသည်။

ထိုအခါ ၊ ဦးချစ်အေးက . . ,

"ပြီးရော။သူဌေးသားမဟုတ်ရင်ပြီးရော။
သူဌေးသားတွေက၊ (စ)ကျင့်မကောင်းဘူး။ဒီကောင်
တွေက၊မြေခွေးလိုကောင်တွေ။ငယ်တဲ့ကောင်ကို၊
အနိုင်ကျင့်တယ်။ကြီးတဲ့ကောင်ကိုကျတော့၊ဖင်တုန်
အောင်၊ ကြောက်တဲ့ကောင်မျိုးတွေ။ခွေးမ,သားတွေ"

ဦးချစ်အေးသည်၊ မည်မျှပင် အရက်မူးနေစေ။ သူ့အိမ်
င်းရေးကို၊ သူ . . ,သိထားပုံရ၏။အားမတန်သောကြောင့်၊မာန်
ပြည့်ဖြင့်သာ၊ မူးယစ်နေလေသူ ဟု၊ ကျွန်တော် ,တွေးမှတ်မိ
သည်။

စိန်တိုးနှင့်(ကို)ကျော်ဘ,တို့အိမ်သို့၊ သောမတ်(စ)နှင့်
န်တော်သွားသည်။နိုင်ဇ,နှင့်မြမြမူ လက်ထပ်တော့မည့်ကိစ္စကို၊



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ်ပြောဖြစ်သည်။လက်ထပ်ရသည့် အကြောင်းရ
လည်း၊ ပွင့်ပွင့်လင်းလင်းပြောပြဖြစ်၏။

နှမ,သားချင်း၏ ၊ အရှက်သိက္ခာကို၊ ကာကွယ်
အလို့ငှာ၊နှုတ်စောင့်စည်းပေးကြဖို့လိုကြောင်း၊ ကျွန်တော်,
ဆိုသည်။(ကို)ကျော်ဘ, က . . ,

"စိတ်ချပါကွာ။ ဒါ . . ,ငါတို့အားလုံး
စည်းရမယ့်ကိစ္စပဲ။မင်းညာကိုကို၊ ငါတို့ဝိုင်း
အချုပ်ထဲရောက်တာတောင်။ ဘာကိစ္စ
ဖြစ်တယ်ဆိုတာ၊ ငါတို့,မိဘ,တွေကို၊ငါတို့,
ပြောမပြဘူး"

"ကောင်းတယ်ကွာ။ အခုလို၊စောင့်စည်းထားကြ
ငါ, သာဓုခေါ်ပါတယ်။ကျေးဇူးလည်းတင်ပါတယ်"ဟု၊ကျွန်
အလေးထားစွာပြော၏။ စိန်တိုးက . . ,

"ကျော်ငွေအောင်က၊ ငါတို့,သူငယ်ချ
ကွာ။သူ့ အိမ်တွင်းရေးက၊ ငါတို့အိမ်တွင်
ပေါ့။မဟုတ်ဘူးလား"

"အေး။ ဟုတ်ပါတယ်"





"နောက်ပြီး။ငါတို့,ညီအစ်ကိုနှစ်ယောက်
စလုံး၊ အပြင်ထွက်ခွင့်မရလို့၊ဒီကောင့်ဆီမလာဖြစ်
တာကိုလည်း၊ မင်းတို့ သေသေသေချာချာ၊ပြောပြ
ပေးစမ်းပါကွာ"

"ဒီကောင်။ ကျော်ငွေအောင်။ အဲဒါ,သိပါတယ်". . ဟု၊
သောမတ်(စ), ပြောပြ၏။စိန်တိုးက . . ,

"မင်္ဂလာဆောင်တော့၊ငါတို့, လာလို့ရမှာပါ"

"အေး။အဲဒီနေ့ကျမှ၊ ပျော်ပျော်ပါးပါးဆုံကြ
တာပေါ့ကွာ"

သောမတ်(စ)၊ စကားအဆုံးတွင်၊ (ကို)ကျော်ဘ, က . .

"နိုင်ဇ,ကိုလည်း၊ ပြောလိုက်ပါကွာ။အရမ်း
ဂုဏ်ယူပါတယ် လို့။ပြီးတော့၊ သာဓု အကြိမ်ကြိမ်
ခေါ်ပါတယ် . . လို့"

"အေး။ပြောလိုက်ပါမယ်"

(ကို)ကျော်ဘ,က . .

"ငါတို့,အမေက၊ပြောတယ်ကွ။ငါတို့,က၊
လူမိုက်တွေ . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ" . . ဟုသောမတ်
မေးသည်။(ကို)ကျော်ဘ,က . . ,

"ရန်ဖြစ်လို့ ပြောတာပေါ့ကွာ။မင်းညာ
လုပ်ရပ်ကြောင့်ဖြစ်ရတာပါလို့ ငါတို့ မဖြေ
ဖြစ်ဘူး။ဖြေရှင်းလိုက်တာနဲ့ အရှက်သိကွာ
ထိခိုက်ကုန်လိမ့်မယ်။

အိမ်မှာတော့ တော်တော် အနေရ
တယ်ကွ။အချုပ်ကျဘူးတဲ့ ငါတို့ညီအစ်ကိုနှစ်ယော
အိမ်မှာနေရတာ။တကယ့်ရာဇဝတ်သားတွေ
အဖေက,လည်းပြောတယ်။ထောင်ထဲမှာနေခ
ကောင်တွေ . . တဲ့။

ညီအစ်ကိုချင်းတောင်အသံကျယ်ကျ
စကားမများရဲဘူး။များမိတာနဲ့သြဝါဒ,အကြ
ကြီးတွေလွှတ်တော့တာပဲ။အိမ်ထဲမှာငါတို့နှစ်ယော
ရေရေလည်လည်ညစ်နေတယ်ကွာ"

"ကျော်ဌေးအောင်ကို အကူအညီပေးနေတယ်
သဘောထားလိုက်ပါကွာ" ဟု ကျွန်တော်,စာနာစွာပြောဖြစ်





(ကို)ကျော်ဘ,က . .

"ကျော်ဌေးအောင်ကြောင့်လို့တောင်ငါတို့
တစ်ခါမှ မတွေးပါဘူး။ဟို . . ခွေးသူတောင်းစား
မင်းညာကိုပဲ ငါတို့ တီးချင်နေတာ။

အခုလည်းဒီကောင့်ကို ရှာပြီးသတ်ရမယ့်
အခြေအနေမျိုးရောက်နေကြရပြီလေ။ အဲဒီလို
ကောင်မျိုးကို အရေခွံခွာချင်တဲ့ငါတို့ကိုမိဘ,
တွေက လူမိုက်တွေလို့သတ်မှတ်တာ တော်တော်
ခံစားရတယ်" သ,
လား။

စိန်တိုးက . .

"ဒီ . . ဘဒ္ဒကမ္ဘာမှာ ဘုရားလေးဆူပွင့်ယ်"
ပြီ . . တဲ့။ ရှေးကမ္ဘာ အဆက်ဆက်မှာလည်း
ဘုရားတွေ အသင်္ချေ,အနန္တ ပွင့်ခဲ့ကြပြီးပြီ . . တဲ့။

ပွင့်တော်မူခဲ့ကြတဲ့ ဘုရားရှင်တိုင်းကလည်း
သတ္တဝါအနန္တကို လိမ္မာအောင် ဟော,ဖော်,ညွှန်,ပြ
ဆိုဆုံးမ, တော်မူခဲ့ကြတယ်တဲ့။ အဲဒီလောက် . .
ဆိုဆုံးမ, တော်မူခဲ့ကြပါလျက်နဲ့။နင်တို့လိုလူမိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့။ ဘာကြောင့်များ၊လောက,ကြီးထဲမှာ၊ က
နေကြသေးတာလဲ . . တဲ့။ငါတို့, မာတာမိ
ပက်ပက်စက်စက် ပြောတယ်ကွာ။

လိမ္မာစေချင်လို့ ပြောတာမှန်း၊ သိ
မင်းညာဏ်လိုကောင်မျိုးနဲ့၊ ငါတို့နဲ့။ဘယ်သူ
သလဲ . . လို့၊ အမေ့ကို၊ မေးချင်လိုက်တာ
မေးမိလိုက်တာနဲ့၊ ကျော်ဌေးအောင်နမ၊
ထိခိုက်တော့မယ်။

ဆွတ့်မိဘ,က၊ ဘာမှမသိဘဲဆူ။ အ
တဲ့၊ သားသမီးက၊ဖြေရှင်းရခက်။အဲဒီလို၊ အ
တွေ့,တိုင်း၊ အဲဒီ ကောင်ကို၊ ပိုသတ်ချင်တ
ဒေါသ,စိတ်သည်၊ စာနာသူ ၊ လူအချင်းချင်းသို့၊ က
တတ်လေသလား၊ မသိ။ကျွန်တော်၊ အံသွားချင်း၊ ဖိကြိတ်
သည်။ ပြီးမှ -

"စိန်တိုး"

"ပြောလေ၊ မင်းရန်နိုင်"

"ငါ . . ။မင်းတို့ညီအစ်ကို နှစ်ယောက်





ကတိပေးတယ်"

"ဘာကတိပေးတာလဲ"ဟု၊ (ကို)ကျော်ဘ, မေး၏။
န်တော်က၊ ထိုင်နေရာ ခုံတန်းလျားမှ၊ ကိုယ်ကိုယ်ယို့လျက်၊ သူတို့
ဘက်သို့၊ ကြည့်လိုက်သေးသည်။ ပြီးမှ . .

"မင်းညာဏ်ကို၊ မင်းတို့ အားလုံးရဲ့ ကိုယ်စား
ငါ,သတ်မယ်။အဲဒါ၊ ငါပေးတဲ့၊ ကတိပဲ"

သောမတ်(စ)၊ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။
င်ချင်ယောင်၊ ဆောင်လိုက်၏။ "မင်း,မသတ်နဲ့။ငါတို့ သတ်
"ဟု၊ စိန်တိုးပြောသည်။"အ,ကုသိုလ်အလုပ်ကို၊ သူလုပ်မယ်,
လုပ်မယ်၊ လုမနေနဲ့ကွာ။ဦးတဲ့ကောင်၊ သတ်ကြေး။ဟုတ်ပြီလား။
သတ်တမာကောင်ကို၊ ဘယ်သူသတ်သတ်။တာဝန်ကျေတယ်"
ကျွန်တော်၊ပြောလိုက်သည်။အဖေ,ကြားသိလျှင်၊ အဖန်ဖန်၊
သသွားနိုင်၏။အမှိုက်ရှင်းဖို့၊ မိုက်တွင်းသို့၊ကျွန်တော်,ရဲရဲဝံ့ဝံ့
င်းသက်ရဲသည်။အဖေ့ကိုတော့၊ အားနာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သ။

"မြမြမူ ရှေ့မှာလည်း၊မင်းညာဏ်ကို၊ သတ်မယ်လို့၊ ပြောတယ်။ ကျော်ဘ,တို့ ရှေ့မှာလည်း၊ မင်းညာဏ်ကိုသတ်မယ်လို့ပြောတယ်။မင်း, တကယ်သတ်မှာလား၊ မင်းရန်နိုင်"

သောမတ်(စ)ကို၊ ကျွန်တော်၊ခေါင်းညိတ်ပြလိုက်သည်။

သောမတ်(စ)က ၊ သူ့, မျက်ခုံးထူထူပြားပြားကြီးကို၊ တွန့်လိုက်သေးသည်။ ပြီးမှ . .

"ငါက။အဖေ၊ခရစ္စယာန်ဘာသာဝင်။အမေ, ဗုဒ္ဓဘာသာဝင်က၊မွေးတဲ့။က,ပြားဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။မင်းတို့လို၊ အဖေအမေ,ဗုဒ္ဓဘာသာဝင်တွေလောက်၊ဘာသာတရားအကြောင်း၊သိပ်မသိပါဘူး။

ဒါပေမဲ့။ဘယ်လောက်ပဲ၊ ပြောမှား,ဆိုမှား, ပြုမိမှားတွေရှိရှိ၊ လူသတ်ရင်။ဒီဘဝမှာ၊ထောင်ကျတယ်။နောက်နောင်ဘဝတွေမှာလည်း၊အပါယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



တယ်။လူပြန်ဖြစ်ရင်တောင်၊ရောဂါဘယထူပြော
တတ်တယ်။လူသတ်တာမဟုတ်ပဲ၊တခြားသတ္တဝါ
သတ်ရင်လည်း၊ဒီဘဝမှာ၊ထောင်မကျပေမဲ့။ဒီဘ
ရဲ့ကာလ,တိုင်းမှာ။ရောဂါဘယထူပြောတတ်တယ်
နောင်ဘဝ,တွေမှာလည်း၊အပါယ်ကျတဲ့ဘဝ,ရော
ဘယထူပြောတဲ့ဘဝ,ကို၊ သေချာပေါက်,ရလိမ့်မ
ဆိုတာလောက်တော့။ငါ,သိတယ်၊မင်းရန်နိုင်”

“ငါလည်းသိပါတယ်” . . ဟု၊ ကျွန်တော်ပြော့လိုက်
သော့မတ်(စ),မျက်လုံးဝိုင်းလျက်၊ ငဲ့ကြည့်ကာ . .

“ဒါဆို။ မင်းက၊သိသိခြည်းနဲ့,လုပ်မှာပေ
ဟုတ်လား”

“ဟုတ်တယ်၊ သော့မတ်(စ)။ ငါ,မခံစား
တော့ဘူး။သဇင်နီ့အပေါ်၊ ဘယ်လိုမှ၊သဘောမထ
တော့ပေမဲ့။ကာယကံရှင်၊ မင်းညာဏ်ကို၊ ငါ, လုံး
ခွင့်မလွှတ်နိုင်တော့ဘူး။ငါ . . ဒေါ်သ, အရမ်းထွ
နေပြီ”

“နိုင်ငံခြားအထိ၊ မင်းလိုက်သတ်မလို့လား





“ပြန်လာတာနဲ့။ငါသတ်မယ်”

“ကျိုးရုံ့ပဲ့ရုံလောက်၊ရိုက်လိုက်နှက်လိုက်မယ်
ဆိုရင်တောင်။ ငါ,မတားပါဘူးကွာ။သတ်တဲ့အထိ
တော့၊ ငါ,ခွင့်မပြုနိုင်ဘူး။တားလို့မရရင်၊မင်းထက်
ဦးအောင်၊ ငါပဲ, သွားသတ်လိုက်မှာ”

ကျွန်တော်၊ စကားလမ်း လွှဲလိုသဖြင့် . .

“ကဲ . . ။လောလောဆယ်၊အဲဒီခွေးဝဲစားက၊
မြန်မာနိုင်ငံမှာ၊ မရှိသေးဘူး။အဲဒီတော့၊ကြက်သရေ
မရှိတဲ့ကောင်အကြောင်း၊ ခေါင်းထဲက၊ ထုတ်ထား
လိုက်တော့။

လောလောဆယ်၊ နိုင်ဇေနဲ့မြမြမူတို့ မင်္ဂလာ
ကိစ္စကိုပဲ၊ ခေါင်းထဲထည့်ထားလိုက်ကြရအောင်။
မင်္ဂလာဆောင်ကို၊ ကြက်သရေအရှိဆုံးဖြစ်အောင်
လုပ်မယ်။ပြီးရင်၊ နိုင်ဇေ,ကို၊အလုပ်ရှာပေးရဦးမယ်”

သော့မတ်(စ)က . .

“အကြော်ဝိုင်းပို့တာလည်း၊အလုပ်ပါပဲကွာ။
တကူးတက၊ရှာမနေပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ဇ,က၊ ဘွဲ့တစ်ခုရထားတယ်လေ။သ

လျော်တဲ့အလုပ်တော့၊ သူလုပ်ချင်မှာပေါ့"

သောမတ်(စ)က . . ,

"မင်းကောင်က၊ အကြော်ပို့တာကို၊ပို့ဖေ

ရတယ်ကွ"

"အဲဒါဆိုပိုကောင်းတာပေါ့" . . ဟု၊ကျွန်တော်ပြောမိသ

စာနာတရား၊ထားသိနိုင်သူသည်၊ နေရာအရပ်တိုင်း၌၊ ပျော်မွေ့

လိမ့်မည်ဟု၊ ကျွန်တော်, ထင်မြင်ယုံကြည်ပါသည်။





"စိန်တိုး ပြောတဲ့အထဲမှာ၊ ဟိုဟာ . . ။

ဘာလဲ . . ။ဟိုလေ . . ။အင်း . . ။ဘဒ္ဒ . . ။အင်း,

ဟုတ်တယ်။ဘဒ္ဒကမ္ဘာ။ဘဒ္ဒကမ္ဘာဆိုတာပါတယ်။

အဲဒီ ဘဒ္ဒကမ္ဘာဆိုတာ၊ဘာကိုပြောတာလဲ။

မင်းသိရင်၊ငါ့ကို ပြောပြစမ်းပါ"

သောမတ်(စ)က၊ လွန်စွာသိလိုသောစိတ်ဖြင့်၊မေးခြင်းဖြစ်

ည်။"ဒါတောင်၊မသိဘူးလား"ဟု ကျွန်တော်၊မနောက်ပြောင်မိချေ။

"အခု၊ မင်းနဲ့,ငါနဲ့၊တည်ရှိနေတဲ့ကမ္ဘာကို၊

ဘဒ္ဒကမ္ဘာလို့၊ ခေါ်တာပေါ့"

"အင်းလေ။ဘာကြောင့်,ဘဒ္ဒကမ္ဘာ . . လို့၊

ခေါ်ရတာလဲ။အဲဒါ, သိချင်တာ"

"ဘုရားငါးဆူ၊ပွင့်မယ့်ကမ္ဘာမို့လို့၊ဘဒ္ဒကမ္ဘာ

. . လို့၊ခေါ်တာ"

"သိပြီ။ဒါပေမဲ့ ,နားမရှင်းသေးဘူး" . . ဟု၊ သောမတ်(စ)

ခေါ်၏။ကျွန်တော်က . . ,



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်း၊တူး၊သုရီး။တစ်၊နှစ်၊သုံး။အဲဒါကိုဗေ
မင်း၊ရှင်းရှင်းလင်းလင်း သိတယ်မဟုတ်လား"

"သိတာပေါ့ကွ"

"ဒါဆိုရင်။စိတ်ရှည်ရှည်နဲ့၊နားထောင်
မှတ်မိသလောက်ရှင်းပြမယ်"

သောမတ်(စ) ခေါင်းညိတ်၏။

"စကြာဝဠာအနန္တ၊ ကမ္ဘာအနန္တဆိုတာ
မင်း၊လက်ခံတယ်မဟုတ်လား"

"အင်း။လက်ခံပါတယ်"

"ငါတို့၊ဒီ . . ,လက်ရှိကမ္ဘာရဲ့ရှေ့မှာ။က
ကမ္ဘာတွေ . . အများကြီး။ဖြစ်ခဲ့၊ပျက်ခဲ့ပြီ

အဲဒီကမ္ဘာများစွာထဲမှာ။ ဘုရားပွင့်ခဲ့
ကမ္ဘာရှိတယ်။ဘုရားမပွင့်ခဲ့တဲ့၊ကမ္ဘာရှိတယ်"

"ဟုတ်လား"ဟု၊ သောမတ်(စ)၊ကြားဖြတ်မေးသ
ကျွန်တော်၊ခေါင်းညိတ်ပြပြီးမှ -

"ဘုရားတစ်ဆူမှ၊မပွင့်တဲ့၊ကမ္ဘာကို၊ သု
ကမ္ဘာလို့ခေါ်တယ်"





"ဩော်"

"ဘုရားတစ်ဆူပွင့်တဲ့ ကမ္ဘာကို၊သာရကမ္ဘာ။
ဘုရားနှစ်ဆူပွင့်တဲ့ကမ္ဘာကို၊ မဏ္ဍကမ္ဘာ။ဘုရား
သုံးဆူပွင့်တဲ့ကမ္ဘာကို၊ဝရကမ္ဘာ။ဘုရားလေးဆူပွင့်တဲ့
ကမ္ဘာကို၊သာရမဏ္ဍကမ္ဘာ။ဘုရားငါးဆူပွင့်တဲ့
ကမ္ဘာကို၊ဘဒ္ဒကမ္ဘာလို့ခေါ်တယ်။

အခု၊ငါတို့လက်ရှိကမ္ဘာမှာ၊ ကကုသန်မြတ်စွာ
ဘုရား၊ကောဏာဂုံမြတ်စွာဘုရား၊ကဿပမြတ်စွာ
ဘုရား၊ဂေါတမမြတ်စွာဘုရားဆိုတဲ့၊ဘုရားလေးဆူ
ပွင့်တော်မူပြီးပြီ။နောက်ထပ်၊အရိမေတ္တယျဆိုတဲ့၊
မြတ်စွာဘုရားတစ်ဆူ၊ပွင့်တော်မူဦးမယ် . . တဲ့။
ကဲ . . ။ရှင်းရှင်းလင်းလင်းသိပြီလား"

"အေး။သိလည်းသိပါတယ်။ရှင်းလည်းရှင်း
ပါတယ်။ပြောပြတဲ့အတွက်၊ကျေးဇူးလည်းတင်ပါ
တယ်"

"ငါ့ကို၊ သိပ်အထင်မကြီးနဲ့။ငါလည်း၊ငါ့အဖေ
တစ်ခါတစ်ရံ ပြောပြတာလေးတွေမှတ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်။မှတ်ထားတာလေးတွေ
ရင်၊ ပြောပြပါဦးလားကွာ"

"ဘယ်အကြောင်းပြောပြရမှာလဲ"

"ခုနက၊ အကြောင်းမျိုးပေါ့။ ဥပမာ
သုညကမ္ဘာ ,ဘဒ္ဒကမ္ဘာ, ဆိုတာတွေကို၊ သ
တွေ၊ သတ်မှတ်တာလဲ။အဲဒါမျိုး၊ သိချင်တာ"

ကျွန်တော်၊ မဆိုင်းမတွ၊ ပြောပြနိုင်သည်။

"ဗြဟ္မာတွေ၊သတ်မှတ်တာ"

"ဗြဟ္မာဆိုတာရှိလို့လား"

"မင်း, ဘာဖြစ်လို့မေးတာလဲ"

"မမြင်ဘူးလို့၊မေးတာပေါ့"

"မမြင်ဘူးတာလား။မြင်နိုင်စွမ်းမရှိတာ

"အေး။မင်းပြောသလို၊မြင်နိုင်စွမ်းမရှိ
ဖြစ်မှာပါ"

ကျွန်တော်၊ စကားဆက်၏။

"လူနာတစ်ယောက်ကို၊ ဆရာဝန်တစ်ယော
က၊ ခင်ဗျားသွေးထဲမှာ။တီဘီရောဂါပိုးတွေ





လို့ ပြောရင်။အဲဒီလူနာက၊ ရောဂါပိုးကို၊ ကိုယ်တိုင်
မတွေ့ရတဲ့အတွက်၊ မယုံဘူးလို့ပြောမလား။ယုံယုံ
ကြည်ကြည်နဲ့၊ဆေးကုသ,မှုခံယူမလား"

"ယုံယုံကြည်ကြည်နဲ့၊အကုခံမှာပေါ့"

"ဘာဖြစ်လို့လဲ"

"ရောဂါပိုးကို၊ ကိုယ်တိုင်မမြင်ရပေမဲ့။ဆရာ
ဝန်က၊ မြင်နိုင်စွမ်းရှိတယ်ဆိုတာကို၊ လူနာက၊
အကြွင်းမဲ့ယုံကြည်လို့ပေါ့"

"ဟုတ်တယ်။အဲဒီသဘောပဲ။ လောကမှာ၊
ငါတို့,ဉာဏ်မမှီနိုင်တဲ့၊ ကိစ္စတွေအတွက်။ဉာဏ်ကြီး
တဲ့သူတွေ၊ပြောပြသမျှကို၊ယုံကြည်စိတ်နဲ့ပဲ၊ စ,တင်
လက်ခံကြရတာ။မျက်စိစုံမှိတ်ပြီး၊ လက်ခံတာမျိုး
တော့၊ မဟုတ်ဘူးပေါ့။

ဆရာဝန်က၊ လူနာမှာ၊တီဘီရောဂါရှိနေပါ
တယ်ဆိုတဲ့၊သုံးသပ်ချက်အပေါ်၊ရောဂါပိုးကို၊
ကိုယ်တိုင်မမြင်ရလို့၊ မယုံကြည်ကြဘူးဆိုပါတော့။

သတ္တာရှိရင်။ ဘာဆေးမှ၊ မစားဘဲ။ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပေါ့။တဟွတ်ဟွတ်,တဂွတ်ဂွတ်နဲ့
လက္ခဏာတွေပြလာပြီဆိုရင်တော့။ယုံလိုက်
ပေါ့။ဒါပေမဲ့, တချို့တချို့တွေခမြာ၊ယုံပါတယ်
အချိန်မှာ။ရောဂါက၊ ကျွမ်းသွားပြီ။ဆေးမ
ဘူး"

"ကဲပါ။ ဗြဟ္မာရှိတယ်ဆိုတာ။ငါလ
တယ်။အဲဒီ ဗြဟ္မာတွေက၊ ကမ္ဘာတွေကိုသ
တဲ့။ သတ်မှတ်ပုံ၊သတ်မှတ်နည်းတွေ၊ပြောပြ

"ကမ္ဘာပေါင်းများစွာ၊အကြိမ်ကြိမ်၊ ဖြ
ပျက်လိုက်နဲ့၊တည်ခဲ့ပျက်ခဲ့ကြတယ်။အဲဒီလိုအ
အနန္တ၊ တည်ခဲ့ပျက်ခဲ့ကြရင်းက။

အပျက်ကမ္ဘာပြီးတိုင်း၊ကမ္ဘာပြုမိုးရွာ
ကမ္ဘာပြုမိုးတိတ်ပြီး၊အဖြစ်ကမ္ဘာအစမှာဘ
တွေ၊ပွင့်လေ့ပွင့်ထ,ရှိတဲ့၊ မြေနေရာမှာ
ကြာပင်တွေ၊ ပေါက်လာတယ်။

အဲဒီအခါ၊ သုဒ္ဓါဝါသဗြဟ္မာ့ဘုံက၊ ဗြ
ဆင်းလာပြီး။ကြာပင်တွေမှာ၊ ကြာပွင့်ပါ





ကြည့်ကြတယ်။ကြာပင်တွေပဲတွေ့ပြီး၊ ကြာပွင့်
တစ်ပွင့်မှ၊မတွေ့ဘူးဆိုရင်၊ အဲဒီကပ်,အဲဒီကမ္ဘာဟာ၊
ဘုရားဆိတ်သုဉ်းတဲ့၊ သုညကမ္ဘာပဲ . . လို့၊ကြာအ
တိတ်ကိုနိမိတ်ယူပြီး၊ညည်းညူကြတယ်"

"ဘယ်လိုညည်းညူတာလဲ"

"အင်း။ သုညကမ္ဘာ၊ဘုရားတစ်ဆူမှ၊မပွင့်
တော့မယ့်ကမ္ဘာ။လူ,နတ်,ဗြဟ္မာ,သတ္တဝါအားလုံး၊
နိဗ္ဗာန်ဆိုတဲ့၊သဘောတရားကို၊ အသံသဲ့သဲ့တောင်
ကြားခွင့်မရနိုင်တော့မယ့်၊ကမ္ဘာပါလား။

ဘာဉာဏ်အလင်းမှ၊မရနိုင်တော့မယ့်၊ကမ္ဘာ။
အပါယ်ငရဲမှာ၊သတ္တဝါတွေ၊စည်ကားတော့မယ့်
ကမ္ဘာပါလား . . လို့ ၊ ညည်းညူကြတာ"

"ကြာပင်တွေထဲမှာ၊ ကြာပွင့်တစ်ပွင့်တွေ့ရင်၊
ဘုရားတစ်ဆူပွင့်မယ့်ကမ္ဘာ၊ သာရကမ္ဘာ၊နှစ်ပွင့်
တွေ့ရင်၊ဘုရားနှစ်ဆူပွင့်မယ့်၊မဏ္ဍကမ္ဘာ။ဟုတ်တယ်
နော်"

သောမတ်(စ)က၊ သူ,မှတ်မိသလောက်၊ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . ,

"ဟုတ်တယ်လေ။ကျန်တာဆက်ပြော"

သောမတ်(စ)၊ သေသေချာချာ၊ ပြန်စဉ်းစား၏။ပြီးမှ

"ကြာပွင့်သုံးပွင့်တွေ့ရင်၊ ဘုရားသုံးဆူ

မယ့်၊ဝရကမ္ဘာ။လေးပွင့်တွေ့ရင်၊ ဘုရားလေး

ပွင့်မယ့်၊သာရမဏ္ဍကမ္ဘာ။ကြာပွင့် ငါးပွင့်တွေ့

ဘုရားငါးဆူပွင့်မယ့်၊ ဘဒ္ဒကမ္ဘာ"

"အေး။ဟုတ်တယ်" ဟု၊ ပြောပြီး၊ ကျွန်တော်က . . .

"ဒီ,ဘဒ္ဒကမ္ဘာဆိုတာ။ဘုရားငါးဆူတော

ပွင့်မယ့်ကမ္ဘာမို့အမြတ်ဆုံးကမ္ဘာပဲတဲ့။ခုနကပြော

ပဒုမ္မာကြာပွင့်တွေ၊ တွေ့ပြီဆိုတာနဲ့။ကြာပွင့်

နဲ့အတူ၊ကမ္ဘာ့တန်ဆာလို့ခေါ်တဲ့၊ ကြာသက်န်း

အဆင်သင့်၊ပါလာတယ်. . တဲ့။

ကြာပွင့်တစ်ပွင့်မှာ၊ ကြာသက်န်းတစ်

နှစ်ပွင့်ဆိုရင်၊ နှစ်စုံ။ငါးပွင့်ဆိုရင်၊ ငါးစုံပေါ့

ပွင့်နိမိတ်ကို၊တွေ့ပြီဆိုတာနဲ့။ဗြဟ္မာကြီးတွေ

ပျော်ကြတာ။





ကြာပွင့်နဲ့အတူပါလာတဲ့ကြာသက်န်းကိုလည်း၊ ဗြဟ္မာ့ဘုံကိုယူသွားကြပြီး။ဘုရားရှင်တွေ၊ပွင့်တော်မူရင်၊ အဲဒီကြာသက်န်းကို၊ ဦးဦးဖျားဖျားလှူဒါန်းကြတယ်တဲ့။

အခုဆိုရင်၊ နောက်ပွင့်မယ့်၊ အရိမေတ္တေယျ မြတ်စွာဘုရားကို၊လှူဒါန်းဖို့အတွက်၊ကြာသက်န်းတစ်စုံ၊သုဒ္ဓါဝါသဗြဟ္မာ့ဘုံမှာ၊ရှိသေးတယ်"

"အဲဒါတွေ၊ ငါ, တစ်ခါမှ၊ မကြားဖူးဘူး" ဟု၊ သောမတ်(စ) လေသည်။ ကျွန်တော်က . . ,

"ငါလည်း၊ ငါ့အဖေပြောပြလို့၊ ကြားဖူးထားတာပါ"

"ဘာသာတရားကိစ္စတွေမှာ၊ ကြာပွင့်လေးတွေနဲ့၊တင်စားကြတာ။အခု,မင်းပြောတဲ့၊ကြာနိမိတ်ကို၊ ရည်စူးကြတာလားမသိဘူးနော်"

"ဟုတ်ရင်ဟုတ်မှာပေါ့။ဗုဒ္ဓဘာသာမှာ၊ကြာပန်းနဲ့၊ ဆက်နွယ်တဲ့၊ အကြောင်းအရာတွေက၊ အများကြီးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



သောမတ်(စ)က . .

"ဘာသာတရားဗဟုသုတ,တွေ၊ မင်

တော်တော်ရှိမှာပဲနော်"

"နည်းနည်းပါးပါးတော့၊ ရှိတာပေါ့ကွ"

"ငါ့ထက်တော့၊ ပိုရှိမယ်ထင်တယ်"

"ဟုတ်မှာပေါ့"

"ကုသိုလ်၊ အ,ကုသိုလ်ဆိုတာကိုရော

သိလား"

"မသိဘဲနေမလားကွ။ ဗုဒ္ဓဘာသာ

သိတာပေါ့"

"ငါ့ကို၊ နည်းနည်းပြောပြပါဦးလား"၊

"ကုသိုလ်၊ အ,ကုသိုလ် အကြောင်းက

ရင်တော့၊ အများကြီးပေါ့ကွာ။ အကျဉ်းချုပ်

ရင်တော့။ကောင်းတာက၊ ကုသိုလ်။ မကောင်း

အ,ကုသိုလ်ပေါ့။ ဒါပဲ"

"အဲဒီလောက်သိထားလျက်နဲ့။ မင်းည

သတ်ဖို့ မင်း, တေးထားတာ။ ဘာသာတ





အားနာဖို့ မကောင်းဘူးလား မင်းရန်နိုင်"

ကျွန်တော်၊ သောမတ်(စ)ကို၊ ဘုကြည့်,ကြည့်လိုက်၏။

ညိုမှုန်းသိလျက်၊ သောမတ်(စ)က . . ,

"ဒါ . . ၊ ဘဒ္ဒကမ္ဘာလေကွာ။ သုည,

ကမ္ဘာ၊ မဟုတ်ဘူးလေ"

ကျွန်တော်၊ ဘာစကားမျှ၊ ပြန်မပြောမိတော့။

သုည,ကမ္ဘာဟူသည်၊ ဒေါသ,စိတ်၊ ကြီးစိုးသောကမ္ဘာကို၊

ပေါ်လေသလားဟု၊ စိတ်ထဲ၌၊ ကြိတ်ခဲ တွေးတောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်မိဘ,များ၊ သဘောတူညီစွာဖြင့်၊ နိုင်ဇေ,နှင့်မြမြမူ ကို နိုင်ဇေ၏ ဦးလေးတစ်ဝမ်းကွဲတော်စပ်သော၊ရွှေနေ,ကိုကျော်ထူး တရားရုံးတွင်၊ မင်္ဂလာလက်မှတ်,ရေးထိုးပေး၏။ မင်္ဂလာဆွမ်း အလှူကို၊ ဘုန်းတော်ကြီးကျောင်းတွင်၊ ပြုလုပ်ဖြစ်သည်။

"အကြော်ဖိုထဲမှာ၊ ယောက်ျားလေးအဝင်အထွက်တွေ၊ နေကတည်းက၊ တစ်ယောက်ယောက်နဲ့တော့၊ ညားလိမ့်မယ် တာ၊သိသားပဲ" ဟူသည့်၊မူလ,သတင်းအရင်းအမြစ်ကိုပင်၊ မသိ ာပဲ၊မြင်ရာထင်ရာပြောတတ်လေ့ရှိသော၊ပတ်ဝန်းကျင်,သတင်း ယက်မှု၊ အတင်းအဖျင်းစကားလေး၊ နည်းနည်းပါးပါးလောက် ာ၊ ကျွန်တော်တို့၊ ခေတ္တခဏ ရင်ဆိုင်လိုက်ရပါသေး၏။

သတင်းအမှန်လောက်၊ မပြင်းထန်သော၊ သတင်းအမှား, တင်းစကားများကိုပင်၊ ကြိတ်မှိတ်ကျေးဇူးတင်ဖြစ်သည်။ င်လယ်ကို၊ ကြိုးပမ်းဖုံးအုပ်ထားကြသူများဖြစ်သဖြင့်၊ဆီမီးခွက် တင်းစကား, သေးသေးလေးများ၊ ထ,တောက်သည်ကို၊ ကျွန်တော် တတွေ . .၊ လှည့်မကြည့်အား။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ၊ အဖေနှင့်အမေကိုသာတွေ့ပြီး၊ ကျွန်တော့်
မတွေ့သဖြင့်၊ အိမ်သို့ ၊ သဇင်နီရောက်လာခြင်း၊ ဖြစ်ပေမည်
သူ့ကိုမြင်မြင်ချင်း၊ စိတ်အတွင်း၌၊ ဒေါသ,မွှေ့ယောက်
ထ, ပေါက်မတတ်ဖြစ်သွားသေးသည်။ သူနဲ့မှမဆိုင်ပဲလေ ..
ဖြစ်ညှစ်တွေးလျက်၊ စိတ်ကိုဖြေရ၏။

"ဆိုင်ဘက်, ရောက်ခဲ့သေးတယ်။ဝင်မေး
မမေးခဲ့ဘူး"

တူရှုတွင်ဝင်ထိုင်ပြီး၊ ပြုံးလျက်သူပြောသည်။ကျွန်တော်ပြ
ပြုံးမပြမိ။

"မြမြမူ အိမ်ထောင်ပြုလိုက်ပြီလား"

"ဘယ်က၊ ဘယ်လိုသိတာလဲ"ဟု၊ ကျွန်တော်၊ မမေးအ
တော့သဖြင့် ...,

"ဟုတ်တယ်။ ကျွန်တော့်သူငယ်ချင်းနဲ့
လိုက်တယ်"

ယူလိုက်ရသည့်၊ အခြေအနေကို၊ ကျွန်တော်,ပြောမပြ

"တစ်ယောက်နဲ့တစ်ယောက်၊ရည်ငံပြီးယူ
လား"





"တစ်ယောက်ဘဝကို၊ တစ်ယောက်သိပြီး၊
လက်တွဲလိုက်ကြတာပါ"

"မင်းရန်နိုင်၊ တို့ကို,စိတ်ဆိုးနေတာလား"

"မသဇင်နီ အပေါ်၊ ကျွန်တော်,စိတ်ဆိုးစရာ
မရှိပါဘူး"

ပြုံးဟန်ပြုပြီးပြောရသည်။

"သိပါဘူး။ မျက်နှာထားတင်းလွန်းနေလို့"

"ကျွန်တော့်ဆီကို၊ လာလည်တာလား။လမ်း
ကြုံဝင်လာတာလား"

"ကြုံလို့ဝင်လာတာမဟုတ်ဘူး။တမင်လာလည်
တာလေ။ဘာဖြစ်လို့လဲ"

ကျွမ်းဝင်သူကို၊ ကြည့်သော,အကြည့်၊ ကျွမ်းဝင်သူကိုပြော
,ဟန်ပန်,မျက်နှာထားမျိုးဖြင့်၊သူမေးပြော,ပြော၏။

"ဖြေလေ။ဘာဖြစ်လို့လဲ။လာလည်တာမကြိုက်
လို့လား"

"အလည်လာတာ၊ မကြိုက်လို့မဟုတ်ပါဘူး။
ကျွန်တော်နဲ့,မသဇင်နီကို၊ ကျွန်တော့်အမေ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးထင်နေတယ်။အဲဒီလို ထင်နေတဲ့အ

မသဇင်နီကို၊ ကျွန်တော်,အားနာလို့"

တမင်သက်သက်၊ ပြောသောစကားတော့မဟုတ်

ပြောစရာစကားရှာမရခြင်းကြောင့်၊ ပြောလိုက်မိခြင်း ဖြစ်သ

"မင်းရန်နိုင် အမေကို၊ တို့ပြောပေးရမ

တစ်မျိုးမထင်ဖို့"

"အဲဒီလောက်မဟုတ်ပါဘူး။နောက်နေ

ပြောင်ပြောင်၊ ထင်မြင်တာမျိုးပါ"

"ဪ"

မျက်လုံး ဆုံစွာ၊ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်

မျက်နှာလွှဲလိုက်ရ၏။ မျက်နှာတစ်လွှဲမျှကာလ,အတွင်း၌၊ကျွန်

ဦးနှောက်ထဲသို့၊ အကြံတစ်ခု၊ ဝင်လာသည်။ထို့ကြောင့်၊ ရုတ်

မျက်နှာချိုကာ . .

"မင်းညာဏ်၊ ဖုန်းတွေ,ဘာတွေ မဆ

လား"

နှုတ်မှမဖြေဘဲ၊ ခေါင်းခါပြသည်။

"စာရော။ မလာဘူးလား"





"ဖေဖေတို့,မေမေတို့ဆီတော့၊လာချင်လာ

မှာပေါ့။တို့ဆီတော့မလာပါဘူး။ဘာဖြစ်လို့လဲ"

"ကျွန်တော်။ သူ့ဆီကို၊ စာရေးမလို့။ လိပ်စာ

လိုချင်လို့"

"ကိစ္စရှိလို့လား"

"မြမြမူနဲ့နိုင်ဇ,နဲ့၊ လက်ထပ်ပြီးသွားပြီဆိုတဲ့

အကြောင်း၊၊ လှမ်းရေးမလို့။သူ,စိတ်လွတ်လပ်သွား

တာပေါ့။ပြန်လာချင်ရင်လည်း၊ပြန်လာလို့,ရတာ

ပေါ့"

"ပြန်လာလို့တော့၊ ရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"အိမ်က၊ ပြန်လာခိုင်းမှာမဟုတ်ဘူးလေ"

"ဪ . .။ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်,

လိပ်စာလိုချင်တယ်"

"တို့, အလွတ်တော့မရဘူး။နောက်နေ့မှ၊

လာပေးမယ်လေ"

ကျွန်တော်, ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဇင်နီက . . ,

"တစ်ခုလောက်ကူညီပါလားဟင်"

"ပြောပါ"

"တို့ကို ဘုရားလိုက်ပို့ပါ"

"ကျွန်တော်မအား . . "

"မငြင်းပါနဲ့မင်းရန်နိုင်။ မိဘ,နဲ့သွားချင်ရင် ဖေဖေ့ကို လိုက်ပို့ခိုင်းရုံပဲလေ။ မင်းရန်နိုင်ကို လိုက်ပို့စေချင်လို့ပါ"

"ကျွန်တော် မလိုမလား ငြင်းတာမျိုးမဟုတ်ပါဘူး။ အားနာတာပါ"

"ကုသိုလ်အတူလုပ်ဖို့ ခေါ်တာ။ အားနာတယ်ဆိုပြီးမငြင်းကောင်းဘူးလေ"

"ကုသိုလ်အတူလုပ်ဖို့။ဟုတ်လား"

"အင်း။ဟုတ်တယ်။ မြမြမူ မင်္ဂလာဆွမ်းကျွေးကို တို့လာခွင့်မရဘူးလေ။ လက်ဖွဲ့ပေးဖို့လည်းမကောင်းဘူး။ အဲဒါကြောင့်ဘုရားမှာသူ့မင်္ဂလာဦးအတွက် ဒါန,လုပ်ပေးမလို့"





အသနားခံစွာ ကြည့်၏။ စကားမဲ့စွာ ကျွန်တော်,ငေးကြည့်မိသည်။

"အမျှဝေရင်တောင် သာဓုခေါ်ပေးမယ့်သူ မရှိလို့ မင်းရန်နိုင်ကို အဖော်ခေါ်တာပါ"

စိတ်မကောင်းဖြစ်မိသော ကျွန်တော့်ရင်ထဲကို မမြင်သာအောင် ကျွန်တော်, နေရသည်။

"ရွှေသက်န်းကပ်မှာလား"

"ဒါနကုသိုလ်မှန်သမျှ အကုန်လုပ်ချင်တယ်"

"လုပ်သမျှ ကုသိုလ်တိုင်းကို။ကျွန်တော် . . , သာဓုခေါ်ပေးပါ့မယ် မသဇင်နီ"

"ကျေးဇူးပါပဲ"

ရနံ့ဆိုးရာ ဟိုမှာဖက်ကမ်းမှ သင်းပျံ့သော သဇင်ရနံ့က ငြင်းသန့်စွာ လွင့်မျောလာသည်ဟု ခံစားသိဖြင့် ကျွန်တော် သိမြင်သည်။

ဝင်းပ,ဖြူစင်ခြင်းကို မြင်စဉ်ခဏ၌ ညစ်ညမ်းနက်မှောင်ခြင်းအပေါ် ပိုမို၍ ရွံရှာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံကို မင်း ပြန်လာတော့ဘူးဆိုရင်တော့
ငွေကြေးအဆင်ပြေတာနဲ့ ငါ မင်းဆီကို လာခဲ့မယ်
မင်း ပြေး နိုင်တဲ့အထိ ပြေးထား။

လေယာဉ်ကွင်းမှာ ငါပြောခဲ့တဲ့စကား
ငါ ပြန်ရတာသိအေးတယ်။ မသိတဲ့သူ ဘယ်သူ့ကိုမှ
ငါ ဘာမှမလုပ်တော့ဘူး။

မင်းကိုယ်မင်း ယောကျ်ားပီသတဲ့သူ
ထင်တယ်ဆိုရင်တော့ မင်းကိုယ်တိုင် မြန်မာနိုင်ငံ
ကို ပြန်လာပြီး ငါနဲ့ ရင်ဆိုင်ပေါ့။ ငါ ..မင်း
သတ်ဖို့ ဆုံးဖြတ်လိုက်ပြီ မင်းဉာဏ်။

ကြောက်တတ်ရင်တော့ ကမ္ဘာပတ်ပြေး
ကွာ။ မကြောက်တတ်ရင်တော့ မင်းနဲ့ ငါနဲ့ တွေ့
သချိုင်း ဓားမဆိုင်းပဲ။ လူယုတ်မာတစ်ယောက်
လွတ်မြောက်နေတာ ငါမလိုလားဘူး။ မရ ရတဲ့နည်းနဲ့
မင်းကိုငါသတ်မယ်။ မင်း လွတ်အောင်ပြေး။

မင်းရဲ့ သေမင်း

မင်းရန်နိုင်





တိုစာနှင့်ပတ်သက်ပြီး မည်သူ့ကိုမျှ ကျွန်တော်, အသိ
ဖြစ်တော့ချေ။

တိုစာရေးပို့ပြီးသိပ်မကြာခင်မှာ၊ မင်းဉာဏ်၏ပြန်စာကို
တော်ရ၏။

တစ်နှစ်ပြည့်တာနဲ့၊ ငါ့အရောက်လာခဲ့မယ်၊ မင်းရန်နိုင်၊
ကိုယ်နဲ့မဆိုင်ဘဲ၊ လူတွင်ကျယ်ဝင်လုပ်တဲ့၊ မင်းလိုကောင်မျိုးကို၊
ငါက,လည်း . သတ်ချင်နေတာပါ၊

မိဘနဲ့နေတုန်းက,တော့၊ငါ့နည်းနည်းပျော့ညံ့ခဲ့တာ၊
အမှန်ပဲ ၊ အခုကိုယ့်ဝမ်းကိုယ်ကျောင်းရတဲ့အခါကျမှ၊ ဘာကိုမှ၊
ဂရုစိုက်စရာ မလိုတော့လောက်အောင်၊ငါ့သတ္တိပိုရှိလာတယ်၊

မင်းရဲ့,စိန်ခေါ်မှုကို၊ ငါ့,လုံး၀,လက်ခံတယ်၊
ငါက,လည်း၊ တွေ့ရာသချိုင်း,ဓားမဆိုင်းပါပဲ၊

မင်းရဲ့

သေတမန်(မင်းဉာဏ်)



www.burmeseclassic.com

www.burmeseclassic.com



ငွေ။

သူငယ်ချင်းတွေ၊ အရင်လို၊ မကြာခဏ, မတွေ့ဖြစ်ကြ
တော့ချေ။ နိုင်ဇ,က ၊ သူ့ယောက်ဖ,ကျော်ဌေးအောင်နှင့်အတူ၊
အကြော်ပို့သည့်လုပ်ငန်းကို၊ ပျော်ပျော်ပါးပါးကြီးလုပ်နေချေပြီ။
သာမတ်(စ)က၊ ကွန်ပျူတာပြင်သည့်လုပ်ငန်းကို၊လုပ်ဖို့,အလုပ်ဝင်
င်တန်းသားအဖြစ်၊ လုပ်ကိုင်နေပေပြီ။

လူသတ်ရန်ကြံစည်ထားသော၊ ကျွန်တော်က,တော့၊အဖေ
နှင့်အမေတို့၏၊ သီရိမင်္ဂလာဈေးထဲက၊ သစ်သီးဆိုင်မှာ၊ ကူရောင်း
လိုက်, အိမ်မှာပြန်နားလိုက်,သဇင်နီလာခေါ်လျှင်၊ အပြင်လိုက်သွား
လိုက်ဖြင့်၊ ယောင်ဝါးဝါးနေထိုင်နေမိသည်။

"မသဇင်နီက,ရော၊ ဘာဖြစ်လို့၊ အလုပ်,
မလုပ်တာလဲ"

"အိမ်က၊ ခွင့်မပြုဘူး"

"အခုလို၊ အပြင်ထွက်တာကျတော့၊ ခွင့်,
ပြုလား။ အိမ်က"

ကျွန်တော့်၊ အမေးကြောင့်၊ သဇင်နီ ပြုံးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ

"ဖေဖေမရှိတဲ့အခါတိုင်း၊လိမ်ညာပြီး၊ ထွ

လာရတာပါဆို"

"လိမ်ပဲလိမ်နိုင်လွန်းတယ်" . . ဟု၊ ကျွန်တော်၊ ရယ်

မောမော၊ ပြောလိုက်သည်။ သူ . . ပြုံးလျက်၊

"လိမ်တာကြာသွားရင်၊ အလိမ်ခံရတဲ့သူ

တကယ်ပြောတာပဲ . . လို့ ထင်သွားရော။

တို့လိမ်ပြောပြီး၊ထွက်ထွက်လာတာ၊ကြာ

ပဲ။မေမေရော၊ဖေဖေရော။ ဘာသံသယမှ၊ မရှိ

တို့အပေါ်မှာ။

ပြီးတော့။ တို့က၊ ကလေးမဟုတ်တော့

လေ"

"ဩော်။ အရွယ်ရောက်ပြီ၊ လူကြီးဖြစ်ပြီး

တော့။မိဘ,က၊ နေရာတကာ၊ ဝင်မစွက်ဖက်တော

ဘူးလို့ ဆိုလိုတာလား"

"မဟုတ်ပါဘူး"

"ဒါဆို။ ကလေးမဟုတ်တော့ဘူးလို့၊ဘာ





လို့၊ ပြောတာလဲ"

သဇင်နီက၊ ရယ်ရင်း . .

"ကလေးမဟုတ်တော့ဘူးဆိုတာက။ကလေး ဘ၀,တုန်းက၊ မိဘ,ကို၊ ကျွမ်းကျွမ်းကျင်ကျင်မလိမ် တတ်သေးဘူးလေ။

အခု၊ လူကြီးဖြစ်ပြီဆိုတော့၊ ကျွမ်းကျွမ်း ကျင်ကျင်၊ လိမ်တတ်ပြီလို့၊ ပြောတာ"

"တော်တော်ရယ်စရာပြောတာပဲ"

ကျွန်တော်ပါ၊ ရောရယ်ရသည်။

"ဟုတ်တယ်။ဘယ်လိုမိဘ,ပဲဖြစ်ဖြစ်၊မိဘ, ဆိုတာ၊သားသမီးအပေါ်၊ သံသယမထားဘူး။စိုးရိမ် စိတ်ပဲရှိကြတာ။

အဲဒါကို၊ သိတဲ့သားသမီးတချို့က၊ စိတ်ချ ယုံကြည်အောင်နေထိုင်ပြီး ၊ လိမ်ကြတော့တာပဲ။

မိဘ, စိတ်ချယုံကြည်လာအောင်၊ လိမ်နိုင် တာ။သားသမီးပဲ၊တခြားသူမဟုတ်ဘူး"

"ကိုယ်လိမ်တာ၊ကိုယ်သိသားပဲ" ဟု၊ ကျွန်တော်၊ နေ့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လိုက်၏။

"ဟုတ်တယ်။တို့က၊ ကိုယ်လိမ်တာ,ကိုယ်
တယ်။တချို့က၊ ကိုယ်,လိမ်နေတာကို၊ ကိုယ့်ဘာ
တောင်မသိဘူး။

ဘေးလူက၊ သူလိမ်နေတာကို၊ သိမြင်နေ
တောင်။သူ့ကိုယ်သူ၊လူလိမ်မှန်းမသိဘူး"

"ဘယ်သူ့ကို၊ပြောတာလဲ"

"ဟင့်အင်း။ ဘယ်သူ့ကိုမှ၊ပြောတာမဟု
ပါဘူး။စကားဥပမာပေးတာပါ"

အပြုံးချင်း လဲလှယ်နေသကဲ့သို့၊ တစ်ဦးကိုတစ်ဦး၊ ကြ
နေမိကြစဉ်၊ စိတ်ထဲတွင်၊ တကယ်မပြုံးချင်တော့ဘဲ၊ သူပြော
စကားအဓိပ္ပါယ်ကိုသာ၊ အတွေးဖြင့်,ဘာသာပြန်ကြည့်နေဖြစ်သ
မည်သို့မျှ၊ ဘာသာပြန်၍၊ မရ။ရှင်းပြဖို့လည်း၊ မတောင်းဆို





"မင်းနဲ့၊ ငါ့သမီးနဲ့က ၊ ခင်မင်နေကြတာ
လား"

သဇင်နီ၏အဖေ၊ ဦးသိန်းငွေနှင့် ကျွန်တော်၊ လမ်းမှာတွေ့
ည်။ ဦးသိန်းငွေက၊ ကျွန်တော့်ကို၊ ကားပေါ်တက်ခိုင်းပြီး . . ၊
သောက်ဆိုင်တစ်ဆိုင်သို့ခေါ်သွားသည်။ဘာမျှ,မစားချင်ကြောင်း၊
န်တော် ပြောသည်။"အအေးလောက်တော့သောက်ပါ"ဟု၊
သိန်းငွေ ပြောသဖြင့်၊ကျွန်တော်,ခေါင်းညိတ်လိုက်သည်။သို့သော်၊
ချိုရည်ကို၊ ကျွန်တော်, တစ်ငုံမျှ မငုံ။

ထို့နောက်၊မည်သို့သောစကားနှင့်မျှ၊စကားမပျိုးဘဲ၊
ထက်ပါမေးခွန်းကို၊ ရုတ်တရက်၊ မေးမြန်းလိုက်ခြင်း၊ ဖြစ်၏။

"မခင်ပါဘူး။ ဦးလေးသမီးက၊ ကျွန်တော့်ဆီကို၊ သူ့ဘာသာ
လာနေတာပါ"ဟု၊ ကျွန်တော်ပြောလိုက်လျှင်၊ ဦးသိန်းငွေ,
တ်သေဆုံးသွားနိုင်သည်။ထို့အပြင်၊ သဇင်နီ၏ကြွေ့သိက္ခာကို၊
ငြိပါးစေလိုသဖြင့်၊စကားဆင်ခြင်၍၊ကျွန်တော်ပြောလိုက်သည်။

"မင်းဘက်နဲ့ကျွန်တော်နဲ့လည်း၊ ခင်တာပဲ။
မသဇင်နီနဲ့ကျွန်တော်။တွေ့ရင်,ကြုံရင်၊ ခေါ်ခေါ်
ပြောပြောတော့၊ ရှိတာပေါ့။ဘာဖြစ်လို့လဲဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးက၊ကျန်းမာရေးသိပ်မကော
ဘူးကွ။တစ်ယောက်တည်း၊ အပြင်ထွက်ထွက်သွ
တယ်။မင်းနဲ့ခေါ်ခေါ်ပြောပြောရှိတယ်ကြား
မင်းကို၊ မေးကြည့်တာပါ။

သူ့အမေက၊လည်း၊နှလုံးမကောင်းဘူး။သ
အပြင်ထွက်ရင်၊ တစ်ခုခုစိုးရိမ်ပြီး၊ ကျန်ခဲ့
အိမ်ကို၊ငါပြန်ရောက်တော့မှ၊ သမီးမသိအော
ငါ့ကိုတိုင်တာ"

ရှိရှိသမျှ၊ ရောဂါဘယတွေ၊ သူတို့တစ်အိမ်တည်းတွင်
စုစည်းဖြစ်ပွားနေသည်ဟု၊ ညည်းတွားပြလိုက်ခြင်းဖြစ်ကြော
ကျွန်တော်နားလည်လိုက်၏။

"ငါလည်း၊ သမီးဘယ်တွေမျှားသွားသလ
ဟိုဟိုဒီဒီ၊စုံစမ်းရတာပေါ့။မင်းနဲ့၊ မကြာခဏ
တယ်ဆိုတာ၊ သိရတယ်"

"ဘယ်လိုထင်မြင်ချက်နဲ့၊ကျွန်တော့်ကို
တာလဲ"

"မိဘ၊ဆိုတော့၊ အမျိုးမျိုးသောထင်မြင်





နဲ့၊ မေးမိတာပေါ့ကွာ"

"မသဇင်နီကို၊ မေးပြီးသွားပြီလား"

"မေးပြီးသွားပြီကွ။သမီးက၊ပြောတယ်။သူနဲ့
မင်းနဲ့၊ ရည်ငံနေကြတယ် . . တဲ့"

"မဟုတ်ပါဘူး"ဟုလည်း၊ ကျွန်တော်၊ မငြင်းပယ်။"ဟုတ်ပါ
တယ်ခင်ဗျာ"ဟုလည်း၊ဝန်ခံခြင်းမပြုသေးဘဲ၊ဟုတ်သယောင်ယောင်
ကျနာထားဖြင့်၊ ဒေသာငြိမ်နေလိုက်သည်။ချော်လဲရောထိုင် . . ဟု၊
ကိုယ့်ကိုကိုယ်၊သတ်မှတ်လိုက်ပါသေး၏။

"မင်း၊ ဘာနဲ့ကျောင်းပြီးလဲ"

"ပထဝီ"

"သမီးက၊ အင်္ဂလိပ်စာနဲ့ပြီးတာကွ။အငယ်
ကောင်က၊တော့၊ဥပဒေနဲ့ပြီးတာ။အကျင့်မကောင်း
တော့၊ ဘာမှလုပ်စားလို့ရမှာမဟုတ်ဘူး။အဲဒါကြောင့်၊
အဝေးပို့လိုက်တာ"

သူ့သားအကျင့်မကောင်းတာ၊ သူ . . သိသားပဲ ဟု၊စိတ်
အတွင်းမှ၊ ပြောမိသည်။

"သမီးက၊အလုပ်၊လုပ်ချင်ပေမဲ့၊ငါ . . ,



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပြုဘူး"

ဘာဖြစ်လို့လဲ ဟု၊ ကျွန်တော်၊စကားဖြတ်မေး၏။

"မင်းက,ရော၊ ဘာအလုပ်,လုပ်ဖို့၊ စိတ်ကူး ထားလဲ"

မင်းညာဏ်, အဆင်ပြေရင်၊ မင်းညာဏ်နောက်ကို၊ လိုက်မည်ဟု၊ မင်းညာဏ်ကို၊ ပြောခဲ့ဘူးသော၊ ကျွန်တော့်စကားတစ်ခွန်း ဦးသိန်းငွေ,ပြန်ကြားထားပုံရ၏။

"ကျွန်တော်က၊ ဈေးသည်သားဆိုတော့ ဈေးပဲရောင်းဖြစ်မှာပါ"

သူ . . ,ထင်မှတ်မထားသည့်စကားမျိုးကို၊ ကျွန်တော် တမင်ရွေး၍၊ ပြောလိုက်ခြင်းဖြစ်သည်။

"နိုင်ငံခြားသွားပြီး၊အလုပ်,လုပ်ဖို့၊အစီအစဉ် မရှိဘူးလား"

ကျွန်တော်၊ ခေါင်းခါပြလိုက်သည်။

"တော်တော်များများ၊ သွားကြတယ်လေကွာ"

"ဒီမှာ,လုပ်မစားတတ်တဲ့သူတွေ၊သွားကြတာနေမှာပါ။ကျွန်တော်က၊ ဒီမှာ,လုပ်စားတတ်





တယ်။အဖေနဲ့အမေက၊ သီရိမင်္ဂလာဈေးမှာ၊သစ်သီးရောင်းတယ်လေ။

အဲဒီ , သစ်သီးတွေကို ၊ ကျွန်တော်က၊ နောက်ထပ်, တစ်ဆိုင်ဖွင့်ပြီးပဲ၊ ရောင်းရောင်း။ ပလက်ဖောင်းပေါ်မှာပဲရောင်းရောင်း။ လမ်းဘေးမှာပဲရောင်းရောင်း။ရပ်ကွက်ထဲမှာပဲ၊ရောင်းရောင်း။ အဆင်ပြေအောင်၊ရောင်းတတ်ပါတယ်"

"မင်းက, တက္ကသိုလ်ကျောင်းသားလေ။ အဲဒီလို၊ လုပ်လို့, သင့်တော်ပါ့မလား"

ကျွန်တော်, ပြုံးလျက် . .

"တက္ကသိုလ်က၊ ကျွန်တော်တို့ကို၊ သင်ပေးလိုက်တဲ့,ပညာတွေထဲမှာ၊တက္ကသိုလ်ကျောင်းသား, ကျောင်းသူတွေ . . ။ဘယ်လို,စီးပွားရှာကြဆိုတာ၊ မပါဘူး ဦးလေး။

စီးပွားရေးနယ်ပယ်မှာပဲဖြစ်ဖြစ်။လူမှုရေးနယ်ပယ်မှာပဲဖြစ်ဖြစ်။နိုင်ငံရေးနယ်ပယ်မှာပဲဖြစ်ဖြစ်။အမိတက္ကသိုလ်ရဲ့, ဂုဏ်အင်္ဂါကိုမြှင့်တင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေအဖြစ်၊နေထိုင်ဆောင်ရွက်ကြဖို့၊သင်
ပေးလိုက်တာပါ။ဈေးမရောင်းရ . . ,လို့ ညွှန်
ပေးလိုက်တာ၊မဟုတ်ပါဘူး။ကိုယ်ကျင့်သီလ
ရောင်းမစားဖို့သင်ကြားပေးလိုက်တာပါ"

"ဩော် . ."

ကျွန်တော့်စကားအပေါ်၊စိတ်ဝင်တစားရှိနေပြီဟု၊
မိသဖြင့်၊ ကြားဖူးနားဝ,ရှိခဲ့ဖူးသည့်၊ မိဘ,ဆရာသမားများ၏၊
မ,ခဲ့ရာ၊ စကားရတနာတွေကို၊ ဆက်လက်,သွန်အံမိလေသည်

"တက္ကသိုလ်ကျောင်းက၊ ဘွဲ့,ရပညာ
တစ်ယောက်က၊ဌာနတစ်ခုခု,ဒါမှမဟုတ်,ကု
တစ်ခုခုမှာ၊တာဝန်ထမ်းဆောင်တယ်ဆိုပါ

လာဘ်စားလိုက်တာမျိုး၊ စာရင်းအင်
လည်ပြီး၊ အပိုဝင်ငွေရှာမိတာမျိုးဆိုရင်၊
တာဝန်ထမ်းဆောင်သူဟာ၊ သူရဲ့,ကိုယ်ကျင့်
ကို၊ ရောင်းစားလိုက်တာနဲ့၊ အတူတူပဲ။

အဲဒီအခါ၊ သူ့ရဲ့,ဂုဏ်ဒြပ်ဟာ၊ လမ်း
ဈေးသည်တစ်ယောက်ရဲ့၊ ဂုဏ်ဒြပ်လောက်





အဆင့်အတန်းမရှိတော့ဘူး။ အဲဒီအခါ,သူတက်
ရောက်ခဲ့တဲ့၊ တက္ကသိုလ်ကြီးရဲ့၊ ဂုဏ်အင်္ဂါလည်း၊
သူ့ကြောင့်,ညှိုးနွမ်းသွားပြီ။

ရောက်တဲ့အရပ်။ကျရာတာဝန်၊ ရှင်သန်ရာ
နေရာတိုင်းမှာ၊ မခိုးမဝှက်,မလိမ်မညာ,ဘဲ။အရိုး
သားဆုံး၊ နေထိုင်ကြမယ်ဆိုရင်။တက္ကသိုလ်ကျောင်း
သားပဲဖြစ်ဖြစ်။သာမန်အရပ်သားပဲဖြစ်ဖြစ်၊အကျင့်
သီလ,မြဲတဲ့။ဂုဏ်ဒြပ်ကြီးမားတဲ့, မြင့်မြတ်သူတွေ
ချည်းပါပဲ"

"မိသားစု, စားဝတ်နေရေး၊ မလုံလောက်လို့၊
မင်းပြောတဲ့၊ အကျင့်သီလ,တွေ . . . , . . . . ,
ဖောက်ဖျက်မိတယ်ဆိုရင်ရောကွာ။မင်း,ဘယ်လို
သတ်မှတ်မှာလဲ"

ဦးသိန်းငွေက၊ ရွယ်တူ,သူငယ်ချင်းတစ်ယောက်နှင့်၊
ခဲ့သကဲ့သို့၊ ကျွန်တော့်ကို၊ စကားရည်လုသည်။ကျွန်တော်က,

"အကျင့်သီလ,ဆိုတာ။ အသက်နဲ့ရင်းပြီး၊
စောင့်ကြရတာဦးလေးရဲ့။ဟိုဟာကြောင့်,ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်၊ဖောက်ဖျက်ရတာပါဆိုတာမျိုးကိုယ်တ
တရားလောက,မှာ၊ မရှိဘူး။

ဘာကြောင့်ပဲ ကျူးလွန်ကျူးလွန်၊ ဘယ်
ကြောင့်ပဲ၊ ကျူးလွန်ကျူးလွန်။ကျူးလွန်သူသာလ
တရားခံပဲ။မစင်အညစ်အကြေးကို၊ ဘာကြေ
ကိုင်မိ,ကိုင်မိ၊ ကိုင်မိတဲ့သူကိုပဲ ၊အညစ်အကြေး
တာ။နောက်ပြီး၊ ကိုင်မိတဲ့,အတိုင်းအဆ,များ
ဘေးလူတွေကိုလည်း၊အနံ့ကူးတယ်ဦးလေးရဲ့"

"မင်း, တော်တော်ပြောတတ်တယ်နော်"

"ကျွန်တော်, ပြောပဲပြောတတ်တာပါ။
သလောက်,သိသလောက်ကို။ဘာတစ်ခုမှ၊အထေ
အထည် မဖော်ရသေးပါဘူး"

"ပြောတယ်ဆိုတာ၊သိလို့ပြောတာကွ။မသိ
သူထက်တော့၊ သာတာပဲ။

ငါ့သားသာ၊ မင်းလောက်သိရင်၊ငါ . .
ပျော်ပါပြီကွာ။ခွေးမ,သား"

"ဗျာ"





"ငါ့သားကို၊ ဆဲတာကွ။ မင်းကို၊ ဆဲတာ
မဟုတ်ဘူး"

ဦးသိန်းငွေကို၊ငေးကြည့်မိရင်း၊ ကျွန်တော့်မှာ ၊ရယ်အား
က်၊ ငိုအားသန်ရလေသည်။သူ့သား မင်းညာဏ်,အပေါ်၊ကျေကျေ
င်နပ်,ဖုံးဖိပေးခဲ့သူ၊မဟုတ်ပါလားဟု၊တစစ,သိခွင့်ရခဲ့ပြီ။

"မင်းက၊ကျော်ဌေးအောင်တို့နဲ့လည်း၊ ခင်
တယ်ဆိုတာ၊ ငါသိတယ်။ မဟုတ်မခံဆိုတာလည်း၊
ငါ, ကြားတယ်။

ငါ့သမီးနဲ့ကြိုက်နေတယ်ဆိုရင်တောင်။ငါ,
မတားချင်ပါဘူးကွာ။ဒါပေမဲ့, ငါ၊ တားရလိမ့်မယ်
မင်းရန်နိုင်။ငါ့သမီးက၊ ရောဂါသည်ကွ။

မင်းတို့, နှစ်ယောက်စလုံး၊ထိခိုက်လိမ့်မယ်။
ရင်းရင်းနှီးနှီးပြောရင်၊ မင်းနဲ့,ငါ့သမီးနဲ့၊ဆုံဆည်း
ခွင့်, မရှိဘူး"

ကျွန်တော့် စိတ်အာရုံထဲမှ ကျွန်တော်သည်၊ ဦးသိန်းငွေ
စကားလုံးများကို၊ နားထောင်ပြီး၊ တဟားဟားဖြင့်၊ ငုတ်တုတ်ထိုင်
ခွက်ထိုးခွက်လန်၊ ရယ်မောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင်၊ ဦးသိန်ငွေအား၊ လက်ညှိုးလေးဖြင့်၊ က

ကရော်လုပ်ကာ "ပုံလာလာပြောတိုင်း၊ မယုံ။ပုံလာလာပြောတိုင်း

မယုံ"ဟု၊ သီချင်းဆိုပြီး၊ လှောင်ပြောင်နေလိုက်ပေသေးသည်

အပြင်ပန်းမျက်နှာထားကိုတော့၊ ညှိုးငယ်သောဟန်

ဖြင့်၊ ဘာစကားမျှ၊ ထွက်ကျမလာတော့သော၊ ရေခဲရိုက်ထားသ

သာလီကာ၊ လေဖြတ်သွားသည့်,ကြက်တူရွေးတို့ပမာ၊လည်

ကုပ်ကျိုးလျက်၊ ခေါင်းငိုက်စိုက်ချကာ၊ နေပြလိုက်လေသည်။

"ခင်ခင်မင်မင်နေတဲ့ အဆင့်ထက်၊ လ

ပိုလို့ မရဘူး မင်းရန်နိုင်။ငါ့စကားကို၊ မဖြစ်မ

မင်း . . ,လိုက်နာပါ"

ဦးခေါင်းကို၊ ကျွန်တော် ပို၍၊ ငိုက်စိုက်ချလိုက်သ

ဘာမှန်းမသိသည့်၊ ကိစ္စကို၊ ဘာမှန်းမသိသည့်၊ စကားလုံးမျာ

မလိမ့်တစ်ပတ် လာရောက်တားဆီးသောကြောင့်၊ ဘာ

သိချင်သောစိတ်က၊ လုံး၀,မလိုက်နာပါကြောင်း၊ အတွေးအာ

မှာ၊ ကျယ်လောင်စွာ၊ အော်ဟစ်ကြွေးကြော်နေလေသည်။

မဟားထံတိုင်းကြီးဖြင့်၊ တားဆီးပိတ်ပင်ထားလျှင်

ဦးခေါင်းနှင့်၀င်ဆောင့်ဖြိုလှဲပစ့်သူများအဖို့၊ စကားလော





ရောက်,တားဆီးသည်ကို၊ လုံး၀,လိုက်နာလိမ့်မည်မဟုတ်ပါ

ကြောင်း . . .။

www.burmeseclassic.com

www.burmeseclassic.com



ာ၅။

သဇင်နီ၏ မျက်နှာလေးကို၊ ငေးကြည့်ရင်းမှ၊ သော်မတ်(စ) ပြောပြခဲ့ဘူးသည့်၊ ဆင်နှင့်ကြွက်, ပုံပြင်ကို၊ ပြန်လည်ကြားရောင် သေးသည်။ပုံပြင်ထဲက၊ ကြွက်တွေလို၊ ပူးသတ်ရင်း,ပူးကပ်သွားရ ည့်၊အဖြစ်မျိုးတော့၊ကိုယ့်ကိုကိုယ်,ကျွန်တော်အရောက်မခံ။

ကျွန်တော့်ရည်ရွယ်ချက်က၊ ရိုးရိုးလေးဖြစ်သည်။သဇင်နှီ နားမှာ၊ ချော်လဲ,ရောထိုင်လိုက်ပြီး၊ မင်းဉာဏ်ကို၊ လုပ်ကြံဖို့၊ နေရာ ကောင်းကောင်း၊ ရွေးချယ်လိုက်ခြင်းဖြစ်၏။အကြောင်းကြောင်း ကြောင့်၊ မသတ်ဖြစ်ခဲ့လျှင်တောင်၊ သူ့,အစ်မဘေးမှာ၊ ကျွန်တော်, နေခွင့်၊ရနေသည်ကိုက၊ကျွန်တော်,သူ့ကို၊ အကြိမ်ကြိမ်သတ်ဖြတ် င်ခွင့်၊ ရနေခြင်းဖြစ်သည်။

နဂိုရည်ရွယ်ချက်ကို၊ပယ်ဖျက်ပြီးသည့်တိုင်၊အခွင့်အရေးက၊ နေပြီဖြစ်ခြင်းကြောင့်၊ အသာမျှောနေလိုက်တော့မည်ဟု၊ စိတ်ကူး တ်ခြင်းဖြစ်ပေသည်။ထိုသို့, စိတ်ကူးလိုက်ခြင်းသည်၊ အပြစ်ကင်း ာ၊ သဇင်နီအား၊ မည်သို့မျှ မထိခိုက်စေလိုကြောင်း၊ ကျွန်တော်, ပ်ပြောသန့်စွာ၊ အာမ,ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ စိုက်ကြည့်နေတာလဲ"

"လှလို့ ကြည့်တာ"

ထိုသို့ ပြောမှ ပြုံးသောအခါ၊ ထို့ထက်ပိုလှသည်။ သူ လည်း၊ သူ့အဖေ ဦးသိန်းငွေအကြောင်းကို၊တစ်ခွန်းမျှ ၊မဟ,သတဲ့ ကျွန်တော်ကလည်း၊ သူ့အဖေ အကြောင်းကို၊ လုံးဝ, မမေးမြန်း အောင်၊ နေရသည်။

မသိစေချင်၍၊မပြောပြခြင်းကို၊စကားပျိုး၍၊ မမေးမြန်း သိဖို့လိုလျှင်၊ သိအောင်,သူပြောပေလိမ့်မည်။ သို့သော်၊ကျွန်တေ သိချင်တာ၊ တစ်ခုတော့ ရှိ၏။ထို့ကြောင့်၊ သူ့နဖူးလေးကို၊ လက် ဖြင့်၊ ဖွဖွစမ်းလိုက်၏။

"ဘာလုပ်တာလဲ"

ခေါင်းမလှဲ့,ကိုယ်မရွံ့ဘဲ၊ပြုံးလျက်သူမေးသည်၊"နေကော ရဲ့,လားလို့၊ သိချင်လို့ပါ"ဟု၊ ကျွန်တော်,ဂရုတစိုက်ပြောလိုက် "ကောင်းပါတယ်"ဟု၊ သူဖြေသည်။"ဘာဖြစ်လို့လဲ"ဟု၊ သူမေးသ "စိုးရိမ်လို့ပါ"ဟု၊ ကျွန်တော်,ပြောလိုက်၏။ နှုတ်ခမ်းလှလှ တွန့်ကွေးရုံမျှ၊ မယုံတယ်, သူ . . ပြုံးသည်။

"ဘာဖြစ်လို့၊ စိုးရိမ်တာလဲ"





သူ့ ဖခင်၊ ပြောခဲ့သည့်,စကားများကို၊ ပြန်ပြောပြကာ၊ ကြောင့် . . ,ဒီလိုကြောင့်၊ စိုးရိမ်တာပါဟု၊ ကျွန်တော်ပြောလျှင်၊ ရိမ်မှု,ထုထည်သည်၊ ပိုမိုကြီးကျယ်စရာအကြောင်းမရှိ။

ထို့ကြောင့်၊ဘာအကြောင်းပြချက်မျှ မရှိဘဲ၊ အလိုလိုစိုးရိမ် နေသူ၏,မျက်နှာထားမျိုးဖြင့်၊ ပြုံး၍ သာသူ့ကိုငေးကြည့်နေလိုက် သည်။အကြောင်းပြချက်မပေးဘဲ၊အလိုလိုဖြစ်ပေါ်နေသည့်ထုထည် ချစ်ခြင်း၏ အရိပ်အရောင်ဟု၊ သူ . . ,သိမြင်ထင်မှတ်စေ။

"တို့နဲ့,ဖေဖေနဲ့ အိမ်မှာပြဿနာတက်တယ်"

"ဟုတ်လား။ဘာပြဿနာလဲ"

"မင်းရန်နိုင်ဆီကို၊တို့လာလာလည်တာ၊မေမေ ရော၊ဖေဖေရောသိတယ်။နောက်ပြီး၊ကျော်ဌေးအောင် တို့,မောင်နှမနဲ့ မင်းရန်နိုင်နဲ့။ခင်မင်ရင်းနှီးတယ်ဆို တာကိုပါ၊ ဖေဖေသိတယ်"

"သိတော့၊ ဆူခံထိရောလား"

စိုးစိုးရိမ်ရိမ်, လေသံလေးဖြင့်၊ ကျွန်တော် မေးသည်။ သဇင်နီက . . ,

"အရမ်းတော့၊ မဆူပါဘူး။မိဘ,ဆိုတော့။



www.burmeseclassic.com

www.burmeseclassic.com



တားတော့,တားချင်မှာပေါ့။ဒါပေမယ့်,ဖေ

တို့ကို တင်းတင်းကြပ်ကြပ်ကြီးတော့မတားပါ

"အလိုလိုက်တာလား"ဟု၊ကျွန်တော်မေးသည်။"ဆိုပါ

ဟု၊ သူ,ဖြေ၏။တိကျသော၊ အမေး, မဟုတ်သကဲ့သို့ ပြည့်ဝ

အဖြေမဟုတ်မှန်း၊ သိသော်လည်း၊ မသိချင်ယောင်ဆောင်၍

ကျွန်တော်,နေလိုက်သည်။

"တို့၊ ဟစ်ပတ်,ဆယ်ရက်လောက်၊အိမ်

ငြိမ်နေလိုက်ဦးမယ်။သိလား"

ကျွန်တော်,ခဏမျှအံ့,သွားသည်။မကြာမကြာ,လာလာ

တုန်းက၊ လာနိုင်ရန်ကောဟု၊ တွေးတောဖူးသူ ,ကျွန်တော်သ

မလာတော့ပြီ . . ဟု၊ ကြားရစဥ်အခါ၊ ခေါင်းညိတ်ဖို့လည်း၊

၏။ခေါင်းခါဖို့လည်း၊ ခက်သည့်အပြင်၊ "အင်း"လုပ်ဖို့လည်း၊ မ

"အဲ"လုပ်ဖို့လည်း၊ မငံ့။ အင်းမလုပ်,အဲမလုပ်ဖြင့်၊ သစ်ငုတ်တိုကြီး

သွားသည်။ကျောက်ရုပ်အိုကြီးဖြစ်သွားပြီ။

"သတိရရင်တော့။ဆယ်ရက်မပြည့်လ

တို့, ထွက်လာမှာပါ"

လူကို၊ အားမနာလျှင်တောင်၊ အသည်းနှလုံးကိုတော့





သင့်ပြီ မင်းရန်နိုင်ဟု၊ကျွန်တော်,ကိုယ့်ကိုယ်ကို၊ဆော်သြလိုက်၏။

ထို့ကြောင့်၊အသည်းနှလုံးတည်ရာအရပ်ဆီမှ၊အပြင်းပြ

သော၊ ဆန္ဒစကားတစ်ခွန်းသည်၊ ကြွေကြီးစွာ၊ ထွက်ကျလာ

သည်။

"ကျွန်တော်၊သတိရရင်လည်း၊ ဖုန်းဆက်ပါ

ရစေ"

"မင်းရန်နိုင်က၊ တို့ကို၊ သတိရတတ်လို့လား"

ခေါင်းညိတ်ပြရုံဖြင့်၊ဖွင့်ဆိုချက်များ၊မထင်ရှားနိုင်။

ထို့ကြောင့်၊အသည်းနှလုံး၏အဓိပ္ပါယ်, များစွာကို၊ စကား

ခွန်းတည်းဖြင့်၊အကျဉ်းချုံ့၍၊ကျွန်တော်,ဖြေဆိုလိုက်သည်။

"ကျွန်တော် . . . ၊ကျောက်ရုပ်မဟုတ်ဘူး၊

မသဇင်နီ"

"ဪ။ ဒီကျောက်ရုပ်လေးက၊ စကားပြောတတ်သားပဲ"

သူ . . ,ကျွန်တော့်ကို၊ နောက်ပြောင်သည်။ကြည်နူးစွာ၊

မောဖြစ်၏။

ပြဒါးမဲ့မှန်သားပြင်သည်၊ထင်ဟပ်သောပုံရိပ်များကို၊

ရောင်အဆင်းတိကျစွာ၊ မခွဲခြားနိုင်။ကြည်လင်သောမှန်သားကို



www.burmeseclassic.com

www.burmeseclassic.com



တိပြွတ်သော၊ ပြဒါးတို့၊ ထူထဲစွာ၊ သုတ်လိမ်းလိုက်သည့်အ
ထင်ဟပ်သည့်ပုံရိပ်တိုင်းသည်၊ အရောင်အဆင်းတို့၊ တိကျ
ထင်းလင်းလာပေ၏။

နှလုံးသား,မှန်မျက်နှာပြင်၊ အထက်၌၊သံယောဇဉ်ငွေပြ
တို့၊ ထူထပ်စွာ၊ သုတ်လိမ်းလိုက်သောအခါ၊ ချစ်ခြင်းတရား၏,ပုံ
များသည်၊ အရောင်အဆင်းပြတ်သားစွာဖြင့်၊ ထင်ရှား,ရှန်းကြွ
ချေ၏။ ချစ်ခြင်းဟူသည်ကား၊ သံယောဇဉ်ကို၊ မျက်ကွယ်
စကောင်း။

**နိုးထခြင်း**

တိတ်တိတ်လေး

နေခဲ့ရတဲ့၊ ပုစဉ်းတစ်ကောင်ပါ။

ပုရစ်တွေလောက်တောင်

အော်မြည်ခွင့်မရ။





ချစ်ခွင့်ပန်မယ်၊ လေပြည်ညင်းထဲမှာ

အေးခဲတဲ့, အဆိပ်များ၊မပါကြေး၊

လိပ်ပြာအတောင်ခတ်သံက,

ချစ်ခြင်းကို၊ဝေမျှပေးတော့တယ်။

မထိုက်တန်သူအတွက်,

မုန်တိုင်း . . ၊

စည်းခြားထားသော၊တံတိုင်းများအတွက်,

တော်လဲသံ . . ၊

ယိမ်းက,ပွင့်လွှာတို့အတွက်,

ပြာလဲ့လဲ့ ရွှေဝတ်မှုန် . . ။

ယုံပါ အချစ်ရယ် . .

(ကိုယ့်ရင်ကို၊စုံကန်ပြီး)

အခုမှ၊ သူ . . ,ထွက်ပြေးလာတာ . . ။ ။



www.burmeseclassic.com

www.burmeseclassic.com



**အနုက်ရောင်မင်စက်များ**

ပူပြင်းတော့မှ
အေးမြခြင်းကို လွမ်းတယ်။
ကြွေကျတော့မှ
ပွင့်လန်းခြင်းကို လွမ်းတယ်။
မှောင်တော့မှ
လ,မင်းကို လွမ်းတယ်။
လွမ်းရတော့မှ
တမ်းတ,တော့မှ
သတိရတော့မှ၊
ချစ်မိနေကြောင်း၊ စာလုံးပေါင်းကို
မျက်ရည်ဟောင်းနဲ့ ရေးလိုက်တယ် . . ။





www.burmeseclassic.com

www.burmeseclassic.com







အိမ်၏ကူဖော်လောင်ဖက် ကောင်မ,လေးကို၊ ကျွန်တော် လိုက်သည်။

"မမ မရှိဘူးရှင့်။သူ့ အဖေနဲ့ အပြင်သွား ပါတယ်"

"သူ့, အမေရော"

"အန်တီကြီးက၊ နေသိပ်မကောင်းလို့ အနား ယူနေပါတယ်။မှာစရာရှိရင်၊ မှာခဲ့ပါရှင့်"

"မင်းရန်နိုင် လာသွားပါတယ်လို့ နင့်မမကို၊ ပြောပေး။နော်"

"ဟုတ်ကဲ့ရှင့်"

ဖုန်းဖြင့်၊ ဆက်သွယ်၍၊ မရသည့်အဆုံး၊ အိမ်သို့ကိုယ်တိုင် းမေးလိုက်ခြင်းဖြစ်၏။အလွမ်းက၊စေခိုင်းသည့်အခါ၊အရာရာ တံတိုင်းဟု၊မထင်တော့။

ငါးရက်တိတိကြာမှ၊ ကျွန်တော် သွားမေးခြင်းဖြစ်သည်။ တ်,ငါးရက်ကြာသည်အထိ၊ ကျွန်တော် . . ၊အေးအေးဆေးဆေး, ငြိမ်သက်သက်၊ လွမ်းတတ်လိမ့်မည်မထင်။နှလုံးသား၏၊နေမထိ, မသာ၊ လပ်ဟာနေသော ဝေဒနာကို၊ ညင်သာစွာ၊ ရင်မဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တတ်သေး။ပြင်းထန်သည့်၊ ချစ်ခြင်း၏အရှိန်က၊ငြိမ်ငြိမ်သက်သာ
လွမ်းဖို့ခက်သည်။

အလွမ်းတို့၊ အုံကြွနေစဉ်၊ အလွမ်းပြေရာ သူ့မျက်နှာ
ကို၊မြင်လျှင်မြင်ချင်း၊ကျွန်တော့်,ဝမ်းသာအားရဖြင့်၊သူ့လက်က
ကို၊ညင်သာစွာ၊ ဆုတ်ကိုင်ထားမိသည်။

"ဘာဖြစ်နေတာလဲ"

"ကျွန်တော်၊ သတိရနေတာ"

"တို့လည်း၊ သတိရပါတယ်"

"အမှန်က,တော့။ကျွန်တော် လွမ်းနေတာ
မသဇင်နို"

"ဘာဖြစ်လို့၊ အဲဒီလိုပြောရတာလဲ။သတိရ
တာနဲ့၊ လွမ်းတာနဲ့။မတူဘူးလေ"





"သတိရခြင်းနဲ့အလွမ်းနဲ့ဆိုတာ၊ ပင်စည်
တစ်ခုရဲ့,အကိုင်းအခက်တွေပါပဲ"

"အင်း"

"အဲဒီ့ပင်စည်ကြီးကို၊ သံယောဇဉ်လို့၊ ခေါ်
တယ်။အဲဒီ့ သံယောဇဉ်ပင်စည်ကြီးရော။သတိရ
ခြင်းနဲ့အလွမ်းလို့ ခေါ်တဲ့၊ အကိုင်းအခက်တွေရော။
အားလုံးဟာ၊ အချစ်ဆိုတဲ့၊ ရေသောက်မြစ်က,နေ၊
ပေါက်ပွားလာကြရတာလေ"

အပြုံးအားလေး၊ လျော့ပါးသွားသည့်တိုင်၊ ဟန့်တားစကား
ဆိုသေးသဖြင့်။ပြောလက်စ, စကားကို၊ မရဲတရဲဆက်ရသည်။

"အချစ်ကို၊ မခွဲခြားတတ်ခင်မှာ၊ကျွန်တော့်,
သံယောဇဉ်ကိုပဲ၊တွေ့,တယ် မသဇင်နီ။ သတိရခြင်း
သက်သက်က,တော့၊ သံယောဇဉ်ကြောင့်ပဲ၊ ဖြစ်
မှာပါ။

လွမ်းတဲ့စိတ်က,တော့၊ သံယောဇဉ်ဖြစ်ရုံနဲ့၊
ပေါ်ထွက်လာမှာ၊ မဟုတ်ဘူး။

ချစ်တဲ့စိတ်ကြောင့်၊လွမ်းတဲ့စိတ်ဖြစ်ရတာကို၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်, သဘောပေါက်လိုက်တယ်။ ကျွန်ေ
မသဇင်နီကို၊ ချစ်တယ်။ အဲဒါကြောင့်၊ လွမ်း
ရတယ်။ လွမ်းလွန်းလို့၊ ဖွင့်ပြောလိုက်ရတာ
ရင်ထဲရှိသမျှ ၊ကုန်ခမ်းသွားခြင်းမရှိသော်လည်း၊ ရင်ထဲ
အရိပ်အရောင်တွေကို၊ မြင်နိုင်လောက်ပေမည်။

"ငိုထားတာလားဟင်"

ပြောချင်ရာပြောပြီးမှ၊ မို့နေသော၊ မျက်ခွံလေးတွေ
သတိပြုမိ၏။

"အိမ်မှာ၊ ပြဿနာဖြစ်လို့လား"

ခေါင်းညိတ်သည်။

"ကျွန်တော့်ကြောင့်လား"

"မဟုတ်ပါဘူး"

"ဘယ်သူ့ကြောင့်၊ ငိုရတာလဲဟင်"

"မိသားစုကြောင့်၊ငိုရတာ။အသေးစိတ်ေ
မသိချင်နဲ့တော့နော်။မမေးနဲ့တော့"

ကိုင်တွယ်ထားမိရာ၊ လက်ဖယောင်းသွယ်လေးများ
တယုတယ,ဖွဖွလွတ်ရင်း . . .





"ကျွန်တော်၊ အိမ်ကိုလာသေးတယ်"

"အင်း။ သိတယ်"

"အဲဒီ နေ့က၊ ဘယ်သွားနေတာလဲဟင်"

"ဖေဖေနဲ့၊ အပြင်သွားတာ။ညနေစောင်းမှ၊
ပြန်ရောက်တယ်"

ဘယ်သွားတာလဲဆိုတွေ၊ဘာတွေ၊ကျွန်တော်,မမေးဖြစ်တော့။
ကိစ္စသာ၊ ကိုယ်မေးဖြစ်လိုက်တော့၏။

"မသဇင်နီ"

"ပြော"

"ကျွန်တော် ချစ်တယ်ဆိုတာကို၊ လက်ခံရဲ့
လားဟင်"

"အဖြေတောင်းနေတာလား"

"ဟုတ်ကဲ့"

"လိုချင်တဲ့အဖြေက၊ ဘယ်အတိုင်းအတာ
အထိ၊မျှော်လင့်ထားတာလဲ"

"ဗျာ"

"သြော် . . ။ချစ်တယ်ဆိုတဲ့အဖြေ။ကြားချင်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ။ မျှော်လင့်ထားတာလား။ဒါမှမဟု
တကယ့်ကို၊ နှစ်နှစ်ကာကာချစ်ဖို့မျှော်မှန်းထာ
လားလို့၊ မေးတာ"

"ကျွန်တော်, သိပ်နားမရှင်းဘူး၊ မသ
သဇင်နီက . .

"မိုးရယ်။ ရွာချလိုက်ပါဦးလို့၊ လူတချို့
ခေါ်ကြတယ်။မိုးက, တားကျိုးအောင်၊ ကန်
ကျိုးအောင်လည်း၊ ရွာလိုက်မိရော။သူတို့, မိုး
မလိုလားကြတော့ဘူး။

ရွာတာ၊ များလွန်းလို့၊ မိုးကို ငြိုငြင်ကြ
သူတို့က၊ဖက်စွတ်မိုးလောက်, ဖုံသိပ်ရုံလော
စေချင်ကြတာလေ။

မင်းရန်နိုင်ကို၊ တို့က။ ချစ်သူအဖြစ်
ချစ်ရမှာလား။သေတပန်,သက်တဆုံးအထိ
မျှော်မှန်းပြီး၊ ချစ်ရမှာလား။ ဘယ်လိုချစ်
တာလဲလို့၊ တို့မေးတာ"

ကျွန်တော်,နားရှင်းသွားသည်။သို့သော်, ဘဝင်မ





"တစ်ယောက်နဲ့တစ်ယောက်၊ အဲဒီလို။ ကန့်သတ်ပြီး၊ ချစ်လို့။ ရသလား မသဇင်နီ"

"ရချင်ရမှာပေါ့။ ဒါလေးက,တော့၊ အပျော်တွဲတာ။ ဒါလေးက,တော့၊ ရိုးမြေကျလေးဆိုပြီး၊ အကန့်အသတ်,အတိုင်းအတာတွေနဲ့ ၊ အချစ်သဘင်ကြီးကို၊ ကျင်းပ, ကပြ နေကြတဲ့သူတွေ၊ အများကြီးပဲလေ"

"အချစ်က၊ အဲဒီလောက်တောင်၊ ညစ်ပတ်နေပြီလား"

"အချစ်က၊ မညစ်ပတ်ပါဘူး။အချစ်ကို၊ သုံးဆောင်ကြတဲ့၊လူညစ်ပတ်တွေကြောင့်၊အချစ်,နာမည်ပျက်နေတာ၊ ကြာပြီ မင်းရန်နိုင်ရဲ့"

"လူညစ်ပတ်တွေဆိုတာ၊ ဘယ်လို, လူမျိုးတွေလဲ"

တစ်ကိုယ်တည်းညည်းသလိုဖြင့်၊ မေးမြန်းကြည့်မိသည်။
ဇင်နီက၊မျက်နှာထားတင်းလျက်,

"အဝေးကြီး၊ ရွာနေစရာမလိုဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့မောင်။ မင်းညာဏ်ဆိုတာ၊ လူညစ်ပတ်
ယောက်ပေါ့။သူချစ်တဲ့မိန်းမ,တစ်ယောက်ကို
ဘယ်အတိုင်းအတာအထိ၊ တန်ဖိုးထားရမ
တာ။မသိတတ်တဲ့၊ လူညစ်ပတ်"

ကျွန်တော်၊ နှုတ်ဆိတ်နေလိုက်ရသည်။

"ကိုယ်ခံယူတဲ့၊ မိုးရေစက်ကို၊ဘယ်
အထိ၊ ရှာစေချင်တယ်။ ဘယ်လောက်အထိ
ထားရမယ်ဆိုတာ။ဘယ်လို တန်ဖိုးထားရမယ်
တာတောင်၊မစဉ်းစားနိုင်တဲ့၊ လူညစ်ပတ်"

ဒေါ်သ, တကြီး ပြောဆိုနေသည်ကို၊ ပြေစိမ့်သော
ကျွန်တော်က . . .,

"စကားတွေ။ လမ်းလွဲကုန်ပြီထင်တ
မသဇင်နီ"

"မလွှဲပါဘူး။ကိုယ်ပြောတဲ့ စကားကို၊ တို
မျက်ခြေမပြတ်ပါဘူး။ တို့ပြောမှာကို၊ မင်းရှ
သေသေချာချာ၊ စဉ်းစား နားထောင်နော်"

ကျွန်တော်၊ ခေါင်းညိတ်လိုက်၏။





"တို့ကို၊မင်းရန်နိုင်က။ချစ်နေရရုံ သက်သက်
ဆိုရင်လည်း၊ တို့က, ချစ်နေရရုံ၊ ပြန်ချစ်ဖို့ အဆင်
သင့်ပါပဲ။

ဒါမှ မဟုတ်။သေတပန်,သက်တစ်ဆုံးချစ်ဖို့၊
ရည်ရွယ်တယ်ဆိုရင်လည်း။တို့ကို၊ အမြန်ဆုံး လက်
ထပ်ပါ။

မျှော်မှန်းထားတဲ့၊ အတိုင်းအတာထက်၊ပိုပြီး
ရှာချလိုက်တာကို၊ မလိုလားဘူးဆိုရင်လည်း။ရှာချ
လိုက်တဲ့၊ မိုးရေတွေကို၊ ခြေဆေးခွင့်လည်း၊ ရှိပါ
တယ်။ဘာအတွက်မှ၊ အားမနာပါနဲ့"

"ဘာတွေ၊ ပြောနေတာလဲ မသဇင်နီရယ်။
ချစ်ပါတယ်ဆိုမှတော့၊ သေတပန်,သက်တဆုံးပေါ့
ဗျာ"

လက်ချင်းတွယ်ဆက်၊ လည်ယှက်မိသည်။ချစ်ခြင်းကို၊ တိုင်း
ာပြဖို့၊ ခဏမျှပင်၊ ကာလ,မခြားစေကောင်း။သူယုံကြည်မှ၊ ကိုယ်,
ရှင့်မည်။



www.burmeseclassic.com

www.burmeseclassic.com



၆၊

"ကျွန်မ,တားပါရစေလား၊ ကိုမင်းရန်နိုင်"ဟု၊ မြမြမူပြော
ည်။ကျွန်တော်က . . .,

"မတားပါနဲ့တော့။မြမြမူရယ်။ နင်ရော . . ,
ကျော်ဌေးအောင်ရော။ငါ့ကိုခွင့်လွှတ်စေချင်တယ်။
သဇင်နီ့ကို . . ငါ။လက်ထပ်မှ၊ ဖြစ်မှာ။လက်
ထပ်တယ်ဆိုတာတောင်၊တောင်းရမ်းလက်ထပ်ရမှာ၊
မဟုတ်ဘူး။ခိုးပြေးရမှာ။သူ့မိဘ,က၊ သဘောတူမှာ
မဟုတ်လို့၊ သူကိုယ်တိုင်၊ ခိုးခိုင်းတာ"

"မင်းကို၊ သဇင်နီက၊ အဲဒီလောက်တောင်၊ ယုံကြည်နေတာ
း" . . ဟု၊ နိုင်ဇ,က၊ တအံ့တသြ မေး၏။

"ချစ်ရင်၊ယုံကြည်တာပေါ့။ယုံကြည်လို့လည်း၊
ချစ်တာပေါ့"

မြမြမူက ,



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို၊ ယုံယုံကြည်ကြည်နဲ့၊မသဇင်နီ

ကိုမင်းရန်နိုင်ကို၊ ချစ်နေတယ်ဆိုလို့၊ ကျွန်မ

နေတာပါ"

"နင့်စကားကို၊ ငါ,နားမလည်ဘူးမြမြမူ"

မြမြမူက၊ သူ့အစ်ကို ကျော်ဒွေးအောင်ကိုတစ်လှည့်

သူ့ခင်ပွန်း နိုင်ဇ,ကိုတစ်လှည့်၊ ငဲ့ကြည့်လိုက်သေးသည်။ ပြီးမှ

" တိုတိုတုတ်တုတ် ပြောရမယ် ဆိုရင်

မင်းဥာဏ်ဆိုတဲ့လူကိုလက်စားချေဖို့၊ မသဇင်နီ

အသုံးမပြုစေချင်တာပါ"

"ဩော်"

ကျွန်တော် ရှင်းပြချင်သော်လည်း၊ သူ့စကား မဆုံးသေး

သဖြင့်၊ နှုတ်ပြင်လျက်သာနေရ၏။

"မကြာခင်၊ကျွန်မ, ကလေးမွေးတော့မယ်

မွေးတဲ့ကလေးက၊ ယောကျ်ားလေးပဲဖြစ်ဖြစ်,မိန်း

လေးပဲ ဖြစ်ဖြစ်။ ကျွန်မ,ချစ်မှာသေချာတယ်။

ဘယ်သူ့,သွေးပဲနှောနှော။ကျွန်မ,ဗိုက်နဲ့

လွယ်ထားရတာလေ။





အဲဒီကလေးကို၊ တခိုန်ခိုန်မှာ၊အိမ်ထောင်ပြု

ပေးရမယ်ဆိုရင်၊အကြော်ရောင်းတဲ့သူနဲ့၊ ကျွန်မ,

သဘောတူမှာ၊ မဟုတ်ဘူး"

"ဟဲ့။ ဘာတွေလျှောက်ပြောနေတာလဲ"ဟု၊ကျော်ဒွေးအောင်

ဟန့်သည်။"ပြောပါစေ"ဟု၊ နိုင်ဇ,က၊ ပြုံးလျက်ခွင့်ပြု၏။မြမြမူ

ပြောစကားကို၊ ကျွန်တော်လည်း၊ နားထောင် အံ့ဩရသည်။

"ဘယ်မိခင်၊ဘယ်မိဘ,ပဲ၊ ဖြစ်ဖြစ်ကိုယ့်သား

သမီးကို၊ ထည်ဝါစေချင်ကြတယ်ဆိုတာ။ကျွန်မ,သိ

နေပြီ။ မိဘ, စိတ်ကို၊ ကျွန်မ,သိနေပြီ။

အဲဒါကြောင့်၊ ဘယ်သူ့ကိုမှ၊ ကျွန်မ,ဗွေ မယူ

ချင်တော့ဘူး။ကျွန်မ,သားလေးလည်း၊ ဆင်းရဲတဲ့

မိန်းကလေးနဲ့၊ ငြိစွန်းလာရင်၊ ကျွန်မ,ရတဲ့နည်းနဲ့

ဟန့်တားမိမှာပဲလေ။

ကိုမင်းရန်နိုင်လည်း၊ဖြစ်နိုင်ရင်၊အားလုံးကို၊

ခွင့်လွှတ်လိုက်ပါတော့။အထူးသဖြင့်၊ မသဇင်နီကို၊

အသုံးချမယ့်၊ အစီအစဉ်၊ ဖျက်ပစ်လိုက်ပါတော့"

ကျော်ဒွေးအောင်နှင့်၊ နိုင်ဇ,တို့၏ မျက်နှာတွေကို . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကြည့်လိုက်၏။ သူတို့နှစ် ယောက်ကလည်း၊ မြမြမူ
အဆိုပြုချက်ကို၊ ထောက်ခံနေသယောင်။

"သဇင်နီကို၊ ငါ . . , တကယ်ချစ်တာ

မြမြမူ ခေါင်းခါလေတော့သည်။

"မဖြစ်နိုင်ဘူး။ဒါပေမဲ့။ ဒါ, ကိုမင်းရန်နိုင်
အပြစ်တော့၊ မဟုတ်ပါဘူး။အဓိက, တရားခံ
ကျွန်မ,ပါ။ကျွန်မ,အပြစ်ပါ။လက်တုံ့ပြန်ဖို့၊ ကျွန်
က၊ တောင်းဆိုမိခဲ့တာကိုး"

"မြမြမူ။ နင်ပြောတဲ့စကားအားလုံးကို၊ ငါ
သာခုခေါ်တယ်။ငါပြောမယ့် စကားကိုလည်းနင်
သေသေချာချာနားထောင်ပြီး၊ လေးလေးနက်နက်
ယုံကြည်ပေးစမ်းပါ"

မြမြမူကို၊ ပြောပြခြင်းဟု၊ ဆိုသော်လည်း၊ နိုင်ဇေ,နှ
ကျော်ဌေးအောင်တို့ကိုလည်း၊ ကျွန်တော့်,နားထောင်စေ၏။

"နင်,ပြောသလိုပဲ။သဇင်နီ့ကို၊အသုံးချ
ငါ,စဉ်းစားခဲ့တာ၊ အမှန်ပဲ။ဒါပေမဲ့, ငါ့နှလုံးသား
ရုတ်တရက် ပြောင်းသွားတယ်။





သူနဲ့, မတွေ့ရရင်၊မနေနိုင်လောက်အောင်၊
ငါချစ်သွားတာ။ဒီကြားထဲ၊ သူ့ အဖေက,ပါ။မလိမ့်
တစ်ပတ်နဲ့၊ လာတားထားဘူးသေးတော့၊ ငါ,သူ့ကို၊
ပိုပြီးလိုချင်သွားတာ။သူ့ကိုလိုချင်တာဟာ၊ ငါ,
သတ်ချင်တဲ့ကောင်ကို၊ သတ်ဖို့ကိစ္စနဲ့,လုံး၀,မဆိုင်
ဘူး။အဲဒါကို၊ ကွဲကွဲပြားပြား သိစေချင်တယ်"

ကျွန်တော့်၏ နှလုံးသားဖြစ်စဉ် အဆင့်ဆင့်ကို၊ ကျွန်တော်,
ရာစေ့တွင်းချ ၊ ဖြည်းဖြည်းချင်းပြောပြလိုက်သည်။မြမြမူက . . ,

"မသဇင်နီကိုရော။အဲဒီလို၊ရှင်းပြပြီးပြီလား"

"ဘယ်ရှင်းပြရဦးမလဲ။သူ့,စိတ်မကောင်းဖြစ်
သွားမှာပေါ့။နားမရှင်းရင်၊ အထင်တောင်လွဲသွား
နိုင်တယ်လေ။ နောက်တော့၊ ရှင်းပြရမှာပေါ့"

နိုင်ဇေ,က . .

"အစ်မ,ဖြစ်တဲ့သူကို၊ မင်း,တကယ်ချစ်ခင်မိ
တာဆိုရင်။မောင်ဖြစ်သူကို သတ်မယ့်၊မင်းရည်
ရွယ်ချက်ကို၊ ဖျက်ပစ်လိုက်သင့်ပြီ၊ မင်းရန်နိုင်"

ကျော်ဌေးအောင်က,လည်း . . ,



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ။အဲဒီကိစ္စကို၊ မေ့ပစ်လိုက်
တော့။ အားလုံးလည်း၊ ကိုယ့် ဘဝ,နဲ့ကိုယ်၊ဖြစ်နေ
ကြပြီပဲ"

ထို,စကားကို၊ ကျော်ဌေးအောင် ပြောသောကြောင့် ..
ကျွန်တော် အားနာရလေသည်။

" သောမတ်(စ)ပြောဖူးတဲ့၊ဆင်နဲ့ကြွက်ပုံပြင်
ထဲက၊ ကြံတွေကြားထဲ ပြုတ်ကျသွားတဲ့၊ ကြွက်ရှေ့
လို့၊ ငါ,မဖြစ်ချင်ဘူး ကျော်ဌေးအောင်"

"ရန်သူကို၊ ခွင့်လွှတ်လိုက်ရာဟာ။ကိုယ့်,ဘက်သားရှေ့
အပေါ်၊ သစ္စာဖောက်ဖျက်တာမှ၊ မဟုတ်ပဲ။ရန်သူနဲ့ ပူးပေါင်းပြီး
ကိုယ့်ဘက်သားတွေကို၊ ပြန်တိုက်ခိုက်တာကမှ၊ အဲဒါ,သစ္စာဖောက်
တာလေ"ဟု၊ ကျော်ဌေးအောင်၊ လေသံ ပျော့ဖြင့်၊ ပြောသည်။

ကျွန်တော်က . . ,

"စာတစ်တန်,ပေတစ်တန်နဲ့၊ ငါ,စိန်ခေါ်
ထားတာကွ။အဲဒီကိစ္စကိုတော့၊ ငါ, နောက်မဆုတ်
ချင်ဘူး။

သဇင်နီ့ကို၊ ချစ်မိတာနဲ့။ အဲဒီကိစ္စနဲ့။ သတ်





သတ်စီ ဆိုတာကိုပဲ။မင်းတို့,အားလုံး၊ သိပေးရင်၊
ငါ,လိပ်ပြာသန့်ပါပြီ"

နိုင်ဇေ,က . .

"ငါတို့။ မင်းအပေါ်၊ နားလည်ပါတယ်ကွာ။
သောမတ်(စ)လည်း။ နားလည်မှာပါ။

ဒါနဲ့။သဇင်နီက၊မိသားဖသားပီပီ မတောင်း
ရမ်းခိုင်းဘဲ။ဘာဖြစ်လို့၊ ခိုးခိုင်းတယ်လို့၊ မင်း,ထင်
သလဲ"

"သူ့အိမ်အကြောင်း၊ သူသိလို့ နေမှာပေါ့။
သူ့ အဖေက,လည်း၊ ငါ့ကို။ ဟိုလိုလို,ဒီလိုလိုနဲ့၊ လာ
တားထားသေးတယ်။အကြောင်းတော့ ရှိမှာပေါ့။
ငါ,သေသေချာချာ မသိဘူး"

"မင်းအိမ်က,ရော၊ အဆင်ပြေပါ့မလား"

"အလုပ်မရှိ,အကိုင်မရှိဘဲ။ မိန်းမ,ခိုးချင်
တယ်ပြောရင်။ငါ့အဖေ၊ ငါ့ကို, ဆဲမှာပေါ့။ဘာမှ၊
မပြောဘဲ၊ လုပ်ချင်တာ ၊ အရင်လုပ်လိုက်မယ်။
အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အကူအညီလိုရင်ပြောနော်။ငါတို့ ဝိုင်းကူမယ်" . .

ကျော်ဌေးအောင်ပြော၏။ "ကျေးဇူးပဲကွာ ။ ရပါတယ်" . .

ကျွန်တော်ပြောလိုက်သည်။

"မင်း၊ ငွေလိုမလား"

နိုင်ဇေ့ကို၊ ကျွန်တော်, ခေါင်းခါပြလိုက်ပြီး . .

"ဘာမှ မလိုဘူး။ဒါပေမဲ့၊ အဆင်ပြေပါ

လို့တော့၊ မင်းတို့ဆုတောင်းပေးကြစမ်းပါ"

"မင်း။ ကြောက်နေတာလား"

"ကြောက်တာတော့မဟုတ်ဘူး။ ချစ်မိ

ရော။အချစ်ကို၊ လက်ခံတုံ့ပြန်တာရော။ ချစ်

ဘဝက,နေ၊နောက်တစ်ဆင့်ကူးဖို့၊ စီစဉ်တာ

အဆင့်တွေကူးတာ၊ သိပ်မြန်နေတယ်ဆိုတာ၊

သတိထားမိတယ်။

လိုချင်တာကို၊ ဖြည်းဖြည်းချင်းရမယ်

ထားပေမဲ့။အကုန်ယူစေ ဆိုတဲ့၊ အခွင့်အရေး

ဖြုန်းစားကြီးရလိုက်တော့၊ ငါ့ကိုယ်ငါ။အိပ်မက်

ရောက်နေရသလိုပဲ"





"အဲဒါ။လူပျိုဘဝ,ကို၊ နှမြောတဲ့စိတ်၊ ဖြစ်နေတာကွ"ဟု၊

. . . ဇေ့က၊ ရယ်မောလျက်ပြောသည်။အားလုံး၊ ရယ်မောဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ား

တည်းခိုခန်းတစ်ခုတွင်၊ ကျွန်တော်နှင့် သဇင်နီတို့
ည်ညခန့်၊ ပုန်းအောင်းနေဖြစ်သည်။သုံးရက်မြောက်သည့်နေ့တွင်၊
သဇင်နီနှင့်အတူ၊ အိမ်သို့ ကျွန်တော်ပြန်သည်။

အဖေနှင့်အမေ့ကို၊ ကန်တော့ အပြီးတွင်၊ အဖေက . . ,
ကျွန်တော့်ဦးခေါင်းကိုသတင်းစာခေါက်ဖြင့်၊လှမ်းပုတ်၏။ အမေက၊
ဘာ့,တွေကို၊ စိတ်ပူအောင်လုပ်တယ်" ဟု၊ ပြောပြီး၊ ကျွန်တော့်
ယ်ထိပ်ကို၊ ဂေါက်ကနဲ၊မြည်အောင်၊ ခေါက်သည်။ပြီးမှ၊ သဇင်နီ့
လက်ကလေးကိုဆွဲပြီး၊သူနှင့်အတူ ထိုင်စေသည်။

အဖေက . .

"မနေ့ညနေက၊သမီးအဖေ၊ လာသွားတယ်။
သမီးတို့,ရောက်လာကြရင်၊ ပြန်အပ်ဖို့၊လာပြော
တာပါ။သမီးအမေက,တော့၊ နေမကောင်းဘူးတဲ့။
ဟုတ်လား"

သဇင်နီက . .

"ဟုတ်ကဲ့။မေမေက၊နှလုံးသိပ်မကောင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်,သမီးရယ်။မအေ၊ စိတ်ပူအောင်ရေ
လိုက်သလို၊ ဖြစ်နေပြီ။အဖေတို့,အမေတို့၊ အ
ပြန်အပ်ပေးမယ်နော်"

"ဟုတ်ကဲ့"

"အဖေ။ဆိုင်ကိုသွားဦးမယ်။သွားရင်း
သမီးအိမ်ကို၊ ဝင်အကြောင်းကြားခဲ့မယ်။ ဘာ
စိတ်မပူနဲ့နော်။

ကဲ . . ။အမေ, ဒေါ်ကြည်ကြည်က၊ ကလေး
တွေနဲ့၊ နေခဲ့ဦး"

မှာကြား,ပြောဆိုပြီး၊ အဖေ, အိမ်ပြင်သို့ ထွက်သွားသည်
အမေက၊ မောဟိုက်ဟိုက်ဖြစ်နေသော၊ သဇင်နီ့ကို၊ ကြည့်ကာ

"သမီး။ မောနေတာလား"

"ဟုတ်။. . ဟုတ်ကဲ့"

"အင်း။နေပြင်းလို့၊ ခရီးပန်းလာတယ်
တယ်။ အမေ,ရေခပ်ပေးမယ်နော်သမီး။ ရေ
နည်းနည်းသောက်လိုက်"

"ရပါတယ်၊ အမေ"ဟု၊ သဇင်နီ၊ ပြောပြီး၊ ကျွန်တော်





အမေ။ ကျွန်တော် ခပ်တိုက်ပါ့မယ်"ဟု၊ ပြောစဉ်၊ အမေ့လက်တဲမှာ၊
သောက်ရေခွက်က၊ ရောက်နှင့်နေပေပြီ။

သဇင်နီ့ကို၊ ရေတိုက်ရင်း . . ,

"တွေ့တယ် မဟုတ်လားသမီး။ ယောကျ်ား
တွေက၊ပါးစပ်ဖျားလေးနဲ့ပဲ၊ ဂုဏ်ရှိတာ။လက်တွေ့
မှာ၊ သောက်ရေ တစ်ခွက်တောင်၊ ချက်ချင်းရောက်
မလာဘူး။အလကားကောင်"

အမေ့ ကျီစယ်စကားကြောင့်၊ သဇင်နီ ခပ်ရွှမ်းရွှမ်းလေး
ပြုံးလေသည်။ရင်းနှီးနွေးထွေးစွာသော၊ အမေ့ အပြုအမူကြောင့်၊
အမေ့ကို၊ ကျွန်တော် ကျေးဇူးတင်ပါသည်။

"အမေက၊ သား . . မိန်းမ,ယူသွားမှာ၊ သိပ်
ကြောက်တာသမီးရဲ့။မိဘ,ကို၊ မခင်တွယ်တော့မှာ၊
စိုးတာပေါ့နော်။

မနေ့ညနေက၊ သမီးအဖေ လာတော့မှ ၊
အမေ, ကိုယ်ချင်းစာမိတာ။သူလည်း, သူ့သမီးလေး
ကို၊ မခွဲနိုင်ဘူး . . တဲ့။ ဒါပေမဲ့, ဒါ . . သဘာဝပဲ
ဆိုတာ။သူ, နှလုံးသွင်းပြီး၊ သားသမီး, စိတ်ဆန္ဒရဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ့်၊ စကားတောင်၊ သူ့မပြောဘူးလို့ ဆုံးဖြတ်
တယ်တဲ့။

အဲဒီ့ စကားကြားပြီးကတည်းက၊ အ
မိဘ,ချင်း၊ကိုယ်ချင်းစာသလို၊ သားသမီးချင်းလ
ကိုယ်ချင်းစာပြီး။ အမေ့ သမီးအရင်းလေးကို၊
နေသလိုမျိုး၊ အမေ ,သမီးကို၊ မျှော်နေတာ သမီး

အမေ့က၊ မျက်ရည်တွေ ဝေ့ဝဲလျက်ပြောပြ၏။သဇင်နီ
မျက်ရည်တွေ၊ ပိုးပိုးပေါက်ပေါက်ကျသည်။ကျွန်တော် မသိ
ခဲ့သည့်၊ အရာ တစ်ခုကို၊ အမေ့ နှလုံးသည်းခြေထဲတွင်၊ ထင်း
စွာ၊ တွေ့မြင်လိုက်ရ၏။

နီးကပ်လွန်းစွာ၊ ကြည့်မိသည့်အခါ၊ တချို့အရာများ
သေသေချာချာ မမြင်ရ။ခပ်လှမ်းလှမ်းမှကြည့်လျှင်၊ပို၍ မြင်
ထင်ရှားတတ်ပေသည်။





"ငါ့ အစ်မ,ကို၊ မင်း . . ။သေသေချာချာ၊
စောင့်ရှောက်ပေးပါကွာ။ မင်းပြောခဲ့ဘူးသလို၊
ငါ့ အစ်မ,ကို၊ မင်း,ရအောင်ယူနိုင်ပြီပဲ။

ငါ,ကို၊ လက်စားချေချင်ယုံ တစ်ခုတည်း
အတွက်တော့၊ ငါ့အစ်မကို၊ မင်း,အနိုင်မကျင့်ပါနဲ့
ကွာ။မင်းနဲ့ငါ၊ စိန်ခေါ်ထားတာကိုလည်း၊ငါကပဲ၊
ပြန်ရုတ်သိမ်းပါတယ်။ငါ့ကိုလည်း၊ ခွင့်လွှတ်ပါကွာ။
ငါ့အစ်မ,ကိုလည်း၊ စောင့်ရှောက်ပါ"

"ဟော့ကောင်၊ မင်းညာဏ်။ငါ ,သဇင်နီ့ကို၊
တကယ်ချစ်တာကွ။မင်းကိုတော့၊ ငါ,ဘယ်တော့မှ၊
ခွင့်မလွှတ်ဘူး။အခုမှ၊ ဘွာ . . လာမခတ်နဲ့။ငါပြော
တာ၊ မင်း,ကြားလား။ ကြားလား။ဟော့ကောင်။ကြား
လား။ ဟော့ကောင် . . ဟော့ကောင် . . မင်းညာဏ်,
မင်းညာဏ်"

မင်းညာဏ်က၊ ကျွန်တော့်ကို၊ ဘာမျှပြန်မပြောတော့ဘဲ၊
ာခိုင်းထွက်ခွာသွားလေသည်။

"မင်းညာဏ်"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ ၊ လန့်နိုးပြီးသည်အထိ ၊ ကျွန်တော့်ပါးစပ်
မင်းညာက်၏နာမည်ကို၊ ရေရွတ်နေမိသေးသည်။

"ဘာဖြစ်လို့ ဒီကောင့်ကို၊ အိပ်မက်,မ
တာလဲ"

နှုတ်မှ၊ တစ်ကိုယ်တည်းပြောဆိုရင်း၊ နံဘေးကိုကြည့်လို
မိသောအခါ၊ ညက၊ အတူတူ အိပ်စက်နေခဲ့သည့်၊ သဇင်နီကိုမ
ရတော့ချေ။

ဟိုဟိုဒီဒီ မရှာသေးဘဲ၊ အမေတို့နှင့် ဈေးဆိုင်များသို
သွားသလားဟု၊ ပေါ့လျော့စွာ၊ တွေးလိုက်မိသေးသည်။ကျွန်တော့်
အသိမပေးဘဲ၊ အမေတို့လည်း၊ ခေါ်သွားကြလိမ့်မည်မဟုတ်
သဇင်နီကလည်း၊ ကျွန်တော့်ကို၊ မနိုးဘဲ၊ လိုက်သွားလိမ့်မည်၊ မထ

သဇင်နီ အိပ်စက်ရာ၊ ခေါင်းအုံး၏ လက်ဝဲဘက်ထေ
စွန်းတွင်၊ သွေးစက်နှစ်စက် ပေနေသည်ကိုတွေ့ရ၏။ရင်ထဲ
ထိပ်ကနဲ၊ ဖြစ်သွားသည်။ကုတင်ခြေရင်းရှိ၊ အမှိုက်ခြင်းငယ်ထဲ
လည်း၊ သွေးများဖယ်သုတ်ထားသည့်၊ အလှပါးစက္ကူတွေကိုလည်း
တွေ့၏။

"မသဇင်နီ"





စိုးရိမ်တကြီး၊ အော်ခေါ်မိသည်။အခန်းတွင်းမှ၊ အပြင်သို့၊
ေးထွက်ခဲ့၏။မည်သူ့ကိုမျှ၊ မတွေ့ရ။တစ်အိမ်လုံးတွင်၊ ကျွန်တော်၊
စ်ယောက်တည်း။

အဖေနှင့်အမေက၊ သစ်သီးဆိုင်ကိုပါ ပိတ်ထားခဲ့ကြပြီး၊
ဇင်နီ၏အိမ်သို့၊ လိုက်ခဲ့ကြသည်။သဇင်နီ၏ ဖခင်၊ ဦးသိန်းငွေက၊
သမီးအကြောင်းကိုတိုးတိုးပြောစေသည်။သူ့ဇနီးဒေါ်သောင်းလှိုင်၊
နေမကောင်းဖြစ်နေကြောင်း၊ ထို့ကြောင့်၊ ကျွန်တော်တို့အိမ်ကို၊
လိုက်ခဲ့ပြီးမှ၊ ပြောကြစေလိုကြောင်း၊ ရှင်းပြ၏။"ဩော် . . သူ့
နီး၊ တကယ်နေမကောင်း၊ ဖြစ်နေတာကိုး"ဟု၊ ကျွန်တော်၊စိတ်ထဲမှ၊
ပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို၊ ငါ့ပြောခဲ့သားပဲ။ ငါ့သမီး၊ကျန်းမာ

ရေးမကောင်းဘူး လို့"

"သူ။ ကျွန်တော့်ကို၊ မပြောပြဖူးဘူး"

"သမီးက၊ ဟန်ဆောင်ကောင်းတယ်ကွ။သူ

မှာ၊ သွေးဖြူဥ များလွန်းတဲ့ရောဂါရှိတယ်။ မင်

တွေ့တဲ့၊ သွေးတွေက၊သူ . . နှာခေါင်းသွေးလျှံတာ

ဖြစ်မယ်"

"သူက, ဘာကို၊ ဟန်ဆောင်ကောင်းတာလ

ဦးလေး"

အဖေနှင့်အမေ့ကို၊ ဦးသိန်းငွေ၊ ဝေ့ကာနဲ ကြည့်သည်။ပြီး

"ရှေ့မျက်နှာ၊ နောက်ထားပြီး၊ ပြောရမှာ

ဆိုတော့။ကျွန်တော်တို့၊ တစ်မိသားစုတည်း၊ ဖြစ်

သွားပြီလို့ပဲ၊ ယူဆ,ပါရစေဗျာ"

"ဒါပေါ့။ဒီလိုပဲယူဆ,ရမှာပေါ့။ပြောစရာရှိတာပြော

ရင်းရင်းနှီးနှီးသာပြော်ပါ"ဟု၊ အဖေက၊ အားပေးစကားပြောပြီး

ဦးသိန်းငွေ၊ စကားဆက်သည်။

"ကျွန်တော့်မှာ၊ သမီးတစ်ယောက်၊ သား





တစ်ယောက်ရှိတယ်ဗျ။သမီးက၊ စိတ်ထားမွန်မြတ်

ပြီး၊ သားက၊မမွန်မြတ်ဘူး။ယောက်ျားမပီသ,ဘူး"

ထိုသို့ စကားပျိုးပြီး၊ မင်းဉာဏ်၏ ပွေခဲ့ရှုပ်ခဲ့သော၊ကိစ္စ

များနှင့်တကွ၊မြမြမူနှင့်ပတ်သက်သည့်ကိစ္စကိုပါ၊ ဦးသိန်းငွေ၊ ပြောပြ

သည်။အဖေက၊ ကျွန်တော်,ပြောပြခဲ့စဉ်က၊ သိကြားထားသည့်တိုင်၊

သခုမှ၊ ကြားသိရသူကဲ့သို့ နားထောင်ပေးနေသည်။အမေက,တော့၊

စိတ်ဝင်တစား။

"မိဘ,ဆိုတော့။သားဆိုးဘယ်လောက်မှား

မှား၊ရတဲ့,နည်းပေါင်းစုံနဲ့၊ ကာကွယ်ပေးခဲ့မိတာပေါ့။

ဒါကို။ သမီးက၊ မကျေနပ်ဘူး။အမှား ကျူး

လွန်တဲ့သူကို၊မိဘ,မို့ ကာကွယ်ပေးတာ၊ အပြစ်

မတင်ပေမဲ့။ အကျူးလွန်ခံရသူရဲ့၊ နစ်နာမှုကို၊

လစ်လျူရှုထားတာ၊. သမီး,ကျေနပ်ပုံ မရဘူး"

စကားရပ်ပြီး၊ ဦးသိန်းငွေ၊ ကျွန်တော့်ကို၊ ကြည့်ကာ . . ,

"မင်းနဲ့၊ မင်းဉာဏ်နဲ့၊ဖြစ်တဲ့ပြဿနာကို၊

သမီးသိတယ်"

"ဩော်။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ,တအံ့တသြ စကားသည်၊အထိတ်တလ
ဦးသိန်းငွေ၊ စကားဆက်၏။

"နိုင်ငံခြား ရောက်ရောက်ချင်း၊ မင်းညာ
က၊ သူ့ အစ်မ,ဆီကိုဖုန်းလှမ်းဆက်တယ်။လေယာ
ကွင်းအဝင်မှာ၊ မင်း . . သူ့ကို၊ ပြောလိုက်တဲ့စကာ
သူ့ အစ်မ,ကို၊သူ . . လှမ်းပြောပြတာ။မင်း
သတိထားဖို့၊ ရှောင်ဖို့ပေါ့ကွာ"

"မင်းရန်နိုင်။ နင်က၊ ဘာပြောလိုက်လို့လဲ"ဟု၊ အမေ
ဝင်မေး၏။ အဖေက၊ လက်ဖြင့်ကာ၍၊ ဟန့်တားသည်။

ဦးသိန်းငွေက . . "ကျွန်တော် သေသေချာချာရှင်းပြ
မယ်။မင်းရန်နိုင်မှာ၊ဘာမှ၊ အပြစ်ပြောစရာ၊ မရှိပါဘူး"ဟု၊အေးအေး
စွာ၊ ပြောသည်။

"အပြစ်တင်ရမယ် ဆိုရင်လည်း၊ ကျွန်တော်
ကိုယ့်ကိုကိုယ်ပဲ၊ တင်ရတော့မှာပါ"

ကျွန်တော် မသိမမြင်ခဲ့သော၊ အကြောင်းအရာများစွာကို
ဦးသိန်းငွေ ပြောပြနေစဉ်၊ ချစ်သော သဇင်နီ၏၊စိတ်ထား,နှလုံးသာ
ကို၊ ပိုမို၍ နီးနီးကပ်ကပ် မြင်ခွင့်ရပေသည်။ထိုအခါ၊ အခုလို၊ စကား





ပြောနေမည့် အစား၊ သူ . . သွားမည်ထင်သည့်၊ နေရာများသို့သာ၊
လိုက်လွှားရှာဖွေချင်တော့သည်။

ဦးသိန်းငွေ အနေဖြင့်လည်း၊ ပြောဖို့ လိုလို့၊ ပြောပြနေတာ
မှာပါဟု၊ တွေးပြီး၊ ကိုယ့်စိတ်ဇောကို၊ ကိုယ့်ဘာသာ၊ မမောအောင်
ထိန်းရသည်။ချစ်ရသူ၏ အကြောင်းကို၊ ကြားနာ,နားထောင်နေရ
သည်မှာ၊ ရင်မောစရာမဟုတ်ပါဘဲလျက်၊ ရင်မောနေရခြင်းသည်၊
ကျွန်တော့်၏ ဆိုးရွားသော . . ကံ၊ အ,ကုသိုလ် နွေ့ဝင်ရုံကြွေး။

"နင်၊ ယောက်ျားမပီသ,လို့၊ ထွက်ပြေးသွား
ပြီးပြီပဲ။ ငါ့အတွက်၊ ဘာမှ မပူနဲ့။ငါ့ကို၊ ဘယ်သူ
ဘာလုပ်လုပ်။နင် . . သူများသားသမီးကို၊ ဖျက်စီး
သွားသလောက်တော့၊ ဆိုးမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သမီး။ မောင်နှမချင်း၊ ရန်သူလိုမပြော
ဘူးလေ"

ဖခင်၏ ဟန့်တားသံ။

"အဲဒီ၊ မင်းရန်နိုင်ဆီကို၊ ငါကိုယ်တိုင်သွား
မယ်။နင်ပေးရမယ့် အကြွေးကို၊ ငါကိုယ်တိုင်၊ သွား
ပေးမယ်။

နင်နဲ့ငါနဲ့။ အခုအချိန်က၊ စ,ပြီး။မောင်နှ
မဟုတ်တော့ဘူး။စိတ်ဓာတ်ညံ့ဖျင်းတဲ့သူကို၊ ငါ
မောင့်နှမ၊ မတော်ဘူး။ မှတ်ထား။မှတ်ထား"

"ဟဲ့ဟဲ့၊ သမီး။ ဟဲ့။ လုပ်ကြပါဦး။ နှာခေါ
ထဲက၊သွေးတွေထွက်လာပြန်ပြီ။လုပ်ပါဦး"

မိခင်၏ ရင်ထိတ်သံ။





"အဲဒီ။မင်းရန်နိုင်က၊ဘယ်လိုလူမျိုးလဲဆိုတာ။
ဖေဖေ နားလည်အောင် ၊ ပြောပြရမယ်ဆိုရင်။
မဟုတ်မခံစိတ်ရှိတဲ့၊ယောက်ျားကောင်းတစ်ယောက်
ပဲဖေဖေ။အဲဒီလို၊ ယောက်ျားကောင်း တစ်ယောက်
က၊ အနိုင်ကျင့်စော်ကားမယ်ဆိုရင်တောင် ,. . "

"ဖျန်း"

"ကိုသိန်းငွေ။သမီးက၊နေမကောင်းဘူးလေ။
ဘာဖြစ်လို့၊ လက်ပါရတာလဲ"

"နင်၊ မိန်းကလေး မဟုတ်ဘူးလား သဇင်နီ"

"မြမြမူလည်း၊ မိန်းကလေးပဲ ဖေဖေ။အခု၊
သူ . . ။တခြားတစ်ယောက်နဲ့၊အိမ်ထောင်ပြုလိုက်
ရတယ်။အဲဒါ၊ဖြစ်သင့်သလား။အဲဒါ၊တရားသလား"

"ဟယ်။လုပ်ပါဦး။နှာခေါင်းသွေးတွေ၊ ယိုပြန်
ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကိုယ်တိုင်က ၊ မင်းဟာယောက်
ကောင်းလို့ ပြောထားတဲ့အတွက်၊ ဦးလေး၊ အရမ်
မစိုးရိမ်တာတော့၊ အမှန်ပဲ။

ဒါပေမဲ့အဖေ့,တစ်ယောက်ကဘယ်လော
ပဲ၊ မစိုးရိမ်ဘူး၊ ပြောပြော၊ဘယ်လိုလုပ်၊ စိတ်
နိုင်မှာလဲ။

သား ယောကျ်ားလေးကိုတောင်၊ သူမှာ
သတ်မှာစိုးလို့၊ ရှိစုမဲ့စုလေး၊ ရှာကြံပြီး၊ နိုင်ငံခြား
ပို့လိုက်တာလေကွာ"

"မိဘ,ဆိုတော့၊ ဒီလိုပဲပေါ့"ဟု၊ အဖေ့,စကားဝင်ထော
ပေးသည်။"နားလည်ပေးတာ၊ ကျေးဇူးပါပဲဗျာ။ဒါပေမဲ့, ကျွန်တော်
အတွက်ကြီးခဲ့မိတာပါ" ဟု၊ ဦးသိန်းငွေ ပြော၏။ပြီးနောက်၊ ကျွန်တော်
ဘက်ကို၊ လှည့်ပြီး . . .,

"သမီးက၊သွေးကင်ဆာဖြစ်နေတာ။
ဆရာဝန်က၊ သွေးဖြူဥ များလွန်းတဲ့ရောဂါ
ဖော့ပြောပါတယ်"

"ကျွန်တော်၊ လုံးဝ,မသိဘူး ဦးလေးရှား





ဖြူဖတ်ဖြူရော်လေး ဖြစ်ဖြစ်သွားတာလောက်ပဲ၊
သတိထားမိတာ"

"သမီးက၊ဟန်ဆောင်ကောင်းတယ်လို့ဦးလေး
ပြောသားပဲ။ မင်း,ဘယ်သိပါ့မလဲ။ သမီးက၊ နေ
ကောင်းတဲ့ အခါမှ၊ မင်းဆီကိုလာတာလေ"

"ဪ"

အမေက . .

"အခု၊ သမီးက၊ အိမ်မှာ မရှိဘူးဆိုတော့၊
ဘယ်မှာရှိနိုင်သလဲ။ရှာကြရအောင်လေ"

ဦးသိန်းဖေက . .

"ဘယ်မှာ၊ ရှာရမှန်း မသိပါဘူးဗျာ။သွေးစ,
တွေ့တယ်ဆိုတော့၊အခြေအနေသိပ်မကောင်းဘူး။
မအေက,လည်း၊ အဲဒီ့၊ အဲဒီ့ စိတ်တွေနဲ့၊
ဗုန်းဗုန်းလဲနေတာ။ပြီးတော့၊ ဒီရက်ပိုင်းအတွင်း၊
သမီးက၊ ပိုပြီးစိတ်ထိခိုက်ထားတယ်လေ။

မောင်နှမချင်း၊မခေါ်မပြောဘဲနေခဲ့ရင်းအ၊
မိဝေးဖ,ဝေး၊ တစ်ရပ်တခြားမှာ၊ မောင်ဖြစ်တဲ့သူ၊



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးသွားရတယ်ဆိုတော့။သူ . . ။ယူကြုံးမရဖြ

သွားရှာတယ်"

စကားကို၊သေသေချာချာ၊နားထောင်နေရင်းမှ၊ကျွန်တော်

မျက်လုံးဝိုင်းသွားရသည်။အံ့သြတုန်လှုပ်သွားရသည်။

"ဦးလေး . . ။ဆုံးသွားတယ် ဆိုတာက

မင်းညက်ကို၊ ပြောတာလား။မင်းညက် ဆုံးသွား

တယ်လို့ပြောတာလား"

"ဟုတ်တယ်လေ။မင်းကိုသမီး၊ အသိမပေး

ဘူးထင်တယ်"

ကျွန်တော်၊ မှင်သက်စွာ၊ ခေါင်းခါပြရသည်။

"ငါလည်း၊ ငါ့ဇနီးကို၊ အသိမပေးဘူး

ပြီးခဲ့တဲ့အပတ်လောက်ကမှပဲ၊ခူးက၊ဘုန်းကြီးကျောင်း ဦးသိန်းငွေက . . ,

တစ်ကျောင်းမှာ၊ သမီးနဲ့အတူ၊ သပိတ်သွားသွ

လိုက်တာ။မအေက,တော့၊ အခုထိ၊ မသိသေး

ပေါ့ကွာ"

"ဘယ်လိုဖြစ်ပြီး၊ ဆုံးရတာလဲဟင်"

"အရက်မူးပြီး၊လှေခါးပေါ်က၊ပြုတ်ကျ





တဲ့။အကြောင်းကြားစာက၊ ငါ့လက်ထဲ ရောက်လို့

ပေါ့။မအေလက်ထဲသာ၊ ရောက်သွားရင်၊မအေပါ

သေမှာ။

နိုင်ငံခြားကို၊ ကူးလမ်းခပ်ရလောက်အောင်၊

မချမ်းသာတော့။ဟိုက၊ သူ့အဖော်တွေကိုပဲ၊သဂြိုဟ်

ခိုင်းလိုက်ရတယ်။

ရက်လည် ဆွမ်းကိုတောင် ။ သမီးနဲ့နှစ်

ယောက်တည်းပဲ၊ သွားသွပ်လိုက်ရတာကို၊တွေး

ကြည့်ရင်၊ ကြောက်စရာကောင်းတဲ့၊ ကံတရားကို၊

တွေ့လိမ့်မယ်"

"ဘာကို၊ ဆိုလိုတာလဲ၊ ဦးလေး"ဟု၊ကျွန်တော်မေးမိသည်။

"သူများသတ်မှာစိုးလို့၊ မင်းညက်ကို၊နိုင်ငံ

ခြားပို့ထားတာလေ။သေဖို့ကံက၊ နီးနေပြီးသား

ဆိုတော့၊ သူများသတ်စရာတောင်၊ မလိုဘူး။သူ့ ,

ဘာသာ၊ လှေခါးပေါ်က၊ ကျသေရတယ်။

တစ်နည်းအားဖြင့်၊ ဦးလေး ၊ဝဋ်လို့ခံတာ



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့။ဦးလေးရဲ့။ သားဆိုးကို၊ ကာကွယ်လို့

ကြောင့်၊ သူတစ်ပါးမိသားစု၊ ဘယ်လောက်ပူ

ခဲ့ရမယ်ဆိုတာ၊ သေသေချာချာမသိပေမယ့်။အ

လောလောလတ်လတ်မှာတော့ ဦးလေး၊ ကိုယ်တိုင်

မိသားတစ်စုလုံးရောလောင်မြိုက်နေရပြီလေ။

အဲဒါ . . ၊ ကိုယ်ကျူးလွန်တဲ့ကံအတိုင်း၊ကို

အပေါ်၊ ပြန်စီမံတတ်တဲ့၊ ကံ ဝဋ်ကြွေးတွေ

ငါ, ခံစားရတော့မယ့်၊ အလှည့်ပေါ့ကွာ"

"အဲဒီလိုချည်းပဲလည်း၊ မတွေးပါနဲ့ရှင်

ကျွန်မ,တို့၊ အတူတူရင်ဆိုင်ကြတာပေါ့"

အမေက၊ အားပေးစကား ဝင်ပြောသည်။

ကျွန်တော်က . . ,

"ကျွန်တော်။ မသဇင်နီကို၊ လိုက်ရှာတော့

မယ်။ကျွန်တော်၊ သူ့ကို။တကယ်တန်ဖိုးထားတာ

ဦးလေးရယ်။အဲဒါကို၊ သူ, သိမှဖြစ်မယ်"

"အေး။ရှာကြတာပေါ့ကွာ"

မင်းညာဏ်က၊ ကျွန်တော့်ကို၊ အိပ်မက်ထဲမှာ၊ လာ





တောင်းပန်ကြောင်းကို၊ ကျွန်တော်၊ ပြောမပြချင်တော့ချေ။ချစ်ဇနီး

သဇင်နီကို၊ ရှာဖွေတွေ့ရှိဖို့သာ၊ အလွန် အရေးကြီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအားလုံး ဖြန့်ကျက်ရှာဖွေကြသည်။မိုးစုန်းစုန်း
်သည်အထိ၊ ဘယ်မှာမှ၊ ရှာမတွေ့။ အိမ်မှာ၊ ခဏပြန်နားဖို့၊
ငယ်ချင်းတွေ၊ ပြောကြသည်။ကျွန်တော် မပြန်ချင်သေး။

"မင်း၊ အရမ်းပင်ပန်းနေလို့နားခိုင်းတာ။တစ်ရေးလောက်
်ပြီး၊ နိုးတာနဲ့ထပ်ရှာကြမယ်လေကွာ"ဟု၊သောမတ်(စ) ပြောရ၏။

"ငါ့,ဘယ်လိုလုပ်၊ အိပ်ပျော်မှာလဲ"

"အိပ်မပျော်လည်း၊ ခဏ ကျောခင်းကြရမှာ
ပေါ့။ သဇင်နီ့အဖေနဲ့ မင်းအဖေလည်း၊ ရှာနေ
ဘယ်ဆိုတော့၊သတင်းမထူးရင်တောင်၊ ဘာဆက်
လုပ်ကြမယ်ဆိုတာ၊ တိုင်ပင်ကြရမယ်လေ"

ကျွန်တော်၊ မငြင်းဆန်ဖြစ်တော့ပေ။သူငယ်ချင်းအားလုံး၊
န်တော့်အိမ်မှာ၊ လိုက်အိပ်ပေးကြမည်ဟု၊ ဆိုသည်။ ချစ်ဇနီး
င်နီ၏နံဘေးတွင်လည်း၊ ကျွန်တော့်ကဲ့သို့၊ သူငယ်ချင်းတွေ၊
ရှိနိုင်ပါလေစ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ည, တစ်နာရီခွဲလောက်တွင်၊ ပြန်ရောက်သည်။ ဦးသိန်းငွေနှင့်၊အဖေ့ထံမှ၊ ဘာသတင်းထူးမျှ မကြားရ။ဦးသိန်းငွေ သူ့အိမ်သို့၊ ခဏပြန်သွားကြောင်း၊ အဖေ ပြောသည်။ပြီးနောက် "သားတို့၊ ဘယ်တွေမှာ ရှာကြသလဲ"ဟု၊အဖေမေး၏။"လက်လှမ်း မီကဲ့ဆေးရုံတွေမှာ၊ ရှာတယ်အဖေ။မနက်ဖြန်တော့၊ ဆေးရုံကြီးမှာ သွားရှာချင်တယ်"ဟု၊ ကျွန်တော်ပြောသည်။

"အင်း . . ။ကောင်းတယ်။အဖေက,တော့ မနက်ဖြန်၊ရဲစခန်းတွေမှာ၊ အကူအညီတောင်းဖို့ ဦးသိန်းငွေကို၊ အကြံပေးထားတယ်"

စကားရပ်ကာ၊အဖေသက်ပြင်းချပြီး၊သူငယ်ချင်းတွေဘက် လှည့်ကာ . . ,

"သားတို့ . . ။ဘယ်သူ့, အပေါ်ပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက်၊ အပြုံးအတေး မထား ကြနဲ့တော့နော်။ခွင့်လွှတ်လိုက်ကြတော့။

အ,ကုသိုလ်ကံရဲ့၊ အရှိန်အဟုန်က . . , အကြောင်းပြုပြီးဆိုရင်၊ သိပ်,ကြောက်ဖို့ကောင်း တယ်။မိုးကြိုးအပစ်ခံရသလိုပဲ။ကျူးလွန်သူကိုထိ





တွင်မကဘူး။

စက်ကွင်းပြင်းအားကြောင့်၊ မကျူးလွန်တဲ့၊ ဘေးသူတွေကိုပါ၊ ထိခိုက်တတ်တယ်"

"ဟုတ်ကဲ့ ဦးလေး။ စိတ်ချပါ" . . . ဟု၊ နိုင်ဇေ,ပြော၏။ ကျော်ငွေးအောင်က၊ "ကျွန်တော်တို့အားလုံး၊ မင်းညာဏ်ကို၊ ခွင့်လွှတ် လိုက်ပါပြီ" ဟု၊ ဝင်ပြော၏။အဖေ, သာဓုခေါ်လေသည်။

ပြီးနောက်၊ ကျွန်တော့် ထံသို့၊ စာအိပ်ရှည်ရှည်တစ်အိပ်ကို၊ လှမ်းပေးရင်း . .

"မင်းမိန်းမ။ ရေးထားခဲ့တာထင်တယ်။ အိမ်သာ အမိုးကြားမှာ၊ ထိုးထားတာ၊ တွေ့လို့ အဖေ,ယူထားတာ"

ကျွန်တော် ကမန်းကတန်း၊ လှမ်းယူလိုက်၏။စာအိတ်ကို၊ ဖွင့်လိုက်စဉ်၊ ချစ်သောပုလဲပန်းများကို၊ စီတန်းပွင့်ကြွေစွာတွေ့လိုက် ရသည်။ မျက်ရည်မင်လုပ်၊ ဖော်ထုတ်ထားခြင်းဟု၊ သိလိုက်ရ၏။ သွေးနှင့်မျက်ရည်၊ ရောနှောနေချေသည်။အဖေ,အခန်းတွင်းသို့၊ ဝင်သွား၏။ အမေ့ ဘုရားရှိခိုးသံ၊ သဲ့သဲ့ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



.......... ။ ဉာဏ်လေး ဆုံးသွားတာကို မင်းရန်နိုင်သိရင်၊ တို့ အပေါ်ခွင့်လွှတ်လိုက်မှာစိုးလို့ သူ ဆုံးတာ၊ တို့ ပြောမပြခဲ့တာပါ။ မြမြမူရဲ့ နစ်နာမှု မင်းရန်နိုင်တို့ သူငယ်ချင်းတွေရဲ့ ဆုံးရှုံးမှု အားလုံးအတွက် တို့ပေးဆပ်လိုက်ပါပြီ။ မင်းရန်နိုင် ကျူးလွန်တာ မဟုတ်ပါဘူး။ တို့က၊ ကျူးလွန်ခွင့်၊ ပေးခဲ့တာပါ။ တို့၊ မင်းရန်နိုင် ဆီကနေ၊ ထွက်သွားရတော့မယ်။ ဒါဟာ၊ မခင်တွယ်လို့ ထွက်သွားတာမျိုး မဟုတ်ပါဘူး။ တို့ရဲ့ ကျန်းမာရေးဒုက္ခ မင်းရန်နိုင်ကို၊ မဖိစီးစေချင်လို့ပါ။

မောင်ဖြစ်သူရဲ့ အကြွေးကို၊ ဆပ်ပေးဖို့အတွက် ကျန်းမာရေးကောင်းဟန်ဆောင်ပြီး၊ မင်းရန်နိုင်ဆီ၊ တို့ အရောက်လာခဲ့တာပါ။

မင်းဉာဏ်ရဲ့၊ အစ်မ ကို ... မင်းရန်နိုင်က၊ နှ ပြေးပြီ။ လက်တုံ့ပြန်ပြီးပြီလို့၊ နှလုံးသွင်းပေးပါနော် တို့ မိသားစုအားလုံးအပေါ်၊ အကြွေးမရှိတော့ဘူးလို့ လည်းသဘောထားလိုက်ပါ။ မိသားစုကို၊ ထိခိုက်မှာ စိုးလို့၊ ဒီလိုမှာခဲ့တာမဟုတ်ဘူး။ မင်းရန်နိုင် ၊အ၊ ကသိုင်





များမှာ စိုးလို့ပါ။

သား အမိ၊ သား အဖ၊ ညီ အစ်ကို၊ မောင်နှမ ဆွေမျိုးသားချင်းတွေဟာ၊ သွေးသားတော်စပ်ကြတယ်၊ သွေးနီးကြတယ်ဆိုပေမဲ့ ၊ စိတ်နှလုံးချင်း ၊ မတူနိုင်ကြဘူး ဆိုတာ၊ မင်းရန်နိုင်သိစေချင်တယ်။

သင်္ချာနံပါတ်တွေထဲက၊ သုံးနဲ့လေးလိုမျိုးပေါ့။ အနီးဆုံး ဂဏန်းနှစ်လုံးပါ ။ ဒါပေမဲ့ ၊ကျော်ခိုင်းထားကြ တယ် ။ မျက်နှာမူရာအရပ်ချင်းလည်း ၊မတူကြဘူး။

ဒီမိသားစုထဲက၊ စိတ်ထားမျိုး၊ တို့မှာ မရှိဘူးလို့ ဆိုလိုချင်တာ မဟုတ်ဘူးနော်။ အဖေကို၊ မကျေနပ်တာနဲ့၊ သမီးကို အပြစ်ပေးချင်တာ၊ မောင်တွေ၊ အစ်ကိုတွေကို၊ အပြစ်ပေးချင်တာနဲ့၊ နှမ၊ တွေ အစ်မ၊ တွေကို၊ ထိခိုက်အောင်၊ ဆောင်ရွက်ချင်တာ၊ ခေတ်မမီတော့တဲ့၊ အနိုင် ယူခြင်းမျိုးပဲလို့၊ တို့ အသိပေးချင်တာပါ။

နောက်ဆုံးစကားမို့၊ မချွင်းမချန်၊ ပြောခဲ့ပါရစေ။ တို့၊ မင်းရန်နိုင်ကို၊ ချစ်မြတ်နိုးခဲ့မိပါတယ်။

ချစ်တဲ့သူက၊ သေစေလိုတယ် ဆိုရင်တောင်၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတဲ့ သူတွေက ၊ သေရဲကြပါတယ်။ တို့ထွက်ခွာ
သွားရတာဟာ။ ချစ်သူရဲ့ ရည်ရွယ်ဆန္ဒကို၊ လိုက်လျော
ပြီးတဲ့နောက်။ချစ်သူကို၊ဘာ့အဖိအစီးမှ၊မပေးချင်တော့
လို့ ၊ ကိုယ့်ဒဏ်ကိုယ်ခံလိုက်တဲ့၊သဘောပါ။

ဘာ.. နာကြည်းချက်၊ဘာ့. မကျေနပ်ချက်မှ
ရှိမသွားခဲ့ဘူးဆိုတာ၊ ယုံကြည်ပါ။

"ကျွန်တော်၊ မသဇင်နီကိုချစ်တယ်" .. လို့
မင်းရန်နိုင်ပြောခဲ့တုန်းက၊ တို့ တကယ် အပြောခံလိုက်
ရသလို ၊ ကြည်နူးခဲ့မိပါတယ် ။ အဲဒီခဏအတွင်းမှာဘဲ
တို့ မြန်မြန်ပေးဆပ်ဖို့၊ ဆုံးဖြတ်လိုက်တာပါ။

တို့နှစ်ယောက်ရဲ့၊တွေ့ဆုံခြင်းဟာ၊ရန်အငြိုးတွေ
သာ၊မရှိခဲ့ရင်၊ တကယ့်ချစ်သူ၊ ကြင်သူတွေ
ဖြစ်ခွင့်ရမှာပဲလို့၊တွေးကြည့်ပြီး ၊ ရင်နာခဲ့ရတာတွေ
အမှန်ပါ။

နောင်သံသရာမှာများ ၊ ပြန်လည်ဆုံတွေ့ခွင့်
မယ်ဆိုရင်၊ ဒီဘဝ့မှာ၊ ရင်ဆိုင်ခဲ့ရတဲ့၊ အဖြစ်ဆိုးမျိုးတွေ
အပ်တစ်ဖျားစာလောက်တောင်၊ ပါမလာဘဲ။ အနှော





အယုက်ကင်းကင်းနဲ့၊ ချစ်ခင်ကြင်နာခွင့်ရတဲ့၊ ချစ်သူ
စစ်စစ်တွေ။ဖြစ်ရပါစေလို့၊တို့ဆုတောင်းသွားပါရစေနော်။

မိဘ့အပေါ်မှာ၊မှားခဲ့ ၊မိုက်ခဲ့၊ ပြစ်မှားမိခဲ့တာတွေ
အတွက်လည်း ၊ ခွင့်လွှတ်ပေးပါလို့၊ တို့တောင်းပန်သွား
တဲ့အကြောင်း ၊ ဖေဖေနဲ့မေမေကို၊ ပြောပေးပါနော်။

တို့ ရောဂါ ၊ သည်းနေပြီ။ စာဖတ်ပြီး ၊ တို့ကို
လိုက်မရှာနဲ့နော်။တွေ့မှာမဟုတ်ဘူး။အားလုံးနဲ့ဝေးရာမှာ၊
နောက်ဆုံးထွက်သက်ကို၊ ရင်ဆိုင်ဖို့၊တို့စီစဉ်ဆုံးဖြတ်
ထားပြီးပြီ။(ဒီစာကို၊ပြည့်ပြည့်စုံစုံရေးခဲ့ချင်လို့၊ကော်ဖီခွက်
ထဲမှာ၊အိပ်ဆေး ထည့်ထားမိတာ၊ ခွင့်လွှတ်ပါ။)

ချစ်သော၊ချစ်ဇနီး(သဇင်နီ)

စာရွက်ခေါက်တွေနှင့်၊ စာအိတ်ကို၊ညင်သာစွာလွှတ်ချ
လိုက်မိပြီး၊ ဦးခေါင်းပေါ်မှ၊ ဆံပင်တွေကို၊လက်နှစ်ဘက်ဖြင့်၊တင်း
ကျပ်စွာ၊ ထိုးဆုတ်ထားရသည်။ သောမတ်(စ)နှင့်၊ နိုင်ဇေ့က၊
ကျွန်တော့်ပခုံးကို၊ လာဖက်ထားကြ၏။ကျော်ဒွေးအောင်က၊ စာရွက်
နှင့်၊ စာအိတ်တွေကို၊ ပြန်ကောက်စီရီသည်။

"ခဏ နားလိုက်ပါ သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဇ,၏ စကားသံကို၊ ကြားရပါလျက်၊ ချစ်သော,ချစ်ခဲ့ သဇင်နီ၏၊သနားစရာသဖွယ်၊ မျက်နှာလေးနှင့်၊ ကရုဏာသက်ဖွယ် စကားခွန်းငယ်များကိုသာ၊ ကျွန်တော်ကြားယောင်နေတော့သည်

"မုန်းတယ်လို့၊ ရေးသွားတာမှ၊ ခံစားရသေး
သာဦးမယ်ကွာ။ငါမချစ်ဘူးလို့၊ သူ ထင်သွား
ငါ, သူ့ကို၊ တကယ်ချစ်တာပါကွာ။ တကယ်ချ
တာပါ"

စိတ်ကြေမွသွားရသူတစ်ဦး၏၊ နှုတ်ထွက်စကားများသည် ကယောင်ခြောက်ခြား။

အရိုးအရည်တို့၊ ကြေမွသွားသည့်တိုင်၊ စိတ်,မကြေပျ ပါက၊ဘဝ,မကြေပျက်သေး၊စိတ်ကြေပျက်သည့်အခါ၊ဘဝ,၏ အ များစွာတို့၊ ကျေမွပျက်စီးရချေပြီ။

"ငါ, သွားရှာချင်သေးတယ်ကွာ။မအိပ်
တော့ဘူး"

"ခဏနားခိုင်းတာပါကွာ။စိတ်ကို၊ ခဏလေးနားခိုင်း ပါ။ခဏလေးနားပြီးတာနဲ့၊ ထပ်ရှာကြမယ်လေ။နော်,သူငယ်ချင်း"

ဟု၊ သောမတ်(စ)ပြောသည်။





"စိတ်ရော လူရော၊ ထိုင်နေလို့ မရတော့ဘူး။
ငါ,ရူးပြီကွာ။ငါ, ရူးပြီ"

ကျော်ဌေးအောင်က . . .

"ငါးမိနစ်လောက်ဖြစ်ဖြစ်၊ ဘာမှမတွေးဘဲ၊
ခဏလေး အိပ်လိုက်ပါကွာ။ငါတို့၊ သဇင်နီ့ကို၊ ရှာ
တွေ့မှာပါ။ စိတ်, အရမ်းမပူပါနဲ့"

ပြောပြီး၊ စာအိပ်ကို၊ ကျွန်တော့်ထံသို့၊ လှမ်းပေး၏။

စာအိပ်ကို၊ စိုက်ကြည့်ရင်း၊ ချစ်သူက၊ တရားမျှတ,စွာ၊ ပေးအပ်ခဲ့ သည့်၊ အပြစ်ဒဏ်, စီရင်ချက်များဟု၊ ခံစားထင်မြင်နေမိသည်။

သတင်းစာထဲတွင်၊ လူပျောက်ကြော်ငြာကို၊ အကြိမ်များ ၊ ထည့်သည်။မည်သည့်သတင်းမျှ၊ သဲ့သဲ့မကြားရ ။ မည်သည့် နေရာတွင်မျှ၊ ရှာမတွေ့။

လ,ခန့်အကြာတွင်၊ ဦးသိန်းဌေ ရောက်လာ၏။

"သမီးက၊ (-x) ဆေးရုံမှာတဲ့။သူနာပြုဆရာ
မ, တစ်ယောက်၊ ဖုန်းဆက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ။ သွားကြမယ်"

ကျွန်တော်, ဝမ်းသာအားရခြေလှမ်းပြင်စဉ်၊ ဦးသိန်းငွေ

"ခဏနေဦး၊ မင်းရန်နိုင်"

ခြေလှမ်းတုံ့သွားရသည်။ ဦးသိန်းငွေက၊ အဖေနှင့်အမေ

တစ်လှည့်စီ၊ ကြည့်သည်။ ပြီးနောက်၊ ကျွန်တော့်ဘက်

ငုံ့ကြည့်ကာ . .

"သမီးဆုံးသွားပြီ၊ မင်းရန်နိုင်"

"ဗျာ"

ရပ်ထားနိုင်သော ခြေထောက်၊ ယိုင်လဲလုလုတွင်၊ အ

ခုံတန်းလျားပေါ် သို့၊ကျွန်တော်,တစ်ကိုယ်လုံး၊ ပစ်ချပစ်လိုက်သ

"ဟာ . . ။ဟာ။ဟာကွာ"

ကျွန်တော့် ပါးစပ်မှ၊ ဘာစကားမှ၊ မအော်ဟစ်နိုင်တေ

"ပြီးခဲ့တဲ့၊ နာရီဝက်လောက်ကမှ၊ ဆုံးတာ

သူဘာသာ၊ တစ်ယောက်တည်း၊ဆေးရုံလာထ

နေတာတဲ့။

သူ,သေမှ၊ အိမ်ကိုအကြောင်းကြားပေ

နာ့(စ) တစ်ယောက်ကို၊အကူအညီတောင်းခဲ့





တဲ့။အဲဒီ နာ့(စ)က၊ ဖုန်းဆက်ပေးတာ"

"လူနာရှင်မပါဘဲ၊ ဆေးရုံတက်လို့၊ ရပါ့မ

လား"

"တွေ့တဲ့လူကို၊ ဦးလေး,ဘကြီးလုပ်ပြီး၊ အကူ

အညီ၊ တောင်းသွားတာနေမှာပေါ့ကွာ။ သမီး

အကြောင်းလည်း၊ မင်းသိတဲ့၊ အတိုင်းပဲ။

လုပ်သင့်၊ မလုပ်သင့်။လုပ်လို့ ရ,မရ။ သိပ်

မစဉ်းစားဘူး။လုပ်ချင်တာကို၊ ဖြစ်တဲ့နည်းနဲ့၊ လုပ်

သွားတာနေမှာပေါ့"

ပြောပြနေရင်းမှ ၊ အသံတိမ်ဝင်သွားသည် ။ ပြီးမှ ,

ျက်တောင်မျှားကို၊ ပုတ်ခတ်၏။ကျွန်တော်, မငိုမိသေး။

"သွားကြရအောင်။ငါ့မှာ၊ ကားပါတယ်"

ကျွန်တော်က၊ သိမ်းထားသော၊စာအိပ်ကို၊ ပေးရင်း . .

"သူ, စာရေးထားခဲ့တယ်။ သူ့အဖေနဲ့အမေ

ကို၊ တောင်းပန်သွားကြောင်းပြောပေးဖို့၊ စာထဲမှာ၊

ကျွန်တော့်ကို၊ မှာတယ်"

ဦးသိန်းငွေက၊ လက်ကာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်စရာမလိုပါဘူး။ မိဘ,ဆိုတာ သားသမီးအပေါ်၊ မတောင်းပန်ခင်ကတည်းက ခွင့်လွှတ်ပြီးသားပါ။

ပြီးတော့ . . ။ငါက, အတောင်းပန်ခံရမယ့် မိဘ,မဟုတ်ဘူး။ တောင်းပန်ရမယ့်၊ မိဘ,ဖြစ်နေ တယ်"

ဝိုမဲ့မဲ့ဖြင့်၊ ပြောရှာသည်။ကျွန်တော်၊ မငိုမိအောင်၊ ထိန်း ထားနိုင်သေး၏။ အတွင်းနှုတ်ခမ်းသားတို့ကို၊ သွားတွေဖြင့်၊ ဖိကိုက် ထားရသည်ကို၊ မည်သူမျှ၊ မမြင်။





"သမီးက၊လိမ္မာပါတယ်။သမီးမှာ၊ဘာအပြစ်မှ၊ မရှိဘူး။သေးသေးမွှားမွှားလေးရှိခဲ့မယ်ဆိုရင် တောင်၊ ဖေဖေရောမေမေရော၊ ခွင့်လွှတ်တယ်။ နော် . . သမီး။

ဖေဖေ့ကိုလည်း၊ သမီးက၊ ခွင့်လွှတ်ပါ။ ဖေဖေက၊ သားနဲ့သမီးကို၊ အရမ်းချစ်လွန်းတော့၊ ဘယ်သူ့ကြောင့်မှ၊ အထိအခိုက်မခံနိုင်ခဲ့ဘူးလေ။ အဲဒါကြောင့်၊ ဖေဖေ့၊ အကာအကွယ်ပေးနည်းတွေ၊ မှားခဲ့တယ်သမီးရယ်။ဖေဖေ့ကို၊ နားလည်ခွင့်လွှတ် ပါ။

မောင်လေးကိုလည်း ၊ ခွင့်လွှတ်လိုက်ပါ သမီးရယ်။မောင်လေးလည်း၊ သေသွားပြီပဲ။နော်"

ဦးသိန်းငွေကိုကြည့်ရင်း၊ အမေငိုလေသည်။ကျွန်တော်က၊ ...နီး၏၊ အတူလျှောက်လှမ်းခဲ့ရာ၊ ခြေဖဝါးဖြူနုလေးကို သား ...င်ထားမိသည်။မှေးစက်ငြိမ်သက်နေသည့်၊ မျက်တောင်ကော့



www.burmeseclassic.com

www.burmeseclassic.com



လေးများကိုငေးကြည့်ကာ၊ ဟိုယခင်မျက်ဝန်းလေးကို၊ မြင်ယော တမ်းတ,နေမိသည်။မကြားသိတော့သူကို၊ ကြားသိစေလိုသေ စကားဝေဒနာတို့သည်၊ ဖြေဆည်စရာ၊ နေရာမရ။

မကြားလိုတော့၍၊ နားကို, တမင်ပိတ်သိမ်းသွားလေ လား။မမြင်လိုတော့၍၊ မျက်စိ သတိ,ထိုအကြည့်ကို၊ ပကာ ပိတ်သိမ်း၊ တမင်,စိမ်းသွားလေသလား။မပြောလိုတော့ မောသည့်ရင်ငြိမ်း၊ နှုတ်ကိုထိမ်းကာ၊ စိမ်းပြတ်မဲ့ပြုံး, မှန်းသွားေ သလား။ မကြားနိုင်တော့ခြင်းထက်၊ မကြားလိုတော့ခြင်းကြေ အားလုံးကိုရုတ်သိမ်း၊ စိမ်းသွားမှာကို၊ ကျွန်တော် စိုးသည်။

BURMESE CLASSIC .com

သူ . . ,ကြားတတ်၍ ကြားနိုင်မည်ဆိုလျှင်၊ ခြေအစုံ ပါးကပ်ကာ၊ ကျွန်တော်၊ တောင်းပန်ချင်ပါသည်။တောင်းပန်စ များလွန်းသူအတွက်၊ တောင်းပန်ဖို့လည်း၊ ခက်ရ၏။ ရင်ထဲ နင်လာသည်။နင့်လာသည်။ထို့ကြောင့်၊ အံသွားချင်း၊ ဖိကြိတ် ရ၏။

"သွား"

အဖေကာ၊ ပခုံးမှပွေ့,လျက်၊ ကျွန်တော့်ကို၊ ဆေးရုံ ဝရံတာ ခေါ်သွားသည်။ဝရံတာ တလျှောက်တွင်၊ ဆောင်းဦးလေပြည်





တို့၊ ဖြတ်သန်းတိုက်ခတ်နေသော်လည်း၊ နွေရင်ခွင်တွင်၊ မငြိမ်းချမ်း။

"မင်း၊ ငိုချင်နေတယ် မဟုတ်လားသား"

ကျွန်တော်, ငုံ့ထားသောခေါင်းကို၊ ညိတ်ပြလိုက်သည်။

"မငိုပါနဲ့သားရယ် ။ ကိုယ်လုပ်ခဲ့တဲ့ကံကို၊ ကိုယ့်ဘာသာမြင်ရင်၊ကိုယ့်အပြစ်ကိုယ်ခံရတယ်လို့၊ နှလုံးသွင်းပြီး၊ ယောက်ျားပီပီသသ၊ မငိုဘဲနဲ့၊ နေပြစမ်းပါ။

မကောင်းတဲ့စိတ်မွေးခဲ့ရင်၊ ဒါမှမဟုတ်၊ မကောင်းမှုပြုခဲ့ရင်။အဲဒီသူရဲ့၊ မကောင်းမှု အရှိန်အဟုန်တွေဟာ၊ သူ့,အသွေးအသားထဲမှာ၊ စိမ့်ဝင်သွားတယ်။ မကောင်းမှု စိမ့်ဝင်နေသူရဲ့၊ ခန္ဓာအနှံ့မှာလည်း၊ မကောင်းတဲ့၊ ဓာတ်တွေပြည့်နေတယ်။ မကောင်းတဲ့ဓာတ်၊ ကိန်းအောင်းနေတဲ့နေရာကို၊ မကောင်းတဲ့၊ အဖြစ်အပျက်တွေပဲ၊ ရောက်လာတော့တာပေါ့။

ဒေါသ,စိတ်ကြောင့်ပဲဖြစ်ဖြစ်။ လောဘ,စိတ်ကြောင့်ပဲဖြစ်ဖြစ် ။ အဲဒီစိတ်တွေနဲ့၊ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အပေါ် မှာ၊ မကောင်းမှု၊ တစ်ခုခုပြုခဲ့မိရင် ချက်ချင်း။ ဒါမှမဟုတ်, တစ်ချိန်ချိန်မှာ၊ အဲဒီ မကောင်းမှု အရှိန်အဟုန်တွေဟာ။ကိုယ့်ဆီကို မလွဲမသွေ၊ ပြန်လာတတ်တယ် . . သား။အဲဒါကို ကံတရားလို့၊ ခေါ်တယ်။

ကိုယ်လုပ်ခဲ့တဲ့၊ ကံ, ကမ္မ အတိုင်း၊ ကိုယ် ပြန်ရင်ဆိုင်ရတာပါ။ချစ်သူနဲ့၊ ကွေကွင်းရလောက် တဲ့၊ ကံမျိုး။ ချစ်သူရဲ့၊ အထင်လွဲမှားတာကိုခံရတဲ့ အပြင်၊ ဖြေရှင်းခွင့်မရတဲ့၊ ကံမျိုးတွေကို။ ငါ့သား ဘယ်အချိန်, ဘယ်ကာလ,တွေတုန်းက၊ဘယ်နှစ် ကြိမ်လောက်များ၊ ကျူးလွန်ဖူးခဲ့သလဲ။

ဒီဘဝ, ဒီတစ်ကြိမ်မှာ၊ ဒီ , ချစ်တဲ့သူနဲ့ ဒီလို၊ အဖြစ်ဆိုးမျိုးကြုံရဖလအောင်၊မင်းရော သူရော၊ ဘယ်ဘဝ,တုန်းက၊ ဘယ်လိုကံတွေ။ ပြု မိခဲ့ကြသလဲ။မမြင်နိုင်ပေမဲ့၊ တွေးကြံပြီး၊ သိတတ် အောင်နှလုံးသွင်းပါ . . သား။ သူတစ်ပါးပြုတဲ့ ကံကြောင့် ၊ ကိုယ်ခံရတာပါဆိုတာမျိုး ။ ဘယ်





လောက,မှာမှ၊ မရှိဘူး။

ကိုယ်ပြုခဲ့တာကို၊ မြင်နိုင်စွမ်း၊ မရှိကြလို့သာ၊ ငါ,မလုပ်ဘဲ၊ ငါ,ခံနေရတယ်လို့။ထင်မှတ်မှားနေ ကြတာပါ။ အဲဒီတော့၊ ငါ့သားအနေနဲ့၊ ကိုယ့်အပြစ် ကိုယ်မြင်ရင်၊ မငိုစေချင်ဘူးကွာ"

"ကျွန်တော်၊မငိုတော့ပါဘူးအဖေ။ဘယ်တုန်း က,ဆိုတဲ့၊မမြင်ရတဲ့ကာလ,တွေကို၊ ထည့်မစဉ်းစား ချင်ရင်တောင်။ ဒီ . . ,ပစ္စုပ္ပန်ဘဝ,မှာ၊ သဇင်နဲ့ အပေါ်၊ထားခဲ့တဲ့။ကျွန်တော့်ရဲ့,ပထမစိတ်မှာတွင်၊ မကောင်းတဲ့ခေတ်တွေ၊ ကိန်းခဲ့တယ်ဆိုတာကို၊ ကျွန်တော်,ငြင်းလို့မရပါဘူး။

အဲဒီစိတ်ရဲ့၊ မကောင်းတဲ့၊ အရှိန်အဟုန်ကို၊ ကြုံတွေ့ရတယ်လို့ပဲ၊ ကျွန်တော်,ခံယူပါကော့မယ်"

"သိပ်မပူလောင်စေနဲ့သား။လောင်မြိုက်နေ တာကို၊ ခံစားအော်ဟစ်နေရုံနဲ့၊ မအေးချမ်းဘူး။ စိတ်ကိုထိန်းရင်၊အပူဒဏ်သက်သာပါတယ်"

"ဟုတ်ကဲ့။ စိတ်ချပါအဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ။ စိတ်ပြေလက်ပျောက်၊ အလောင်းနား ကို၊ သွားပြီး။ ပြောချင်တဲ့၊ စကားရှိရင်၊ သွားပြော လိုက်ပေါ့။အဲဒီ ရုပ်ကြွင်းမှာ၊ သဇင်နီ မရှိတော့ ဘူးနော်။ အဲဒါကိုတော့၊ သိထားရလိမ့်မယ်"

ကျွန်တော်၊ ခေါင်းညိတ်လိုက်သည်။သဇင်နီ၏၊ ရုပ်ခန္ဓာရှိရာ၊ ကုတင်အနီးသို့၊ ကျွန်တော်ပြန်လာခဲ့သည်။သူ့ မျက်နှာနှင့်၊ အနီးဆုံးတွင်၊ ကျွန်တော်ထိုင်၏။

တောင်းပန်ရမည်ဆိုလျှင်လည်း၊ တောင်းပန်စရာတွေ၊ အများကြီး။ရင်ဖွင့်ပြရမည်ဆိုလျှင်လည်း၊ ရင်ဖွင့်စရာတွေ၊ အများ ကြီး။အသည်းနှလုံး၏၊ နံရံတိုင်းမှ၊ ပဲ့တင်ထပ်မှု ၊ ခွန်းဟ,လိုသည့် စကားသံတို့ကိုလည်းကောင်း၊ ရင်ခွင်တစ်ပြင်လုံးရှိ၊ ဆန္ဒ,အာသီသ, တို့မှ၊ လှုံဆော်ပေါ်ပေါက်လာရသော၊ စကားသံတို့ကိုလည်းကောင်း၊ စိတ်တွင်စုစည်းကာ၊ တစ်ခွန်းတည်းသော၊ စကားကိုသာ၊ ပြင်းပြ စွာ၊ကျွန်တော်,ပြောနိုင်ပါတော့သည်။

"မသဇင်နီကို၊ ကျွန်တော်, တကယ်ချစ်ခဲ့ တာပါဗျာ"

သူ . . ,ကြားကြားမကြားကြား၊ သူ့,အပါးမှာ၊ ကျွန်တော်





လိုက်သည်။သူ . . ,သိသိမသိသိ၊ သူ့,ရောက်ရာနေရာ၊ ထံအပါး၌၊ စကားတစ်ခွန်းမျှ၊ ခိုနားထွန်းပ,စေချင်သည်။ သူ . . ,ခွင့်လွှတ် သည်ဖြစ်စေ၊ ခွင့်မလွှတ်သည်ဖြစ်စေ၊ ချစ်သောစကားငယ်တစ်ခွန်း သူ့,ရှိရာ၊ အနီးတဝိုက်၌၊ လိပ်ပြာတစ်ကောင်ကဲ့သို့၊ဝေ့ဝဲပျံသန်း သည်ဆိုလျှင်၊ ကျွန်တော်, သေပျော်ပါပြီ။

"ကျွန်တော်,တကယ်ချစ်ခဲ့တယ်ဆိုတာ၊ ရောက်ရာနေရာက,နေ၊ ယုံကြည်ပေးပါဗျာ"

ပါးချင်းကပ်၍၊ ကျွန်တော်ပြောသည်။မြတ်နိုးရသော၊ ချောင်းဖြူနုနုလေးကို၊ဖွဖွဆုတ်ကိုင်ကာ၊ကျွန်တော်ပြောသည်။

"ကိုမင်းရန်နိုင်လား"

သူနာပြုဆရာမ, တစ်ယောက်က၊ ကျွန်တော့်ကို၊ မေးသည်။ န်တော်, ခေါင်းညိတ်ပြလိုက်၏။

"မသဇင်နီ၊ ပေးခိုင်းထားလို့ပါ"

ဓာတ်ပုံ တစ်ပုံ၊ လှမ်းပေး၏။ကျွန်တော်,ယူအပြီးတွင်၊ နာပြုဆရာမ,က . .

"သူ့ ခင်ပွန်းနဲ့၊သူနဲ့။ ဓာတ်ပုံတွဲမရိုက်ခဲ့မိ ဘူးတဲ့။သူ, ဆုံးသွားရင်၊ သူ့,ခင်ပွန်း၊ သိမ်းထားဖို့



www.burmeseclassic.com

www.burmeseclassic.com



ပေး, ပေးပါတဲ့"

ချစ်ဇနီးက၊ ဓာတ်ပုံထဲမှနေ၍၊ ကျွန်တော့်ကို၊ ပြုံးပြ သည်။ပြုံးသူကိုတွေ့မှ၊ ကျွန်တော်၊ ငိုချလိုက်မိ၏။မငိုဖို့၊ မှာကြား ထားသည့်၊ အဖေ့စကားကို၊ ကျွန်တော့်လိုက်နာချင်သော်လည်း နှလုံးသားက၊ မလိုက်နာဖြစ်။

အော်ဟစ်ငိုကြွေးခြင်းကို၊ ကျွန်တော်မပြု။ တိုးတိတ် ကြိတ်မှိတ်ကာ၊ ကျွန်တော်ငိုရသည်။ ချစ်သူကြား၍၊ နားခါးမှာစိုး





ချစ်ဇနီး သဇင်နီ ဆုံးပါးပြီး၊ တစ်လ,ခန့် အကြာတွင်၊ သူ့မိခင်၊ ဒေါ်သောင်းလှိုင်၊ နှလုံးရောဂါဖြင့်၊ ဆုံးပါး၏။

ဒေါ်သောင်းလှိုင်သည်၊ သေဆုံးချိန်အထိ၊ သူ့သားနှင့်၊ သူ့သမီးကို၊တွေ့မြင်လိုစိတ်ပြင်းပြစွာဖြင့်၊ မျှော်တ,သွားရှာကြောင်း၊ ဦးသိန်းငွေ ပြောပြသည်။

ဦးသိန်းငွေသည်၊ စီးပွားရေးလုပ်ငန်းများကို၊ ရပ်တန့်လိုက် ပြီး၊ကျွန်တော်တို့,မိသားစုနှင့်၊ခင်ခင်မင်မင်၊နေထိုင်ကာ၊ပရဟိတ, လုပ်ငန်းများကိုသာ၊လုပ်ကိုင်နေတော့သည်။

နိုင်ဇ,နှင့်မြမြမူတို့မောင်နှံကိုလည်း၊ အမွေခံသားသမီးများ အဖြစ်၊ မွေးစားလိုက်လေသည်။

ကျွန်တော့်, အိပ်ခန်းနံရံတွင်၊ ပြုံးနေသော၊ ဓာတ်ပုံကြီး တစ်ပုံရှိသည်။ချစ်ဇနီး အသက်ရှင်စဉ်က၊ မှာကြားပေးအပ်ခဲ့သည့် ဖြစ်သောကြောင့်၊ အသက်ငွေ့,တို့၊ ဝေ့ဝေ့ဝိုက်ဝိုက်ရှိနေလေသည် ၍၊ ကျွန်တော်, ခံစားမြတ်နိုးထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်တမလွန်ကို ၊ မမျှော်ကိုးဝံ့တော့သဖြင့်၊ယခု
တွင်ပင်၊ သူနှင့်ကျွန်တော်၊ ဤနေရာဤအရပ်၌၊အတူတကွ၊
သကဲ့သို့ ၊ တွေးမှတ်ရှင်သန်နေဖြစ်သည် ။ နောက်ဘဝ,ဆို
မသေချာ . . . ။ ။

လေးစားခင်မင်လျက်,

**မောင်လှမျိုး (ချင်းချောင်**

2008 .Nov .28

8 : 30 ( p .m )

mhm.ccc@gmail.co



BURMESE CLASSIC .com

www.burmeseclassic.com